

# မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးရှေးရှု မြေယာမူဝါဒနှင့် မြေယာဥပဒေဖော်ဆောင်ရေး ထောက်ခံအကြံပြုချက်များ

## ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသတွင်းအလေ့အကျင့်များ

October, 2015

# ကျေးဇူးတင်လွှာ

ပြည်သူ့အရေးနှင့်နိုင်ငံရေးရာ အခွင့်အရေးများအတွက် တိုက်ပွဲဝင်အုပ်စု (CPRCG) အဖွဲ့၊ ဥပဒေလူမှုဝန်ထမ်း ဦးတင်မြင့်ဝင်း နှင့် ဤအစီရင်ခံစာအတွက် အချက်အလက်နှင့် အတွေ့အကြုံများကို မျှဝေပံ့ပိုးပေးကြပါသော ဥပဒေရေးရာလူမှုဝန်ထမ်းများအပေါ် ကူညီဆောင်ရွက်သူအားလုံးအား နမာတိအဖွဲ့ကြီးနှင့် လင်ဒက်ဆာ အဖွဲ့ကြီးတို့မှ အထူးကျေးဇူးတင်ရှိပါသည်။ ထို့အတူ ဤအစီရင်ခံစာ ဖြစ်မြောက်ရေးနှင့် ကွင်းလုပ်ငန်းများ တွင်ပါဝင် ကူညီဆောင်ရွက်ပေးပါသော ရဲရင့် နှင့် ခင်ထက်ဝေ တို့အားလည်းကောင်း၊ မြန်မာဘာသာ ပြန်ဆိုပေးပါသော ဦးစောလှိုင်အားလည်းကောင်း၊ စာတမ်းပြုစုသူများမှ ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာ ထွက်ပေါ်လာနိုင်ရန်အတွက် ထောက်ပံ့မှုပေးခဲ့ပါသော (Omidyar Network) ကိုလည်း၊ ကျွန်ုပ်တို့ အားလုံးမှ လှိုက်လှဲစွာကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# မာတိကာ


တင်ပြချက် အကျဉ်းချုပ်နှင့် အဓိကထောက်ခံအကြံပြုချက်များ ........ ၂

၁။ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး၊ မြေယာမဲ့မှုနှင့် မျှတသည့်မြေယာခွဲဝေချထားရေး ........ ၆

(က) လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး ........ ၇

(ခ) မြေမဲ့ယာမဲ့အတွက်ဖြေရှင်းရန် ........ ၁၃

(ဂ) အာဆီယံ၏ အောင်မြင်မှု အခြေခံ ........ ၁၉

၂။ ဓလေ့ထုံးဆိုင်ရာ မြေယာအခွင့်အရေးများ ........ ၂၄

၃။ အမျိုးသမီးများ၏ မြေယာရပိုင်ခွင့် အခွင့်အရေး ........ ၂၇

၄။ မြေယာသိမ်းဆည်းမှုနှင့် အငြင်းပွားမှု ဖြေရှင်းခြင်း ........ ၃၅

(က) သင့်တင့်သည့် လျော်ကြေးပေးစေခြင်း ........ ၃၅

(ခ) အသုံးမပြုသည့်မြေ ပြန်ပေးခြင်း ........ ၃၈

(ဂ) မမျှတသည့် လျော်ကြေးအပေါ် ပြန်လည်အစားထိုးပေးအပ်ခြင်း ........ ၄၀

(ဃ) အငြင်းပွားမှုဖြေရှင်းခြင်း အကျဉ်းချုပ် ........ ၄၁

၅။ သတင်းအချက်အလက်စီမံခန့်ခွဲခြင်း ........ ၄၂

၆။ မြေအတန်းအစားခွဲခြားသတ်မှတ်ခြင်း ........ ၄၄

၇။ မြေယာဆိုင်ရာ အခြားအရေးကြီး အချက်အလက်များ ........ ၄၈

(က) ပဋိပက္ခကာလ နှင့် ပဋိပက္ခလွန်ကာလ မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်မှု ........ ၄၈

(ခ) ဖက်ဒရယ်မူဝါဒ ........ ၅၀.

(ဂ) လုပ်ပိုင်ခွင့်အာဏာ ခွဲဝေသုံးစွဲခြင်း ........ ၅၁

မှီငြမ်းကိုးကားသည့် စာစုစာရင်း ........ ၅၄

## တင်ပြချက် အကျဉ်းချုပ်နှင့် အဓိကထောက်ခံအကြံပြုချက်များ

မြန်မာနိုင်ငံသည် ပဓါနကျသည့် အကူးအပြောင်းကာလနှင့် ကြုံနေရပြီဖြစ်ပါသည်။ ဆယ်စုနှစ်ကာလများအတွင်း ပထမအကြိမ်အနေဖြင့် ထူးခြားသည့်ပြောင်းလဲမှုအတွက် ကဏ္ဍတစ်ခု ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေးအခြေပြုနိုင်ငံတစ်နိုင်ငံအဖို့ ကျေးလက်လူမှုအဖွဲ့အစည်းများနှင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ခိုင်မာလုံခြုံသည့် မြေယာလုပ်ပိုင်ခွင့်များရှိစေရန်မှာ အရေးပါလျှက်ရှိပေသည်။ တိုင်းပြည်၏ ၇၀% မျှဖြစ်သော ကျေးလက်နေပြည်သူ သန်းပေါင်းများစွာမှာ၊ အသက်ရှင်နေထိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကအမှီပြု အားထားနေကြရပေသည်။ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နှင့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများဥပဒေ ကဲ့သို့သော၊ ဥပဒေမူဘောင် ဖေါ်ဆောင်ရေးတွင် ပြုပြင်ပြောင်းလဲမှုများရှိခဲ့သော်လည်း၊ သန်းပေါင်းများစွာသော မြန်မာ့တောင်သူလယ်သမားများ၏ မြေယာ လုပ်ကိုင်ပိုင်ဆိုင်မှုအခြေအနေမှာ ရှုပ်ထွေး၍၊ ပွင့်လင်းမှုမရှိသော မြေယာဥပဒေအချို့ကြောင့် မလုံမခြုံ ရှိနေဆဲပင်ဖြစ်လေသည်။ မြေနှင့်ပတ်သက်သည့် အတိတ်ကာလက နစ်နာခဲ့ရမှုများ၊ တဖြည်းဖြည်းကြီး ထွားလာနေသည့်မြေယာမဲ့မှုများကိုလည်း ဖြေရှင်းရန် ကျန်ရှိနေဆဲပင်ဖြစ်သည်။

နမာတိ နှင့် လင်ဒက်ဆာ အဖွဲ့ကြီးတို့၏ ဘုံရည်မှန်းချက်မှာ၊ ဆင်းရဲမှုလျှော့ချရေးရှေးရှု အကာကွယ်ပြုသည့် ဥပဒေမူဘောင်ဖေါ်ဆောင်ရေးအတွက် အထောက်အပံ့ပြုရန်ပင်ဖြစ်သည်။ ထိုဥပဒေမူဘောင်ကား၊တောင်သူလယ်သမားများကို ဥပဒေအသုံးပြုလိုက်နာစေရန်၊ ထိုသူတို့၏ မြေယာအပေါ် ဆုံးဖြတ်လုပ်ကိုင်ခြင်းများအပေါ် ပွင့်လင်းစွာအသိပေးမှုရှိစေရန်၊ ထိုသူတို့အတွက် လုံခြုံခိုင်မာသည့် မြေယာလုပ်ပိုင်ခွင့်များတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရန်နှင့် ကျေးလက်နေ အမျိုးသမီး၊ အမျိုးသားများအပါအဝင်၊ ဆင်းရဲသူဆင်းရဲသားများ၏ ဆင်းရဲမှုပပျောက်ရေးကို အခြေခံထားဆောင်ရွက်ရေးပင်ဖြစ်လေသည်။

နမာတိ အဖွဲ့ကြီးကား၊ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်၍ ဥပဒေစိုးမိုးရေး၊ တနည်းအားဖြင့် ပြည်သူ့လက်သို့ အာဏာအပ်နှင်းရေးအတွက် မဆုတ်မနစ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၃ခုနှစ်၊ အစီအစဉ်မှအစပြု၍၊ ဒေသဆိုင်ရာမိတ်ဘက်အဖွဲ့အစည်းဖြစ်သည့် "ပြည်သူပြည်သားများနှင့် နိုင်ငံရေးအခွင့်အရေးအတွက် လှုံ့ဆော်တိုက်ပွဲဝင်ရေး" အဖွဲ့တို့အနေဖြင့်၊ မြန်မာ့ဥပဒေသက်ရောက်မှုအောက်တွင်၊ တောင်သူလယ်သမားများအတွက် လုံခြုံခိုင်မာသည့် မြေယာလုပ်ပိုင်ခွင့်ရရှိရေးကူညီဆောင်ရွက်ရန်၊ ပြည်နယ်/တိုင်း(၇)ခုတွင်၊ လူမှုအသိုက်အဝန်း အခြေပြုဖွဲ့စည်းထားသည့် ဥပဒေရေးရာလူမှုဝန်ထမ်း (၃၀)ကို ဖြန့်ကျက်ချထားပြီးဖြစ်ပါသည်။ အဆိုပါဥပဒေလူမှုဝန်ထမ်းများက၊ လူမှုအဖွဲ့အစည်းများသို့ ဥပဒေပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း ၊တောင်သူလယ်သမားများအားလျှောက်လွှာပုံစံဖြည့်သွင်းခြင်း၊ အယူခံလွှာတင်သွင်းခြင်း၊ ရုံးပြင်ကန္တာရများသို့ ဝင်ထွက်သွားလာရာတွင် ကူညီဆောင် ရွက်ခြင်း၊ နှင့် နောက်ဆက်တွဲကိစ္စရပ်များကို လိုအပ်သလိုကူညီဆောင်ရွက်ပေးဖြင်းတို့ဖြင့် ကူညီဆောင်ရွက်လျှက်ရှိလေသည်။ အဆိုပါ ဥပဒေလူမှုဝန်ထမ်းများ၏ အကူအညီဖြင့်၊ မြန်မာတောင်သူလယ်သမား ရာပေါင်းများစွာမှာ၊ လယ်ယာမြေအသုံးပြုခွင့်လက်မှတ်များ ရရှိကြခြင်း၊ မြေလပ်များကို လယ်ယာမြေအဖြစ်ပြောင်းလဲနိုင်ကြ၍ လုပ်ပိုင်ခွင့် ခိုင်မာလာခြင်း၊ အတိတ်ကာလက အာဏာရှိသူတို့၏ အကျိုးစီးပွားအတွက်၊ သိမ်းဆည်းခံခဲ့ရသည့်အခြေအနေမှ လုံခြုံစွာပြန်လည်ရရှိမှုတို့ကိုပင် ဖြစ်စေခဲ့သည်။ လွန်ခဲ့သည့် (၂) နှစ်ကျော်ခန့်မှစ၍၊ အဆိုပါဥပဒေလူမှုဝန်ထမ်းများသည် တောင်သူမိသားစုများ၊ တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် တွဲဘက်၍ မြေယာပြဿနာပေါင်း (၂၅၀၀) ကျော်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

နမာတိနှင့် မိတ်ဘက်အဖွဲ့ (CPRCG) တို့၏ ဥပဒေလူမှုဝန်ထမ်းများသည်၊ အမှုတွဲတစ်ခုချင်းစီအတွက် မြေယာနှင့်ဆက်စပ်ပတ်သက်သမျှဥပဒေများ၊ အုပ်ချုပ်ရေးစနစ်များနှင့် တောင်သူလယ်သမားတို့၏ အတွေ့အကြုံများအကြား အပြန်အလှန်အကျိုးသက်ရောက်မှုအပေါ် နားလည်မှုရရန် တည်ဆောက်လျက် ခရေစေ့တွင်းကျ ခြေရာကောက်ဆောင်ရွက်လေ့ရှိသည်။ ဗဟိုလွင်ပြင်ဒေသမှ တိုင်းရင်းသားလူမျိုးစုတို့နေ ထိုင်ရာပြည်နယ်များအထိ၊ မြန်မာပြည်တစ်လွှား ဖြန့်ကျက်ချထားသည့် ဥပဒေလူမှုဝန်ထမ်းများ၏ အကူ အညီဖြင့် ပထဝီဝင်အနေအထားမျိုးစုံ အကျယ်အပြန့်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်လေရာ၊ ဒေသအလိုက်ချမှတ် ဆောင်ရွက်သည့် အစိုးရ၏ ဆုံးဖြတ်လုပ်ကိုင်ပုံများ၊ အကောင်အထည်ဖေါ်ဆောင်ရွက်မှုများကို အဓိပ္ပါယ်ပြည့်ဝစွာ နှိုင်းယှဉ်ဆောင်ရွက်နိုင်လေသည်။

လင်ဒက်ဆာအဖွဲ့အစည်းကြီးသည်ကား၊ အမေရိကန်အခြေစိုက် အမြတ်အစွန်းမရယူသည့် အဖွဲ့အစည်းဖြစ်ပြီး၊မြေယာမဲ့မိသားစုများအပါအဝင်၊ ကျေးလက်ဒေသနေ အမျိုးသမီး/အမျိုးသားများအပါအဝင်၊ ဆင်းရဲသူ/ဆင်းရဲသားများအတွက်၊ လုံခြုံခိုင်မာသည့် မြေယာအခွင့်အရေးများရရှိစေရန် လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၆၇ခုနှစ်မှစ၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ အာရှနိုင်ငံပေါင်း တစ်ဒါဇင်ခန့်တွင် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် မူဝါဒများအပေါ် ရှုမြင်သုံးသပ်ခြင်းများအပါအဝင် နိုင်ငံပေါင်း (၅၀)ကျော်တွင် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ အာရှနိုင်ငံများ၏အတွေ့အကြုံများတွင်၊ အဓိကကျသည့် မြေယာလုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲဖေါ်ဆောင်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် ဂျပန်၊ တိုင်ဝမ်၊ တောင်ကိုရီးယား၊ တရုတ် နှင့် ဗီယက်နမ်နိုင်ငံတို့၏ အတွေ့အကြုံများလဲ ပါဝင်သည်။ ဤမျှကျယ်ပြန့်သော ဒေသဆိုင်ရာအတွေ့အကြုံများအပြင်၊ လင်ဒက်ဆာအဖွဲ့ကြီးအနေဖြင့်၊ မြန်မာ့ကျေးလက်ဒေသအမျိုးမျိုးတွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်လေသည်။

အောက်ဖေါ်ပြပါ ဆွေးနွေးချက်များနှင့် အကြံပြုထောက်ခံချက်များမှာ၊ လင်ဒက်ဆာအဖွဲ့ကြီးနှင့် နမာတိအဖွဲ့ကြီးတို့၏ မြန်မာနိုင်ငံအပေါ် ချီးမွမ်းသည့်ရှုဒေါင့်အမြင်များ၊ အတွေ့အကြုံများပင်ဖြစ်သည်။ နိုင်ငံတကာ တွင်မြေယာပြုပြင် ပြောင်းလဲဖေါ်ဆောင်မှု နမူနာများနှင့် နှိုင်းယှဉ်ဖေါ်ပြချက်များ၊ အလေ့အကျင့်ကောင်းများ၊ မြန်မာတောင်သူများ၏အတွေ့အကြုံများမှ အခြေခံအချက်အလက်များ၊ အဖွဲ့အစည်းနှစ်ခုလုံး၏ နိုင်ငံအဝှမ်းကွင်းဆင်း ဆောင်ရွက်ချက်များတို့လည်းပါဝင်သည်။ မြန်မာအစိုးရအနေဖြင့် မြေယာမူဝါဒပြောင်းလဲဖေါ်ဆောင်ရန် အကျယ်အပြန့်စတင် ဆောင်ရွက်နေပြီဖြစ်ရာ၊ ကျွန်ုပ်တို့အနေဖြင့် အရေးကြီးလိုအပ်ချက်များကို မီးမောင်းထိုးပြထားသလို၊ ဖြေရှင်းဆောင်ရွက်နိုင်မှု အလားအလာကိုလည်း ဖေါ်ပြထားလေသည်။ နမာတိ နှင့် လင်ဒက်ဆာ အဖွဲ့ကြီးတို့သည် အောက်ဖေါ်ပြပါအတိုင်း အဓိကသော့ချက်ဖြစ်သည့် အကြံပြုထောက်ခံချက်များကို အစီရင်ခံစာပါ ခေါင်းစဉ်များအတိုင်း စိစစ်တင်ပြထားပါသည်-

- စက်မှုအခြေပြုစိုက်ပျိုးရေးထက်၊ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကို ဦးစားပေးသည့် အနေဖြင့်၊ မြေမဲ့ယာမဲ့မိသားစုများကို မြေယာခွဲဝေချထားပေးကာ လယ်ယာစိုက်ပျိုးရေးထွက်ကုန် တိုးမြင့်စေမည့်၊ ဆင်းရဲမှုလျှော့ပါးရေးရှေးရှုသည့် မြေယာမူဝါဒကို ဖေါ်ဆောင်ရန် နှင့် တောင်သူလယ်သမားများ အားစိုက်ပျိုးရေးတိုးချဲ့အစီအစဉ်များ၊ ချေးငွေအစီအစဉ်များဖြင့်အထောက်အပံ့ပြုရန်။

- သစ်တောမြေများအတွင်း လက်ရှိမြေအသုံးချနေမှုများအပေါ် ရပိုင်ခွင့်အခွင့်အရေးများကို ရှင်းလင်းစွာ ဖေါ်ပြသတ်မှတ်ပေးခြင်းအပါအဝင်၊ လူမှုအဖွဲ့အစည်းများ၏ ဓလေ့ထုံးအစဉ်အလာ၊ မြေယာအခွင့်အရေးများကို တရားဝင်ဖြစ်စေ၍ အသိအမှတ်ပြုရေးဆောင်ရွက်ရန် နှင့် လူမျိုးစုနယ်မြေ ဝန်းကျင်၊

ပြင်ပနယ်နိမိတ်သတ်မှတ်ဖော်ဆောင်ရာတွင်၊ လူမှုအဖွဲ့အစည်း၏ ဦးဆောင်ပိုင်ခွင့်နှင့် အတည်ပြု သတ်မှတ်ပိုင်ခွင့်ကို စိစစ်သတ်မှတ်ပေးရန်။ ရင်းနှီးမြှုပ်နှံမှုပြုသည့် စီမံကိန်းကြီးများ ဆောင်ရွက် နေစဉ်ကာလအတွင်း၊ လွတ်လပ်သော၊ တင်ကြိုဆောင်ရွက်သော၊ သဘောတူကြောင်းပြန်ကြားချက် တို့အပေါ်၊စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုရန်နှင့် လိုအပ်ချက်တစ်ရပ်အဖြစ်သတ်မှတ်ရန်။ ဓလေ့ထုံး ဆိုင်ရာ မြေယာအခွင့်အရေးများအပါအဝင်၊ လက်ရှိဖြစ်ပွားနေသည့် မြေယာအငြင်းပွားမှု များ အနက်၊ ကြီးမားခက်ခဲသည့်မြေယာအငြင်းပွားမှုများကို ဦးစားပေးဖြေရှင်းရန်။

- ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းများနှင့်အလွယ်တကူဆက်သွယ်နိုင်ခွင့် နှင့် အဆိုပါအဖွဲ့များ ရှေ့မှောက်တက်ရောက်ပိုင်ခွင့်အပါအဝင်၊ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်စေခြင်း ဖြင့် မြေပိုင်ခွင့်ရှိသူများကဲ့သို့ အမျိုးသမီးများ၏တန်းတူနေရာရရှိရေး အားကောင်းလာစေရန်။ မြေ အသုံးချမှုလက်မှတ်တွင် ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခွင့်ကဲ့သို့သော၊ အမျိုးသမီးများ၏ မြေယာအခွင့် အရေးအတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးမှု တိုးတက်ဖြစ်ထွန်းစေရန်။ ဥပဒေ အကူအညီ ပေးရေးနှင့် ဥပဒေကြောင်းအရကူညီရန် ရည်စူးမှု နှင့် ဝန်ဆောင်မှု -၂ ရပ်လုံးအတွက် ကိုယ်စားလှယ် အဖြစ် ကနဦးမှတ်ပုံတင်လုပ်ငန်းတို့တွင် အမျိုးသမီးများ စဉ်ဆက်မပြတ်ပါဝင်စေရေး။

- မဖြစ်မနေမြေကိုသိမ်းယူ၍ လျော်ကြေးပေးသည့်အခါ၊ လုပ်ကွက်ဦးပိုင်ကျယ်ပါက ငွေဖြင့်ပေးလျော် စေပြီး၊ လုပ်ကွက်ဦးပိုင်သေးငယ်ပါက မြေအစားပေးခြင်းနည်းလမ်းကိုသာ အသုံးပြုစေသည့် ချဉ်းကပ် ဆောင်ရွက်ပုံ ပြောင်းလဲကျင့်သုံးစေရန်၊ ဥပဒေများကိုပြင်ဆင်ရေး။ သိမ်းဆည်းထားသည့် မြေယာများ ကို အသုံးမပြုဖြစ်ပါက ပြန်လည်ပေးအပ်ရေး ဦးစားပေးဆောင်ရွက်ရန် နှင့် အတိတ်ကာလနစ်နာမှုများ အပေါ် ခွဲဝေပိုင်ဆိုင်ခွင့် (ကာလရှည်ခံစားခွင့် အခွင့်အရေး)၊ ငွေဖြင့်ပေးချေခြင်း၊ အစု ရှယ်ယာ ဝေစု စသည်တို့အပါအဝင် လျော်ကြေးကို နည်းလမ်းစုံဖြင့်ပေးချေခြင်း ချဉ်းကပ်မှုမျိုးဖြင့် ဖြေရှင်း ရမည်။

- မြေယာဆိုင်ရာအထောက်အထား စာရွက်စာတမ်းများအလွယ်တကူရရှိနိုင်ခွင့်နှင့် ကျေးလက်ဒေသ လူမှုအဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီအတွက်၊ မူဝါဒဆိုင်ရာ သတင်းအချက်အလက်များ ရယူပိုင်ခွင့် ကို မြှင့်တင်စေရန်နှင့် မြေပုံရေးဆွဲရေးအစီအစဉ်များသည် ကုန်ကျစရိတ်သက်သာရမည်၊ ပွင့်လင်း မြင်သာမှုရှိရမည်၊ အလွယ်တကူ ရယူနိုင်ခွင့်ရှိရမည်ဖြစ်သည်။ လူမှုအဖွဲ့အစည်းများပါဝင်မှုရှိရမည်။ မြေယာမဲ့မိသားစုများနှင့် အစိုးရကချထားပိုင်ခွင့်ရှိသည့်မြေတို့ကို စာရင်းကောက်ယူရမည်။

- လက်ရှိမြေအတန်းအစားများ၏ ရှုပ်ထွေးမှုများကို လျှော့ချရန်၊ လူမှုအဖွဲ့အစည်းများပါဝင်စေသည့် မြေအတန်း အစား ခွဲခြားခြင်းစနစ်တစ်ခုဖော်ဆောင်ရမည်။ မြေအတန်းအစားအသစ်၏ ဆီလျော်မှုနှင့် တိကျမှုကို ဖြစ်စေရန် လူမှုအဖွဲ့အစည်းများအား လုံလောက်သည့်ပညာပေးမှုနှင့် အစိုးရ အရာထမ်း များဘက်ကလည်း စည်းမျဉ်း စည်းကမ်းများကို နားလည်တတ်ကျွမ်း၍ မြေအတန်းအစား ပြန်လည် ခွဲခြားမှုအပေါ် အာဏာသက်ရောက်စေရန် ယုံကြည်ကိုးစားထိုက်သူများဖြစ်ရမည်။

- မြေယာပဋိပက္ခကင်းရှင်းသည့် (သို့မဟုတ်) ပဋိပက္ခဖြေရှင်းပြီးသည့် နေရာတိုင်းတွင် မြေယာပြုပြင် ပြောင်းလဲဖော်ဆောင်မှုများကို ဖြစ်နိုင်သမျှဆောင်ရွက်ရမည်။ သို့မှသာ၊ ပဋိပက္ခဖြစ်ဆဲဒေသ

များအတွက်လည်း၊ အနာဂတ်တွင် အောင်မြင်ခဲ့သော အနီးပတ်ဝန်းကျင်ဒေသများတွင် ဆောင်ရွက်မှုပုံစံအတိုင်း အခြေပြုဖေါ်ဆောင်နိုင်မည်ဖြစ်သည်။ ပဋိပက္ခဖြေရှင်းပြီးသည့်ဒေသရှိ လူမှုအဖွဲ့အစည်းများအတွက်၊ မြေယာအခွင့်အရေးများနှင့် ပတ်သက်၍ ပြည်သူတို့အသိရှိစေရန်နှင့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ကျွမ်းကျင်သည့် ဖြန့်ဖြေရေးသမားများက ဖြန့်ဖြေရေးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ထောက်ပံ့ပေးရမည်။ ထို့အပြင် မြေမဲ့ယာမဲ့များအတွက် ဖြေရှင်းဆောင်ရွက်သည့် မြေယာခွဲဝေချထားရေးအစီအစဉ်များတွင် နေရာရွှေ့ပြောင်းရသူများ၊ ပြန်လည်အခြေချနေထိုင်သူများကို ဦးစားပေးပါဝင်စေရမည်။

- မြေကို အုပ်ချုပ်ရေးအာဏာနှင့် ရပိုင်ခွင့်တို့ကို ဗဟိုမှ လက်အောက်အဖွဲ့များသို့ ခွဲဝေသုံးစွဲရန်အတွက် စမ်းသပ်ရာနေရာအဖြစ်အသုံးပြုကြမြဲဖြစ်ရာ အခြားအာဆီယံနိုင်ငံများတွင် မြေယာအုပ်ချုပ်မှုကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ပိုင်ခွင့် အာဏာခွဲဝေသုံးစွဲပုံ နမူနာများအပေါ် ဆင်ခြင်သုံးသပ်ရန်၊

- ဒေသဆိုင်ရာ မြေယာစီမံအုပ်ချုပ်ပုံ၊ ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ မြေနှင့်ဆိုင်ရာ မြေပုံနှင့် အထောက်အထားများ အလွယ်တကူရယူပိုင်ခွင့်၊ ထိရောက်အကျိုးရှိသည့် အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်၊ မြေယာပိုင်ဆိုင်မှုနှင့် မြေအတန်းအစားခွဲခြားခြင်းတို့နှင့် ပတ်သက်၍ ဒေသဆိုင်ရာ ဗဟုသုတ အပေါ်ကောင်းစွာအခြေခံမှု နှင့် ပြည်သူသို့အသိပေးမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ တိုးတက်ခိုင်မာစေရမည်။

## ၁။ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး၊ မြေမဲ့ယာမဲ့ဖြစ်မှုနှင့် မျှတသော မြေယာခွဲဝေချထားမှု

**<u>အကြံပြုထောက်ခံချက်။</u>** စက်မှုအခြေပြုစိုက်ပျိုးရေးထက်၊ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကို ဦးစားပေးသည့် အနေဖြင့်၊ မြေမဲ့ယာမဲ့မိသားစုများကို မြေယာခွဲဝေချထားပေးကာ လယ်ယာစိုက်ပျိုးရေးထွက်ကုန် တိုးမြင့်စေမည့်၊ ဆင်းရဲမှုလျှော့ပါးရေးရေးရှုသည့် မြေယာမူဝါဒကို ဖော်ဆောင်ရန် နှင့် တောင်သူလယ် သမားများအား စိုက်ပျိုးရေးတိုးချဲ့အစီအစဉ်များ၊ ချေးငွေအစီအစဉ်များဖြင့်အထောက်အပံ့ပြုရန်။

မြေယာမဲ့ပြဿနာများ၊ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး နှင့် မြေယာခွဲဝေချထားမှုတို့သည် ခွဲခြားမရနိုင်သော အချိတ်အဆက်များဖြစ်ကြသည်။ လုပ်ကွက်ငယ်စိုက်ပျိုးရေးကို အောင်မြင်စွာအားပေး မြှင့်တင်နိုင်ရန်မှာ၊ နိုင်ငံတစ်နိုင်ငံတွင် မြေလယ်ဝယ်ရှိသည့် တောင်သူလယ်သမားထု ရှိရန်လိုအပ်ပြီး မြေအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် မြေယာလုပ်ပိုင်ခွင့် လုံခြုံခိုင်မာမှုရှိကြောင်း ယုံကြည်မှု ရှိစေရမည် ဖြစ်သည်။

ထို့နည်းတူစွာပင် စိုက်ပျိုးရေးအခြေပြု လူမှုအဖွဲ့အစည်းတွင် မြေယာမဲ့စိုက်ပျိုးရေး အလုပ်သမားများ လဲရှိနေသည်ဖြစ်ရာ ဆင်းရဲမှုလျှော့ချရန် ရည်ရွယ်သည့် မြေယာခွဲဝေချထားပေးရေးသည် မြေမဲ့ယာမဲ့များလျှော့ချရေးအတွက် လိုအပ်လျက်ရှိပေသည်။

မြန်မာနိုင်ငံအနေဖြင့် မူဝါဒနှင့် တရားဝင်မူဘောင်များ ချမှတ်ရေးတို့အတွက် အသင့် ဖြစ်နေသည့် စကားရပ်သုံးခုမှာ - မြန်မာနိုင်ငံသားများ၏ကြွယ်ဝမှုတစ်ရပ်အဖြစ် သင့်တင့်မျှတပြီး ကြီးထွားရှင်သန်နေသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအုတ်မြစ်အား အတူတကွလှမ်းချီ တည်ဆောက် ရန်အတွက် "မြေမဲ့ယာမဲ့များ လျှော့ချခြင်း" ကိုဖြစ်စေရန်၊ "မျှတသော မြေယာခွဲဝေချထားမှုနှင့် အထောက်အပံ့ ဝန်ဆောင်မှုများ" မှတဆင့် "လုပ်ကွက်ငယ်တောင်သူ စိုက်ပျိုးရေး" ကိုရှေးရှု ဖော်ဆောင်ခြင်းပင် ဖြစ်ပေသည်။

**အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)ပါ လုပ်ကွက်ငယ် တောင်သူ များအား ကာကွယ်ရန်နှင့် မြှင့်တင်ပေးရန်၊**


ဆဋ္ဌမအကြိမ်မူကြမ်း၏ အပိုင်း (၁)၊ အခန်း-၂ အခြေခံမူများ အပိုဒ် (၇) တွင် လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန် ရှင်းလင်းစွာချမှတ်ရေး ဆွဲထားသည်မှာ-
ဒေသဆိုင်ရာလူ့အဖွဲ့အစည်းအနေနှင့် လက်ခံထားသော လူထု၏ တရားဝင်မြေယာပိုင်ဆိုင်မှု အခွင့်အရေး၊ အထူးသဖြင့် မြေယာလက်မဲ့ ဖြစ်ရန်အခွင့်အရေးများသော လုပ်ကွက်ငယ်တောင်သူများ၏ အခွင့်အရေးကို သိရှိ အကာအကွယ်ပေးရန်- ဟုဖြစ်ပါသည်။
ဤအချက်သည် လုပ်ကွက်ငယ်တောင်သူများသည် ကျေးလက်ဒေသ ဆင်းရဲမှုပပျောက်ရေး တရားဝင်မူဘောင်များနှင့် စိုက်ပျိုးရေးမူဝါဒအား အထောက်အကူပြုနေကြောင်း မီးမောင်းထိုးပြသည့်အပြင် မြန်မာနိုင်ငံအား အာရှ၏ အောင်မြင်ခဲ့သည့် သာဓက (၅) နိုင်ငံဖြစ်သည့် ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ တရုတ်(ပြည်မ)နှင့် ဗီယက်နမ်တို့ကဲ့သို့ အခြေခံကောင်းများ တည်ဆောက်ပြီး အောင်မြင်သော သမိုင်းကြောင်းသစ် ရေးဆွဲပူးပေါင်းရာတွင် ပါဝင်ရန် အထူးဖော်ပြလျက်ရှိသည်။ ထိုနိုင်ငံများ၏ စိုက်ပျိုးရေး ထုတ်လုပ်မှုနှင့် စီးပွါးရေးဖွံ့ဖြိုးမှုအလုံးစုံသည် လုပ်ကွက်ငယ် တောင်သူများအားမြှင့်တင်ပေးခြင်းနှင့် ယင်းတို့၏ လုံခြုံစိတ်ချရသော မြေယာပိုင်ဆိုင်မှု အခွင့်အရေးတို့အပေါ် အခြေခံလျက်ရှိသည်။ အပိုင်း (၂) အခန်း-၃ ၏ မြေယာသတင်းအချက် အလက်စီမံခန့်ခွဲမှုတွင်လည်း လုပ်ကွက်ငယ်တောင်သူများ အပိုဒ်- ၁၆(က) ဟူ၍ အလေးထား ဖော်ပြထားသည်ကိုလည်း တွေ့ရသဖြင့် ဤအခန်း ကဏ္ဍ၏ လိုအပ်ချက်အပေါ် လေ့လာဆောင်ရွက်ရန်နှင့် တိုးတက်မှုများကို မှတ်တမ်း တင်ထားရှိရန် ပိုမိုသေချာလျက်ရှိသည်။

**(က) လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကိုအခြေပြုချဉ်းကပ်ခြင်းသည် အမျှတဆုံး၊ လက်တွေ့အကျဆုံးနှင့် ထုတ်လုပ်မှုတိုးမြှင့်နိုင်ဆုံးဖြစ်သည်။**

အာရှတစ်ခွင် ဆယ်စုနှစ်များစွာ သာဓကများအရ မြေမဲ့ယာမဲ့ဖြစ်ခဲ့ပြီး မြေကွက်ငယ်လေးများကို လုပ်ကိုင်သူများအပါအဝင်၊ လုပ်ကွက်ငယ်များအား ဦးစားပေး၍ မြေယာလုပ်ပိုင်ခွင့် လုံခြုံနိုင်မှုကို ကာကွယ် ပေးသည့် မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးသည် လုပ်ကွက်ကျယ် စီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သည်ထက် စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် စီးပွားရေးတိုးတက်မှုကို ရရှိရေးတို့တွင် ပိုမိုအကျိုးသက်ရောက်ကြောင်း ပြသခဲ့ကြသည်။ လုပ်ကွက်ငယ်များကို အခြေခံချဉ်းကပ်ခြင်းသည် အဆင်းရဲဆုံးသူများ၏ လူမှုဘဝကိုကာကွယ်ရန် အကောင်းဆုံးဖြစ်သလို အားလုံးမြေယာပိုင်ဆိုင်ရေး ကိုရှေးရှုသည့် မှန်ကန်သည့်လမ်းကြောင်းဖြစ်ပြီး စိုက်ပျိုးရေးထုတ်ကုန် ပိုမိုတိုးတက်ရေးသို့ တသမတ်တည်း ဦးတည်နိုင်မည်ဖြစ်သည်။ အာရှတစ်လွှား စီးပွားရေးအရ အောင်မြင်မှု အရှိဆုံးနှင့် အတည်ငြိမ်ဆုံး နိုင်ငံများဖြစ်သည့် ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် တရုတ် (ပြည်မ)နိုင်ငံတို့ အားလုံးသည် မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရာတွင် လုပ်ကွက်ကျယ် စိုက်ပျိုးရေးလုပ်ငန်းကြီးများ (သို့မဟုတ်) စက်မှုအခြေပြု စိုက်ပျိုးရေးလုပ်ငန်းများထက် လုပ်ကွက်ငယ်များကိုသိသိသာသာ ချဉ်းကပ်ခဲ့ ကြသည်။ ထိုနိုင်ငံအားလုံးတွင် လုပ်ငန်းဦးပိုင်ကြီးများ (ပုဂ္ဂလိကဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ)ထက်၊ လုပ်ကွက်ငယ် တောင်သူများက ထိထိရောက်ရောက် ဆောင်ရွက်နိုင်၍ စိုက်ပျိုးရေးထုတ်လုပ်မှုတွင် ကြီးမားသော ရလာဒ်များ ရရှိခဲ့ကြောင်း သိသာထင်ရှား ခဲ့သည်။

လူဦးရေ၏ ၇၀ ရာနှုန်းခန့်သည် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မှီခိုနေရသည့် ကျေးလက်နေပြည်သူများရှိရာ မြန်မာနိုင်ငံအနေဖြင့် အာရှ၏ ဒုတိယကမ္ဘာစစ်လွန်ကာလ အောင်မြင်ခဲ့သည့် လုပ်ကွက်ငယ် တောင်သူစိုက်ပျိုးရေးကို အစပြုအခြေခံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းအား အောင်မြင်စွာ ထူထောင်နိုင်ခဲ့သော အာရှ (၅) နိုင်ငံ ၏ သမိုင်းကြောင်းကိုဆက်ခံရန် အလားအလာ အခြေအနေကောင်းများရှိနေပေသည်။

နမာတိ အဖွဲ့ကြီး၏ လူမှုအဖွဲ့အစည်းများမှတဆင့် ဥပဒေရေးရာလူမှုဝန်ထမ်းအစီအစဉ်ဖြင့် မြန်မာနိုင်ငံ အတွင်း ဆောင်ရွက်ခဲ့သည့် ကွင်းလုပ်ငန်းများအရ တောင်သူလယ်သမားအများစုသည် လယ်ယာမြေ မှတ်ပုံတင်ခြင်းဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်တည်ငြိမ်ခိုင်မာမှုကို ငံ့လင့်နေကြရာ၊ အများစုမှာ လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဖြစ်ကြသည်။ နမာတိအဖွဲ့ကြီး၏ ၂၀၁၅ ခုနှစ်၊ နွေရာသီအတွင်း တွေ့ရှိချက်များ အရ၊ တိုင်းနှင့်ပြည်နယ် (၇) ခုမှ လယ်ယာမြေမှတ်ပုံတင်လိုသည့် အမှုသည်ပေါင်း (၁၅၀၀)ဦး၊ နီးပါးခန့်တွင် အများစုဖြစ်သောမိသားစု (၁၀၅၀) စု၊ (သို့မဟုတ်) (၇၀ ရာခိုင်နှုန်း) သည်၊ စိုက်ပျိုးမြေ (၅)ဧက အောက်လုပ်ကိုင်လျက်ရှိပြီး (ပုံ - ၁တွင်ကြည့်ပါ။) (၂၀) ရာခိုင်နှုန်းမှာ၊ စိုက်ပျိုးမြေ (၅) ဧကမှ (၁၀) ဧက အတွင်း လုပ်ကိုင်နေကြသူများ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ နမာတိအဖွဲ့ကြီး၏ ဥပဒေလူမှုဝန်ထမ်းများထောက်ပံ့ကူညီမှုဖြင့် မြန်မာနိုင်ငံအတွင်း လယ်ယာမြေ မှတ်ပုံတင်ခဲ့သော တောင်သူများ၏ ပျမ်းမျှ လယ်ယာ မြေ အကျယ်အဝန်းမှာ (၅.၅၃) ဧကဖြစ်ပါသည်။ ထို့ကြောင့် လုပ်ကွက်ငယ်တောင်သူများအား အခြေခံခြ င်း သည် အာရှ၏အောင်မြင်မှုအရှိဆုံး နိုင်ငံ (၅) နိုင်ငံ၏ စီးပွားရေးအောင်မြင်မှု သမိုင်းကြောင်းကို သာမက မြန်မာနိုင်ငံ၏ မြေယာလုပ်ကိုင်ခွင့် မလုံခြုံမှုကို ခံစားနေရသော မိသားစုများ၏ လိုအပ်ချက်များကိုပါ ထင်ဟပ်လျက်ရှိ ပါသည်။




**ပုံ - (၁) မြန်မာနိုင်ငံ၏ လယ်ယာမြေမှတ်ပုံတင်ဆောင်ရွက်ခဲ့သည့်အမှုတွဲအလိုက်ဧကများ (နမာတိ ၂၀၁၅)**

ဆယ်စုနှစ်တစ်ခုစာ လင်ဒက်ဆာအဖွဲ့ကြီး၏ အိန္ဒိယနိုင်ငံအတွင်း ကွင်းဆင်းသုတေသနပြုချက်များအရ မြေမဲ့ယာမဲ့တို့အား မြေကွက်ငယ်များခွဲဝေချထားပေးမှုအပါအဝင်၊ လုပ်ကွက်ငယ်တောင်သူများအား မြေယာလုပ်ကိုင်ပိုင်ဆိုင်မှု၊ လုံခြုံခိုင်မာရေးအတွက် ထောက်ပံ့ဆောင်ရွက်ခြင်းသည် လုပ်ကွက်ဦးပိုင်ကြီးများကို ချဉ်းကပ်ဆောင်ရွက်ခြင်းထက် ပိုမိုထိရောက်ကြောင်း တွေ့ရှိခဲ့ရသည်။ မြေယာ တစ်ယူနစ်ခြင်းစီ၏ ထုတ်လုပ်မှုအရ ထုတ်လုပ်မှုအမြင့်ဆုံးကို ဖေါ်ဆောင်သည့် လုပ်ကွက်ငယ်များတွင် တစ်ဧက၏ ဆယ်ပုံတစ်ပုံ ခန့်သာရှိသော စိုက်ပျိုးမြေများလည်း ပါဝင်သည်။ လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှု ပိုမိုတိုးတက်စေရန်၊ ကာလလတ်၊ ကာလရှည် ရင်းနှီးမြှုပ်နှံမှုများအဖြစ် ဆည်တာတမံ တည်ဆောက်ခြင်း၊ မြေပြင်အနိမ့်အမြင့်ညှိခြင်း၊ မြေဆီလွှာကို ထိရောက်စွာပြုပြင်ခြင်း၊ တောင်ကုန်း တောင်စောင်း များတွင် လှေကားထစ်လယ်ယာ ဖေါ်ဆောင်ခြင်း၊ ဖန်လုံအိမ်စိုက်ပျိုးရေး နှင့် စိုက်ပျိုးစားရိတ်ချေးငွေလုပ်ငန်းများပါ ဖေါ်ဆောင်ရန်လိုသည်။ တရုတ်နိုင်ငံ၏ ၁၉၆၂ ခုနှစ်မှ ၁၉၇၈ ခုနှစ်ကာလ၊ အတွေ့အကြုံနှင့် သာဓကများအရ၊ (အစိုးရ၏ဦးဆောင်မှုဖြင့် စိုက်ပျိုးမြေများအား စုစည်း ၍ စုပေါင်းလယ်ယာဖော်ဆောင်ချိန်) တွင်လည်း လုပ်ကွက်ငယ်များကို ပံ့ပိုးမှု ရှိခဲ့ရာ၊ စိုက်ပျိုးနိုင်သော မြေ၏ ၅ ရာခိုင်နှုန်းသာရှိသည့်၊ အလွန်သေးငယ်သည့်

ပုဂ္ဂလိက စိုက်ပျိုးမြေများသည် နိုင်ငံ၏ စုစု လယ်ယာထွက်ကုန်ထုတ်လုပ်မှုတန်ဘိုး၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ အလားတူပင်၊ ရုရှနိုင်ငံတွင်လည်း၊ အစိုးရထိန်းချုပ်မှုဖြင့် ပုဂ္ဂလိကလုပ်ကွက်များကို စုစည်း၍၊ စုပေါင်းလယ်ယာအဖြစ်ဖော်ဆောင်ခဲ့ရာတွင်၊ စုစုစိုက်ပျိုးနိုင်သောမြေ၏ ၃ ရာခိုင်နှုန်းမျှသော လုပ်ကွက်ငယ်များသည်၊ စုစုလယ်ယာထွက်ကုန်တန်ဘိုး(ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အသား နှင့် နို့ထွက်ပစ္စည်းအများစုအပြင်၊ အာလူးထုတ်လုပ်မှုအများစု အပါအဝင်) ၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း အထိ ထုတ်လုပ်နိုင်ခဲ့ကြသည်။ တောင်ဗီယက်နမ်၏ "လယ်လုပ်သူသာ လယ်ပိုင်ရေး" ဟူ၍ အစောပိုင်း ဖေါ်ဆောင်စဉ်က၊ ထုတ်လုပ်မှုနှင့် တည်ငြိမ်မှုတွင် သိသိသာသာတိုးတက်ခဲ့သည်။ ဆန်ထုတ်လုပ်မှုတွင် (၃၀) ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ကွန်မြူနစ် ဗီယက်ကောင်းတို့၏ တပ်သားစုဆောင်းမှုကို (၈၀) ရာခိုင်နှုန်း လျော့ကျ စေခဲ့သည်။

ထုတ်လုပ်မှုနှင့် တည်ငြိမ်မှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ရလျှင် ဆင်းရဲမှုလျှော့ချရေး၏ အဖြေတစ်ရပ်အဖြစ်၊ မြေယာမဲ့မှုများအတွက် အစိုးရပိုင်မြေမှဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေများကို ဝယ်ယူ၍ဖြစ်စေ၊မြေကွက်ငယ်များကိုခွဲဝေချထားပေးမည်ဆိုလျှင်၊ စံမီစိုက်ပျိုးမြေကွက်များကို ဖြန့်ဝေပေးသည်ထက်၊ အစိုးရ အနေဖြင့် ပိုမိုတတ်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လင်ဒက်ဆာအဖွဲ့ကြီး အနေဖြင့် တရုတ်ပြည်မနှင့် အိန္ဒိယနိုင်ငံတို့တွင် အစိုးရနှင့်ပူးပေါင်း၍ မြေယာမဲ့များအတွက် ရည်ရွယ်ကာ လုပ်ကွက် ငယ်စိုက်ပျိုးမြေရေး ဥပဒေမူဘောင်ဖေါ်ဆောင်ရာတွင် အောင်မြင်မှုရခဲ့သော ကြောင့်ပင်ဖြစ်သည်။ ထိုသို့လုပ် ဆောင်ရာတွင် အစိုးရအနေဖြင့် ပြည်သူပိုင်မြေ မလုံလောက်ပါက ပုဂ္ဂလိကပိုင်မြေများကို ဝယ်ယူခြင်းသည် အကောင်းဆုံး ချဉ်းကပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံအရ မြေသိမ်းခြင်း၊ ပုဂ္ဂလိကပိုင်မြေအား ပေါက်ဈေးထက်နှိမ်၍ ဝယ်ယူခြင်းတို့သည် အလုပ်မဖြစ်ကြောင်း တွေ့ခဲ့ရပါသည်။ ထိုသို့ လုပ်ဆောင်ခဲ့ရာ၊ ကီရာလာနှင့် အနောက်ဘင်္ဂလားပြည်နယ်မှလွဲ၍ ကျန်ပြည်နယ် များတွင် မြေပိုင်ရှင်များ၏ အောင်မြင်စွာတုံ့ပြန်တွန်းလှန်မှုကို ခံခဲ့ရလေသည်။ လင်ဒက်ဆာအဖွဲ့ကြီး၏အတွေ့အကြုံအရ အစိုးရအနေဖြင့် ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူမှုသည် အထူးသဖြင့် မြေကွက်ငယ်ကလေးများ ခွဲဝေချထား ပေးရေးတွင် အလွန်အကျိုးရှိကြောင်းတွေ့ရှိ ရပါသည်။ အိန္ဒိယ၏ ကာနတက္ကပြည်နယ်၊ အနောက်ဘင်္ဂလားနှင့် ဩဒိသျှပြည်နယ်တို့တွင် ယင်းသို့လုပ်ဆောင်ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း သာဓက ကောင်းများ ရှိခဲ့ပါသည်။

ပိုမိုအကျယ်ချဲ့ဆိုရမည်ဆိုလျှင် အကယ်၍ မြန်မာနိုင်ငံသည် ၁၉၄၅ ခုနှစ်မှစ၍ ဆယ်စုနှစ် (၇)စုအတွင်း အာရှနိုင်ငံများ၏ လယ်ယာကဏ္ဍတွင် အောင်မြင်မှုနှင့် ရှုံးနိမ့်မှု အတွေ့အကြုံများကို အမျှော်အမြင်ကြီးစွာ အသုံးချမည်ဆိုပါက နိုင်ငံ၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုသည် အိပ်မက်ဆန်စွာအကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။

အာရှ (၅) နိုင်ငံ၏ ထုတ်လုပ်မှုတွင် အကြီးအကျယ် အောင်မြင်မှုရရှိစေသည့် အချက်မှာ၊ လုပ်ငန်းဦးပိုင်ကြီးများ(ပုဂ္ဂလိကဖြစ်စေ အစိုးရမှဦးဆောင်သော စုပေါင်းလယ်ယာပင်ဖြစ်စေ)ထက်၊ လုပ်ကွက်ငယ်တောင်သူများ၏ စိုက်ပျိုးမှုအတွက်ဦးတည်သော မြေယာလုပ်ပိုင်ခွင့်လုံခြုံခိုင်မာမှု ကြောင့်သာ ဖြစ်လေသည်။ အောက်ပါအချက် (၅) ချက်အပေါ် ဆင်ခြင်သုံးသပ်ကြည့်ပါလေ-

- ဂျပန်နိုင်ငံသည် မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချခြင်းမရှိသော သီးစားစိုက်ပျိုးရေးစနစ်မှ၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသည့် ကိုယ်ပိုင်လုပ်ကွက်ငယ်စိုက်ပျိုးရေးအဖြစ် ၁၉၅၅ ခုနှစ်မှ ၁၉၇၀ ခုနှစ်ကာလအတွင်း ပြောင်းလဲခဲ့ရာ စိုက်ပျိုးထုတ်လုပ်မှုသည် နှစ်စဉ် (၃) ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

- ထို့နည်းတူစွာ ထိုင်ဝမ်နိုင်ငံသည်လည်း မြေယာပိုင်ဆိုင်မှုလုံခြုံစိတ်ချခြင်းမရှိသော သီးစားစနစ်မှ မြေယာလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရသည့် ကိုယ်ပိုင်လုပ်ကွက်ငယ်စိုက်ပျိုးရေး အဖြစ်ပြောင်းလဲခဲ့ရာ၊ ၁၉၅၂ ခုနစ်မှ ၁၉၆၂ ခုနစ်၊ ဆယ်စုနှစ်တစ်ခုအတွင်း စိုက်ပျိုးထုတ်လုပ်မှု (၆၀) ရာခိုင်နှုန်းတိုးတက်လာပြီး တောင်သူလယ်သမားများ၏ဝင်ငွေ (၁၅၀) ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ သက်ရောက်မှုအဖြစ်၊ လင်ဒက်ဆာအဖွဲ့ကြီး၏ သတ္တရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ကွင်းဆင်း မေးမြန်းချက်များအရ လုပ်ကွက်ငယ်တောင်သူများဖြစ်သည့် ထိုင်ဝမ်မိသားစုများ၏ (ပျမ်းမျှလုပ်ကိုင်မှု မြေယာ (၃) ဧကကျော်ခန့်) ၏ လူနေမှုအဆင့်အတန်းကို အောက်ဖော်ပြပါ ဇယားအတိုင်း တွေ့ရမည် ဖြစ်ပါသည် (အသုံးအဆောင် အများစုသည် ပြည်တွင်းထုတ်ကုန်များဖြစ်ကြပါသည်။)

| | |
|---|---|
| မျက်မြင်အရ တောင်သူလယ်သမား အိမ်ထောင်စုများတွင် ပိုင်ဆိုင်ထားသော | • တိုက်အိမ်<br>• ရောင်စုံရုပ်မြင်သံကြား<br>• ဗွီစီဒီ (သို့မဟုတ်) ဒီဗွီဒီပြစက်<br>• စတီရီယိုအသံထွက်စနစ်<br>• လက်ကိုင်ဖုန်းများ<br>• အဝတ်လျှော်စက်<br>• ရေခဲသေတ္တာ |
| အိမ်ထောင်စုအများစုတွင်ပိုင်ဆိုင်သော (သို့မဟုတ်) ပိုင်ဆိုင်ခဲ့သော | • ကွန်ပျူတာ<br>• ပုဂ္ဂလိကအသက်အာမခံစနစ်<br>• ထိုင်ဝမ်စတော့ဈေးကွက်မှ စတော့ရှယ်ယာ<br>• နိုင်ငံရပ်ခြားအပန်းဖြေခရီး (သို့မဟုတ်) အလည်ခရီး |

- ထို့အတူ တောင်ကိုရီးယားနိုင်ငံတွင်လည်း၊ မြေယာလုပ်ပိုင်ခွင့် လုံခြုံခိုင်မာမှုမရှိသည့် သီးစားစနစ်မှ ကိုယ်ပိုင်စိုက်ပျိုးရေးအဖြစ်ပြောင်းလဲခဲ့ပြီးနောက် ၁၉၅၀နှစ်များ၏ အလယ်ခန့် မှ ၁၉၇၀၊ နှစ်များ၏ အလယ်ခန့်အတွင်း၊ ပြုပြင်ပြောင်းလဲရေးကာလအလွန်တွင်၊ ဆန်စပါး ထုတ်လုပ်မှုနှုန်းသည် (၇၀) ရာခိုင်နှုန်းအထက် အထိ မြင့်တက် လာခဲ့သည်။ (၁.၂၅ ဧက၏ တစ်ဝက် အောက်ရှိ အလွန်သေးငယ်သည့် စိုက်ပျိုးမြေများမှ)

- တရုတ်ပြည်မတွင်လည်း ကနဦးအနေဖြင့် သီးစားစနစ်မှ လုပ်ကွက်ငယ် မြေယာလုပ်ပိုင်ခွင့် ကို ပြောင်းလဲခဲ့ရာ ၁၉၄၉ ခုနစ်မှ ၁၉၅၆ ခုနစ်အတွင်း နံစားသီးနံ ထုတ်လုပ်မှုသည် (၇၀) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ကံဆိုးမိုးမှောင်ကျစေသည့် စုပေါင်းလယ်ယာစနစ်ကို ကူးပြောင်းခဲ့ပြီးနောက် အငတ်ဘေးဆိုက်ခဲ့သဖြင့် လူဦးရေ သန်း (၃၀) အထိ သေဆုံး ခဲ့ရသည်။

ထို့နောက် စုပေါင်းလယ်ယာစနစ်ကိုဖျက်သိမ်းပြီး လုပ်ကွက်ငယ်စိုက်ပျိုးရေးသို့ ပြန်လည်ကူးပြောင်းခဲ့ပြီးရာ၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ စိုက်ပျိုးရေးထုတ်ကုန်သည် (၃၂) ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။

- ဗီယက်နမ်နိုင်ငံသည် နိုင်ငံတောင်ပိုင်းတွင် သီးစားစနစ်အစား လုပ်ကွက်ငယ်စိုက်ပျိုးရေး ပုံစံသို့ ကူးပြောင်းပြီးနောက် ၁၉၇၀ - ၇၃ ခုနှစ်အတွင်း ဆန်စပါးထုတ်လုပ်မှုနှုန်းသည် (၃၀) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုအချိန်တွင် နိုင်ငံမြောက်ပိုင်းတွင် အစိုးရထိန်း ချုပ်သော စုပေါင်းလယ်ယာစနစ်ကိုဖော်ဆောင်နေခဲ့ပြီးနောက် အထွက်နှုန်း အလွန်အမင်း ကျဆင်းလာသည်နှင့်အခါ၊ စုပေါင်းလယ်ယာစနစ်ကိုဖျက်သိမ်းပြီး မြေယာလုပ်ပိုင်ခွင့်လုံခြုံ စိတ်ချရသည့် လုပ်ကွက်ငယ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲခဲ့လေသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အောင်မြင်ခဲ့သောအတွေ့အကြုံများအရ၊ တစ်ကေ၏ ၂၀ ပုံ တစ်ပုံ (၀.၀၅) ကေမှ၊ တစ်ကေ၏ ၁၀ ပုံ တစ်ပုံ (၀.၁)ကေမျှ ငယ်သော လုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသည့် အကွက်ငယ်လေးများသည် မိသားစု အသက်မွေးမှု၏အထောက်အပံ့ သို့မဟုတ် အသက်မွေးမှု အတွက် အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ တရုတ်နိုင်ငံတွင် စုပေါင်းလယ်ယာကို မဖျက်သိမ်းမီ (၁၉၆၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်ကာလ အတွင်း) ကာလက လယ်ယာမြေစုစုပေါင်း၏ (၅) ရာခိုင်နှုန်းအား မိသားစုတစ်နိုင်တစ်ပိုင် အကွက်ငယ်လေးများအဖြစ်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးရေး ထုတ်ကုန်စုစုပေါင်း၏ (၁၅) ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပြည်နယ်သုံးခုတွင်၊ အတိတ်ကာလက မြေမဲ့ယာမဲ့မိသားစုများဖြစ်သည့်၊ ရာပေါင်းများစွာသော မိသား စုများအား၊ မြေကွက်ငယ်လေးများကို ခွဲဝေချထားပေးခဲ့ရာ၊ အစာအဟာရ တိုးတက်ရရှိမှုကို ဖြစ်ထွန်း စေ၍၊ ဝင်ငွေနှင့် လူမှုအဆင့်အတန်းတို့ကို တိုးမြှင့်ပေးနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် အမျိုးမျိုးကွဲပြားသော မီးဖိုချောင်စိုက်ခင်းများသည် ပြောင်းစိုက်ပျိုးရေးလုပ်ငန်းကြီးများ၏ မြေတစ်ယူ နစ်အမြတ်အစွန်းရရှိမှုနှုန်းထက် အဆပေါင်း (၂၀) ပို၍ အကျိုးအမြတ်ရရှိခဲ့လေသည်။

ယင်းသို့ထုတ်ကုန်တိုးတက်လာခြင်း၏ အခြေခံအကြောင်းတရားမှာ လုပ်ကွက်ငယ်များ (သို့ မဟုတ်) ပိုမိုသေးငယ်သောမြေကွက်ငယ်လေးများ (သို့မဟုတ်) အိမ်ခြံဥယျာဉ်မြေများတွင် မြေယာ လုပ်ပိုင်ခွင့်လုံခြုံစိတ်ချမှုရှိစေခြင်းဖြင့်၊ စိုက်ပျိုးလုပ်ကိုင်သော အိမ်ထောင်စုအဖို့ လုပ်အား အတွက် ဖြစ်စေ၊ ငွေကြေးစုဆောင်းခြင်းအတွက်ဖြစ်စေ၊ အမိကသွင်းအားစုများအတွက်ဖြစ်စေ စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်၍ ဖြစ်သည်။ ထို့အပြင် မြေယာရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆည်တမံများ၊ မြောင်းများ၊ မြေပြင်ညှိခြင်း၊ လှေခါးထစ်မြေညှိခြင်း၊ မြေဆီလွှာပြုပြင်ခြင်း၊ ဖန်လုံအိမ်တည် ဆောက် ခြင်း၊ သစ်ပင်ကြီးများစိုက်ပျိုးခြင်း၊ စင်ထိုးခြင်း၊ ငါးမွေးခြင်းနှင့် တိရိစ္ဆာန်မွေးခြင်းစသည် တို့ကို ပြုလုပ် နိုင်ခဲ့၍ဖြစ်သည်။ တန်ဖိုးမြင့်သီးနှံများစိုက်ပျိုးခြင်းသည်လည်း အခြေခံစားသုံးသီးနှံများ စိုက်ပျိုးခြင်း ထက်ပို၍ တိုးတက်လာခဲ့ပါသည်။ ထိုင်ဝမ်နိုင်ငံတွင် ၁၉၅၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း မြေယာ လုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းငယ်များမှ တန်ဖိုးမြင့်သီးနှံ၊ ဟင်းသီး

ဟင်းရွက် နှင့် မွေးမြူရေးထုတ်ကုန် များထုတ်လုပ်မှုသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန် အားလုံး၏ (၂၁) ရာခိုင်နှုန်းမှ (၆၀) ရာခိုင်နှုန်း အထိတိုးတက်လာခဲ့သည်။

နိုင်းယှဉ်မှုများအရ၊ ဧရိယာအကျယ်အပြန့် စိုက်ခင်းကြီးများ၏ မြေယာကို အကျိုးရှိစွာ အသုံးချနိုင်မှုနှင့် ထုတ်လုပ်နိုင်စွမ်းမှာ၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသော လုပ်ကွက်ငယ် တောင်သူစိုက်ပျိုးရေးထက် လျော့နည်းကြောင်း တသမတ်တည်းတွေ့ရှိရပေသည်။ ဤအချက်သည် အခြေခံစားသောက်ကုန် သီးနှံများအတွက်သာမက တန်ဖိုးမြင့်သီးနှံများနှင့် ပို့ကုန်သီးနှံများအတွက်ပါ မှန်ကန်သည်။ ဤသို့သောအခြေအနေတူညီသော်လည်း၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရမှု မရရှိသော လုပ်ကွက်ငယ်တောင်သူ စိုက်ပျိုးရေးအတွက်မူ မှန်ကန်မှု မရှိပေ။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများတွင် ဦးပိုင်လုပ်ငန်းကြီးများသည် မြေယာလုပ်ပိုင်ခွင့်လုံခြုံခိုင်မာမှု မရှိသော လုပ်ကွက်ငယ်များသို့ သီးစားစနစ်နှင့်လုပ်ကိုင်စေရာ တောင်ကိုရီးယား၊ တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ် နှင့် ဂျပန်နိုင်ငံများမှ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသော လုပ်ကွက်ငယ်စိုက်ပျိုးသူများ၏ ဆန်စပါး ထုတ်လုပ်မှုနှုန်းနှင့်ယှဉ်သော်၊ အကြမ်းအားဖြင့် အနည်းဆုံး မက်ထရစ်တန်နှင့်တွက်ပါက သုံးပုံ နှစ်ပုံသာ ထုတ်လုပ်နိုင်ခဲ့သည်။ ထိုင်ဝမ်နိုင်ငံ၏ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသော လုပ်ကွက်ငယ် တောင်သူစိုက်ပျိုးရေးလုပ်ငန်းများမှ ငှက်ပျောသီးနှင့် ကြံထုတ်လုပ်မှုနှုန်းသည် အာရှတိုက်ရှိ အခြား နိုင်ငံများ၏ထုတ်လုပ်မှုနှုန်းများထက် ပိုမိုမြင့်မားလျက်ရှိသည်။ တစ်ချိန်တည်းတွင်၊ မလေးရှား၊ အင်ဒို နီးရှား၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ရှိ လုပ်ကွက်ငယ်တောင်သူ စိုက်ပျိုးရေးလုပ်ငန်းများ၏ ရာဘာ အထွက်နှုန်းသည် ယင်းနိုင်ငံများရှိ လုပ်ငန်းကြီးများ၏ အထွက်နှုန်းထက် (၈၀) ရာခိုင်နှုန်းပိုမို မြင့်မားလျက်ရှိသည်။

## (ခ) လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးသည်၊ မြေယာမဲ့မှုဖြေရှင်းရန် အကောင်းဆုံးဖြစ်သည်။

အထက်ပါတင်ပြချက်များအရ မြန်မာနိုင်ငံတွင် လုံခြုံခိုင်မာမှုရှိသော မြေယာလုပ်ပိုင်ခွင့် အတွက် စီစဉ်ဆောင်ရွက်မည်ဆိုပါက မည်သည့်အုပ်စုသည် အကျိုးအမြတ်အရှိဆုံးဖြစ်မည်နည်း။ အာရှ၏ အတွေ့ အကြုံများအရ မည်သည့်နည်းလမ်းသည် အဖြစ်နိုင်ဆုံးဖြစ်မည်နည်း၊ မည်သည့်နည်းလမ်းသည် အကျိုးအမြတ် အရှိဆုံးဖြစ်မည်နည်းနှင့် မည်သည်ကိုရှောင်လွှဲရမည်နည်း။ အစရှိသည့် မေးခွန်းများသည် ဆင်းရဲမှုပပျောက် ရေးအတွက် မြေယာမူဝါဒနှင့် မြေယာဥပဒေများချမှတ်ရာတွင် မြေမဲ့ယာမဲ့ဖြစ်မှုကိုဖယ်ရှားရန် ထည့်သွင်း စဉ်းစားခြင်းဖြင့် ဗဟိုပြုနိုင်ပါမည်။ အစပြုမည်ဆိုပါက မြေမဲ့ယာမဲ့ဖြစ်ပေါ်ရသည့် အခြေအနေအရပ်ရပ်ကို တိကျသေချာစွာ နားလည်ထားရမည်ဖြစ်သည်။ လင်ဒက်ဆာအဖွဲ့ကြီး၏ အရှေ့တောင်အာရှအတွင်း ၁၉၆၀ နှစ်များမှစတင်၍ မြေယာမဲ့လူဦးရေနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများ၏ အတွေ့အကြုံများအရ၊ မြေယာ အခွင့်အရေး လုံလောက်စွာ မရရှိသူများမှာ၊ ကဏ္ဍကြီး(၈)ခုအတွင်း၊ တစ်ခုမဟုတ်တစ်ခုထက်ပိုသောကဏ္ဍတွင် အမျိုးမျိုးသော အချိုးဖြင့် ပါဝင်လျှက်ရှိလေသည်။ (အချို့ကဏ္ဍများတွင် အကြောင်းအရာအချို့မှာ ထပ်နေနိုင် ပါသည်)

- *လုံးဝမြေယာမဲ့ဖြစ်၍၊ မြေယာမပိုင်ဆိုင်သော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက် ရှိသူများ* (ယေဘူယျအားဖြင့် စိုက်ပျိုးရေးလုပ်သားများဖြစ်ပြီး အထူးသဖြင့် နေ့စား အလုပ်သမားများ)

- *သီးစားလုပ်ကိုင်သူတောင်သူများ* (အစုစပ်လုပ်ကိုင်သူများအပါအဝင်)

- *မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုမရှိသော ကျူးကျော်လုပ်ကိုင်သူများ* အစိုးရမြေ (သို့မဟုတ်) အများပိုင်မြေများတွင် ကျူးကျော်စိုက်ပျိုးနေသူများ၊

- *ဓလေ့ထုံးတမ်းအရ (သို့မဟုတ်) အခြားရိုးရာအစဉ်အဆက်မြေများတွင်လုပ်ကိုင်သူများ* ထိုမြေများ၏ပိုင်ဆိုင်မှုကို ဥပဒေအရတရားဝင်အသိအမှတ်ပြုခြင်းမခံရသူများ၊

- *ပြည်တွင်းနေအတည်တကျနေထိုင်မှုမရှိသူများနှင့် ဒုက္ခသည်များ* ထိုသူတို့၏ မူလရိုးရာအသက်မွေးမှုအရ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊

- *မြေယာပြုပြင်ပြောင်းလဲရေးကြောင့် မြေလုပ်ပိုင်ခွင့်ရထားသူများနှင့် အခြားလုပ်ကွက်ငယ် စိုက်ပျိုးသူ များ* ထိုသူတို့၏မြေယာများကို ဥပဒေနှင့်အညီဆောင်ရွက်ထားမှု မရှိသေးခြင်း နှင့် လုပ်ပိုင်ခွင့် လုံခြုံခိုင်မာမှုမရှိသေးခြင်း၊

- *မွေးမြူရေးသမားများ* ထိုသူတို့သည် မြေယာကို စားကျက်အဖြစ်၊ ယာယီအသုံးပြုနေသော်လည်း ဥပဒေအရအသိအမှတ်ပြုခြင်းမခံရသူများ၊

- *အမျိုးသမီးများ* အိမ်ထောင်၏အစိတ်အပိုင်းဖြစ်သော်လည်း မိသားစု၏လုံခြုံခိုင်မာသော မြေယာပိုင်ဆိုင်ခွင့်ကို မျှဝေခြင်းမခံရသူများ၊

**မြေယာခွဲဝေချထားမှုသည် မြေယာမဲ့များကိုဦးတည်ရန်လိုအပ်ကြောင်း အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)တွင် ပါဝင်မှု**

မြန်မာနိုင်ငံအစိုးရသည် အမျိုးသားမြေအသုံးချမှုမူဝါဒ၏ (၆) ကြိမ်မြောက်မူကြမ်းတွင် မြေယာမဲ့များကိုဦးတည်သည့် သော့ချက်(၃)ခုမှာ- ပထမအနေဖြင့် အခြေခံမူများတွင် ယင်းကိစ္စပါဝင်မှုကိုမြှင့်တင်ရန်၊ ဒုတိယအနေဖြင့် မူကြမ်းတွင် လိုအပ်သော မြေယာမဲ့မိသားစုများ၏ အချက်အလက်များကို အမျိုးသားအဆင့် စစ်တမ်းကောက်ယူ၍ မှတ်တမ်းထားရှိရန်၊ တတိယအနေဖြင့် မူဝါဒတွင် မြေယာမဲ့မိသားစုများကို မြေယာခွဲဝေချထားရေးအတွက် အခွင့်အာဏာ ပေးအပ်ရန်တို့ဖြစ်သည်။ အထူးသဖြင့် မူကြမ်း၏ အခြေခံမူများတွင် မြေယာမဲ့များကိုဦးတည်ရန် ထင်ရှားစွာပြဆိုထားသည်မှာ အပိုဒ် (၇(ဍ))တွင် "အိမ်ယာမဲ့များနှင့် မြေမဲ့ယာမဲ့ပြည်သူများအား အိမ်ရာနှင့်မြေယာခွဲဝေအသုံးပြုခွင့် ပေးနိုင်ရေးအတွက်၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲအသုံးပြုရန်" ဟု အစိုးရအနေဖြင့်လုပ်ဆောင်ရန်လိုအပ်မှုကို ဖော်ပြထားသည်။ ထို့ကြောင့် မြေမဲ့ယာမဲ့များနှင့် မြေယာလုံခြုံစိတ်ချမှု မရှိသူများအား လုပ်ကွက်ငယ်စိုက်ပျိုးရေးအဖြစ် ပျိုးထောင်ပေးရန် လိုအပ်သည်မှာ သေချာလျက်ရှိပါသည်။ အသစ်ထုတ်ပြန်သော "မြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်စီမံခန့်ခွဲခြင်း" အခန်းတွင် မြေမဲ့ယာမဲ့များကိုစစ်တမ်းကောက်ရန်နှင့် စစ်တမ်းကောက်ယူရာတွင် ဒေသခံများပါဝင်ရန်ကို အပိုဒ်(၁၅(ဆ)) အဖြစ် ထည့်သွင်းရန်လိုအပ်ပါသည်။ အချုပ်အားဖြင့် အပိုင်း(၃)၊ စီမံကိန်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်း အခန်း၊ အပိုဒ် (၁၉ (ဈ))တွင် "မြေမဲ့ယာမဲ့ပြည်သူများအား မြေယာခွဲဝေချထားနိုင်ရန် အရန်မြေနေရာ သတ်မှတ် ဆောင် ရွက်ပေးခြင်း" ဟု အစိုးရအခွင့်အာဏာဖြင့် ခရိုင်အဆင့်မြေအသုံးချမှု အစီအမံချမှတ်၍ အကောင်အထည် ဖော်ရန် ဖော်ပြထားပြီး အပိုင်း(၄) အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့်ငှားရမ်းခြင်းအခန်း၊ အပိုဒ် (၃၀(စ))တွင် "မြေမဲ့ယာမဲ့များကို မြေယာခွဲဝေချထား ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်" ဟု အရေးပါသော ပံ့ပိုးမှုကိုဖော်ပြထားသဖြင့် မြေယာမဲ့မိသားစုများအား မြေယာခွဲဝေချထားပေးရန်သည် အလွန်အရေးကြီးကြောင်း သိသာ စေပါသည်။

လင်ဒက်ဆာအဖွဲ့ကြီး၏ ကွင်းဆင်းလေ့လာချက်နှင့် တွေ့ဆုံမေးမြန်းချက်များအရ ကြိုတင်၍ ကောက်ချက်ချရလျှင် မြန်မာနိုင်ငံ၏ မြေယာမဲ့များသည် ပထမနှင့် ဒုတိယ ကဏ္ဍနှစ်ခုဖြစ်သော လုံးဝမြေယာမဲ့ လယ်ယာလုပ်သားများနှင့် သီးစားလုပ်ကိုင်သူတောင်သူများ အများအပြားပါဝင်ပါသည်။ ထပ်မံဖြည့်စွက်ရလျှင် ဒေသအလိုက် ရပ်ရွာဓလေ့အရ သဘာဝရင်းမြစ်နှင့် မြေယာများကို စီမံခန့်ခွဲလေ့ရှိရာ တောင်သူအများအပြားသည် မြေလွတ်များ၊ သစ်တောမြေများ ဟု တရားဝင် သတ်မှတ်ထားသော မြေများတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသောကြောင့် ထိုသူများသည် မြေမဲ့ယာမဲ့ စာရင်းတွင် ပါဝင်နေခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့မြေများသည် တည်ဆဲ ဥပဒေများအရ လယ်ယာမြေအဖြစ် မှတ်ပုံတင်ခွင့်မရှိရာ ထိုတောင်သူ များသည် မြေမဲ့ယာမဲ့၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံမှု မရှိသော ကျူးကျော်လုပ်ကိုင်သူများ၊ 'ဓလေ့ထုံးတမ်းအရ' (သို့မဟုတ်) 'အခြားရိုးရာအစဉ်အလာ' မြေများတွင် လုပ်ကိုင်သူများကဏ္ဍတွင် ပါဝင်လာခြင်းဖြစ်သည်။ သာဓကပြရလျှင် ဥပဒေအရ သစ်တောမြေအဖြစ် သတ်မှတ်ထားသောမြေအတွင်း ကနဦးစိုက်ပျိုးခဲ့သူ တောင်သူများနှင့် အဆိုပါမြေအတွင်း နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်လာသူများအနေဖြင့် မြေယာလုပ်ပိုင်ခွင့်ရရှိရေးအတွက် နမာတိအဖွဲ့ကြီး၏ ဥပဒေရေးရာလူမှုဝန်ထမ်းများထံ အကူအညီ တောင်းခဲ့ကြသည်။ ယင်းတောင်သူများအနက်မှ (၈၃) ရာခိုင်နှုန်းမှာ အခြားစိုက်ပျိုးရန် မြေမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ယင်းပြဿနာရပ်များကို ဦးတည်ဖြေရှင်းခြင်းဖြင့်လည်း မြေယာမဲ့မှုအား လျှော့ချနိုင်မည်ဖြစ်သည်။

မြေယာမဲ့လယ်ယာလုပ်သားများ (သို့မဟုတ်) သီးစားစိုက်ပျိုးသူ မြေယာမဲ့တောင်သူ မိသားစုများ သည်၊ ရှေးယခင်က လုံခြုံခိုင်မာသောမြေယာ လုပ်ပိုင်ခွင့်ရှိခဲ့ဘူးသူများ ဖြစ်ခဲ့ကြသော်လည်း၊ မျှတမှုမရှိသော မြေယာလျော်ကြေးဖြင့် မြေသိမ်းယူခြင်းကိုခံခဲ့ရသူများ (သို့မဟုတ်) မိသားစုဝင်များက မြို့ပြဒေသသို့ အလုပ်ရှာဖွေရန်ထွက်ခွာသွားသဖြင့် မြေယာကိုစွန့်လွှတ်ခဲ့ရသူများ (သို့မဟုတ်) ဒေသတွင်းပဋိပက္ခကြောင့် သော်လည်းကောင်း၊ နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ပြဿနာများကြောင့် (သို့မဟုတ်) ရာသီဥတုပြောင်းလဲခြင်းဒဏ်ကြောင့် ပြောင်းရွှေ့လာခဲ့ရသည့် အခြေချသူများ ဖြစ်ကြသည်။ နမာတီ အဖွဲ့ကြီး၏ ဥပဒေလူမှုဝန်ထမ်းများ၏ အစီရင်ခံချက်အရ၊ အဆိုပါမြေသိမ်းခံရမှုများကို ပုံစံမျိုးစုံဖြင့်တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ အများအားဖြင့် အစိုးရအရာရှိများ နှင့် မြေရှင်ကြီးများ၏ ဖိအားပေးမှုများကြောင့်၊ လုပ်ကွက်ငယ်တောင်သူများမှာ မြေယာမဲ့ လယ်ယာလုပ်သားဘဝ နှင့် သီးစားတောင်သူများဘဝသို့ ပြောင်းလဲခဲ့ရသည်။ သာဓကအားဖြင့် ဧရာဝတီ တိုင်းတွင်၊ ၁၉၉၀ နှစ်များအတွင်းက အခွန်အခများအပြေအကြေမပေးနိုင်ခြင်း (သို့မဟုတ်) တာဝန်ကျေသီးနှံ ခွဲတမ်းအပြည့်အဝမသွင်းနိုင်ခြင်းတို့ကြောင့် လုပ်ပိုင်ခွင့်ရရှိထားသောမြေမှ ထွက်ခွာခဲ့ရ သည့် အကြောင်းရင်းအပေါ်အခြေခံသည့်၊ တောင်သူများ၏ မြေယာအငြင်းပွားမှုများကို တွေ့ခဲ့ရသည်။ ဒေသအာဏာပိုင်များက၊ အဆိုပါမြေကို အခြားလုပ်ကွက်ငယ်တောင်သူများသို့ အစိုးရ၏ သီးစားအဖြစ် ချထားပေးခဲ့သည်။ ထိုဖြစ်စဉ်များသည်ထပ်ခါထပ်ခါဖြစ်ခဲ့သည့်အားလျော်စွာ နှစ်ပေါင်းများစွာကြာပြီးနောက် မြေကွက်တစ်ခုထဲအား ပိုင်ဆိုင်လိုသဖြင့် တောင်သူငါးဦး၊ ခြောက်ဦးမှ ရပိုင်ခွင့်တောင်းဆိုမှုများ ရှိလာသည်။ ဒေသဆိုင်ရာ မြေယာအငြင်းပွားမှုများတွင် ပါဝင်ပတ်သက်နေသည့် ဥပဒေလူမှုဝန်ထမ်းများက ကူညီဆောင်ရွက်ပေးနေရသူများအနက် သုံးပုံ၊ နှစ်ပုံခန့်တွင် မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အထောက်အထားများရှိကြရာ၊ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်တွင်၊ အရေးဆိုသူအားလုံးအား မြေယာရရှိရေး သေချာစေရန် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် အတိတ်ကာလက အစိုးရ၏အားနည်းသောမူဝါဒများကြောင့်သာ မြေယာအငြင်းပွားမှုများဖြစ်စေရန် အကြောင်းခံခဲ့ပါသည်။ ဆင်းရဲမှုပပျောက်ရေးအတွက် မြေယာခွဲဝေပေးမှု အစီအစဉ်တွင် လုပ်ကွက် ငယ်တောင်သူထံမှ မြေကိုသိမ်းယူ၍ အခြားတောင်သူထံခွဲဝေပေးခြင်းမျိုး ပြုလုပ်မည်မဟုတ်ချေ။ အသုံးမပြုရသေးသော အစိုးရမြေများရှာဖွေခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်မြေများကို ကာလပေါက်ဈေးပေး၍ဝယ်ယူခြင်းနည်းကိုသာ ဆောင်ရွက်မည်ဖြစ်သည်။

လင်ဒက်ဆာအဖွဲ့ကြီးအနေဖြင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တစ်လွှား၊ တိုင်းဒေသ ကြီး၊ ပြည်နယ် (၇)ခုမှ ရပ်ရွာခေါင်းဆောင်များနှင့် ဆွေးနွေးချက်များကို မှတ်ချက်ပြုရမည်ဆိုလျှင် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြုမြို့နယ်များမှ စိုက်ပျိုးရေးနှင့်ပတ်သက်သည့်အိမ်ထောင်စုများ၏ (၆၀) ရာခိုင်နှုန်းနှင့်အထက်သည် မြေယာမဲ့စိုက်ပျိုးရေးလုပ်သားများဖြစ်ပြီး (၃၀)ရာခိုင်နှုန်းခန့်သည် ယခုအခါ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရရှိပြီးသော လုပ်ကွက်ငယ်တောင်သူများဖြစ်ကာ ရာခိုင်နှုန်း အနည်းငယ်သည် သီးစားတောင်သူများဖြစ်ကြသည်။ ၂၀၁၅ ခုနှစ် နွေရာသီတွင် လင်ဒက်ဆာ အဖွဲ့ကြီးနှင့် နမာတီ အဖွဲ့ကြီးတို့၏ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း မြေပိုင်ရှင်များအား ကွင်းဆင်း သုတေသနပြုမေးမြန်းချက်များအရ ယင်းဒေသအတွင်း စိုက်ပျိုးရေးအလုပ်သမားများ များပြား လျက်ရှိကြောင်း၊ အကယ်၍ လုပ်ကွက်ငယ်တောင်သူများသည် လုပ်ပိုင်ခွင့်ရထားသော မြေယာအား ရောင်းချမည်ဆိုပါက အခြားဒေသတွင်အလုပ်ရှာနိုင်သူများမှအပ စိုက်ပျိုးရေး အလုပ်သမားများအဖြစ် လုပ်ကိုင်ခြင်းအဖြစ်မှ ရှောင်လွှဲမရနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ဤကဲ့သို့သော မြေယာမလုံခြုံမှုသည် အာရတိုက်၏ ကြီးကျယ်သော အောင်မြင်မှုသမိုင်းကြောင်း (၅)ခုနှင့် ဆန့်ကျင်နေပေသည်။ အဆိုပါ အောင်မြင်မှုရရှိခဲ့သည့် ဒေသများတွင်လည်း၊ မြေယာလုံခြုံစိတ်ချရမှုအပေါ် ဖွင့်ဆိုထားသည့် "တောင်သူလယ်သမားများသည် မြေယာအပေါ်တွင် လုံခြုံခိုင်မာမှုရရှိပါမှ၊ ကာလလတ်၊

ကာလရှည်ရင်းနှီး မြှုပ်နှံမှုများ ပြုလိုပေမည်။ လုံခြုံခိုင်မာမှုအတွက် ယုံကြည်စိတ်ချရခြင်း မရှိပါက ထိုတောင်သူလယ် သမားသည် မြေယာအပေါ် လုံခြုံစိတ်ချရမှု မရှိလေရာ မြေယာမဲ့ပမာဖြစ်လေသည်” ဟု လင်ဒက်ဆာ၏ ဖွင့်ဆိုချက်နှင့် ထပ်တူဖြစ်လေသည်။

မြန်မာနိုင်ငံတွင် ကျေးလက်လူ့အဖွဲ့အစည်းအတွင်း အုပ်စုကြီး (၅)- ခုရှိပြီး အစိုးရအနေဖြင့် လက်ရှိအခြေအနေဖြစ်သော ‘လုံခြုံစိတ်ချမှုမရှိသည့် ရင်းနှီးမြှုပ်နှံသူမဟုတ်သော’ (မိသားစုလုပ်အား၊ စုဆောင်းငွေ၊ ချေးငွေနှင့် အခြားအရင်းအမြစ်များအတွက် အရင်းအနှီးမရှိခြင်း) အခြေအနေ မှ တိုင်းပြည်တွင်အဖိုးတန် စိုက်ပျိုးမြေအခြေခံများရှိသည့်အလျောက် ‘လုံခြုံစိတ်ချရပြီးရင်းနှီးမြှုပ်နှံရန်အသင့်ရှိသော’ အခြေအနေသို့ ကူညီ ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။မြန်မာ့ကျေးလက်လူ့အဖွဲ့အစည်းကို ပြောင်းလဲဖော်ဆောင်နိုင်ရန်အတွက် ဦးတည်၍ ကူညီရမည့်သူများမှာ၊ ထိုမြေယာဆိုင်ရာလုံခြုံစိတ်ချရမှုမရှိသည့် ထိုအုပ်စုကြီး (၅)ခုပင် ဖြစ်ပေသည်။

“စက်မှုတိုးတက်ရေးကိုဆန္ဒရှိပါက စိုက်ပျိုးရေးကိုဖွံ့ဖြိုးရန်ပြင်ဆင်ပါ”

Joe Studwell ၏

အာရှဘယ်လိုလုပ်သလဲ၊ ၂၀၁၄ စာအုပ်တွင်

Michael Lipton ၏

လူတွေဘာကြောင့်ဆင်းရဲနေလဲ(၁၉၆၇) မှကောက်နုတ်ချက်

အုပ်စုကြီး (၅) ခုမှာ-

(၁) အများပိုင်မြေယာကိုအသုံးပြုနေရ၍ အကြောင်းအမျိုးမျိုးကြောင့် မြေယာလုပ်ပိုင်ခွင့် လုံခြုံခိုင်မာမှုမရှိကြသူများပါဝင်သောအုပ်စုဖြစ်သည်။(တစ်ခါတစ်ရံတွင် ယင်းမြေကိုဆွေစဉ်မျိုးဆက် လုပ်ကိုင်ခဲ့ကြသည်။) ဤအုပ်စုရှိ တောင်သူများတွင် မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုမရှိခြင်း၊ သို့မဟုတ် တိကျမှုမရှိခြင်း သို့မဟုတ် သက်တမ်းလွန်နေခြင်းများကြောင့်လည်းကောင်း၊ စာရွက်စာတမ်းအထောက်အထားများရှိသော်လည်း အလားတူ အထောက်အထားရှိသူများမှာ သူတို့မြေပေါ်မှ ဖယ်ရှားခံရပြီးဖြစ်နေခြင်း၊ ခြိမ်းခြောက်ခံနေရခြင်းနှင့် ပြင်းထန်သောပဋိပက္ခဖြစ်ပွားနေခြင်းများကြောင့် စိုးရိမ်နေရလျက်ရှိနေကြရသည်။ မြေယာလုပ်ပိုင်ခွင့်ကိုအသိအမှတ်ပြုမခံရပဲ ကျူးကျော်အဖြစ်ယူဆခံနေကြရသည်။ ထိုအချက်များကြောင့် ဦးရေမည်မျှရှိကြောင်း ဆန်းစစ်သည့် အချက်အလက်များ ရှာဖွေသည့်လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်လေသည်။ (အောက်ပါ အခန်း - ၆၊ မြေအမျိုးအစားခွဲခြားခြင်းကိုကြည့်ပါ)

**<u>ကုစားခြင်း။</u>** အထောက်အထားမဲ့နေသူများအတွက် ကောင်းမွန်သည့် အထောက်အထား စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရေး၊ ဆောင်ရွက်ခြင်းသည် အလွယ်ကူဆုံး နည်းလမ်းဖြစ်သည်။ (မြေအသုံးချခွင့်လက်မှတ်များ ထုတ်ပေးနေခြင်းတွင် ချို့ယွင်းချက်များရှိနေရာ၊ ဒေသအဆင့် သုတေသနများ ဆောင်ရွက်ရန်လိုအပ်သည်။ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည် ထုတ်ပေးခြင်းမျိုး ဆောင်ရွက်နိုင်ကောင်း ဆောင်ရွက်နိုင်မည်။) မြေယာမူဝါဒနှင့် မြေယာဥပဒေများ

ပြန်လည်ရေးဆွဲနေစဉ်ကာလအတွင်း လုပ်ကွက်ငယ်တောင်သူများကို ဖယ်ရှားမှုများအား ရပ်ဆိုင်းထားသင့်သည်။

(၂) ရိုးရာအစဉ်အလာ၊ တိုင်းရင်းသားလူမျိုးစု၊ သို့မဟုတ် အခြားဓလေ့ထုံးစံဆိုင်ရာ မြေများပေါ်တွင် လုပ်ကိုင် နေရသော်လည်း၊ တရားဝင်အသိအမှတ်ပြုမခံရသူများပါဝင်သည့် အုပ်စုဖြစ်သည်။

**ကုစားခြင်း။** လက်ရှိ ဥပဒေများကိုယ်နှိုက်က လုပ်ပိုင်ခွင့်တည်ငြိမ်လုံခြုံမှုကို မဖော်ဆောင်နိုင် (ဥပမာ- တောင်ယာမြေ) ဖြစ်နေရာ၊ ဥပဒေအသစ်၊ မူဝါဒအသစ်တို့ဖြင့် အစားထိုးရန် လိုအပ်သည်။ တိုင်းရင်းသား လူမျိုးစုတို့အတွက် တရားဝင်မြေယာအခွင့်အရေးများကို ဥပဒေပြု ဖော်ဆောင်ပေးရန်လိုအပ်သကဲ့သို့၊ လူသိရှင်ကြားအသိပေးရန်နှင့် အာဏာသက် ရောက်စေရေး ဆောင်ရွက်ပေးရန်လိုသည်။

(၃) လယ်ယာလုပ်ငန်းဖြင့်အစဉ်အလာ အသက်မွေးဝမ်းကြောင်းပြုခဲ့သူများဖြစ်သော်လည်း မြေပေါ်မှ ဖယ်ရှား ခံရသူများ၊ ပြည်တွင်းတိမ်းရှောင်နေရသူများ၊ ဆင်းရဲချို့တဲ့စွာ ပြန်လည်ဝင်ရောက်လာသူများ ပါဝင်သည့် အုပ်စု ဖြစ်သည်။

**ကုစားခြင်း။** ကျေးလက်နေဆင်းရဲသူများ၏ အမှန်တကယ် လုပ်ကိုင်အသုံးပြုမှုမှာ ရပ်ဆိုင်း သွားခဲ့ပြီဖြစ်ရာ၊ ထိုသူတို့၏ဆုံးရှုံးလက်လွှတ်ခဲ့ရသော မြေယာများအတွက် ပြန်လည်ပေး အပ်ရန်၊ သို့မဟုတ် လုံလောက်သောလျော်ကြေးပေးအပ်ရန် လိုအပ်သည်။ အချို့သော လုပ်ဆောင်ချက်များသည် ပိုမိုလွယ်ကူမှုရှိသည်။ ဥပမာ- မြေအမြောက်အများ ရယူထားသူများ စာရင်းတွင် ပြဌာန်းသတ်မှတ်ကာလအတွင်း မြေအသုံးမချနိုင်မှုကို ရှင်းလင်းစွာ ဖော်ပြထား ခြင်းဖြင့် လက်ရှိဥပဒေအရ၊ အသုံးမပြုသောမြေကို မူလ ပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်သာ ဖြစ်လေသည်။ မြေပြန်လည်ပေးအပ်မှုကို လက်တွေ့တွင် မဆောင်ရွက်နိုင်သည့်အခါ၊ မြေရယူ ထားသည့် လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ခွဲဝေရာတွင် ညီညွတ်မျှတသောဝေစု အဖြစ်ပါဝင်ခွင့်ပြုစေခြင်းနည်းလမ်းကိုလည်း ရွေးချယ်နိုင်သည်။(တိုင်ဝမ်နှင့်တောင်ကိုရီးယား ဥပမာ)

(၄) မြေမဲ့ယာမဲ့ ဖြစ်ပြီး၊ နေ့စားအခကြေးငွေဖြင့် လုပ်ကိုင်နေရသည့် လယ်ယာလုပ်သားများပါဝင်သည့် အုပ်စု ဖြစ်သည်။ ပဏာမလေ့လာချက်များအရ အလွန်ကြီးမားသည့်အုပ်စုဖြစ်လေရာ၊ တစ်ဧကမှ ငါးဧကအထိဟူသည့် ပီပြင်သော လုပ်ကွက်ငယ်တောင်သူများအဖြစ်၊ အဆိုပါမြေမဲ့ယာမဲ့အားလုံး (သို့မဟုတ်) အများစုအတွက် မြေယာချထားပေးနိုင်ရန် မြေအလုံအလောက်ရရှိရေးမှာ ဖြစ်နိုင်ဘွယ် မရှိချေ။ (အစိုးရပိုင် မြေများမှာလည်း ဝင်ရောက်လုပ်ကိုင်နေကြပြီးဖြစ်သလို၊ အခြားရနိုင်သည့် မြေများမှာလည်း အလွန်ဈေးကြီးမည်ဖြစ်သည်။)

**ကုစားခြင်း။** မြေရရှိနိုင်မည့်အခြေအနေပေါ်မူတည်လျှက်၊ အထူးသဖြင့် အစိုးရပိုင်မြေများကို (စာရင်းပြုစုထားသင့်သည်။) မြေမဲ့ယာမဲ့လယ်ယာအလုပ်သမားများအား မြေ ၁ဧက နှင့် အထက်ကို ခွဲဝေပေးနိုင်သည်။ ဤသို့ခွဲဝေမပေးနိုင်ခဲ့သော်၊ ယခင်က တရုတ်ပြည်တွင် ဆောင်ရွက်ခဲ့သကဲ့သို့၊ သို့မဟုတ် အိန္ဒိယ၏ပြည်နယ် အများစုတွင် ဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဧက၏ဆယ်ပုံတစ်ပုံ အိမ်ခြံဥယျာဉ်ကွက်များအဖြစ် ခွဲဝေပေးခြင်းသည် အကောင်းဆုံး

ဖြေရှင်းနည်းပင် ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အကျိုးသက်ရောက်မှုအပေါ် တိုးချဲ့အစီအစဉ်များဆောင်ရွက်ပေးခြင်းနှင့်အတူ ချေးငွေရရှိရေးကိုပါ ဆောင်ရွက်ပေးခြင်းဖြင့်၊ ရရှိမည့်အကျိုး သက်ရောက်မှုကို ချဲ့ထွင်နိုင်ပေသည်။ မြေယာချထားခြင်းနှင့်အတူ ကိုယ်ပိုင် အသုံးပြုခွင့် အခွင့်အရေးများ အနေဖြင့် မိမိသဘောအလျောက် လွတ်လပ်သော ဈေးကွက် ကိုပါ ဆက်သွယ်နိုင်ခွင့် ရရှိစေသင့်သည်။ အကျိုးခံစားခွင့်ရရှိမည့်သူ တစ်ဦးချင်းစီ၏ မိသားစုအတွက် သေးငယ်သောအရွယ်အစားဖြင့် တတ်နိုင်သမျှ ဝေငှပေးမှုမျိုးလဲ ဖြစ်သင့် သည်။(မြေဈေးနှုန်းများ မတန်တဆမြင့်တင်ထားခြင်းမျိုးကို တရားမဝင်ကြောင်း ပြဋ္ဌာန်းထား သည့် ဥပဒေများရှိရန်လိုအပ်သကဲ့သို့ အဆိုပါဥပဒေကို အသုံးချရန်လည်း လိုအပ်ပေသည်။)

(၅) အိမ်ထောင်စုများတွင် အမျိုးသားများ၏မြေယာအခွင့်အရေးများ လုံခြုံခိုင်မာမှုရှိနေစေကာမူ၊ အမျိုးသမီးများ၏ မြေယာအခွင့်အရေးများအတွက် ရှင်းလင်းစွာ အာရုံစူးစိုက် ဆောင်ရွက်ရန် လိုအပ် လျက်ရှိနေသည်။ ဥပဒေလူမှုဝန်ထမ်းများက ကူညီဆောင်ရွက်နေသည့် လယ်ယာမြေမှတ်ပုံတင်ရန် ကိစ္စရပ်များတွင် အများစုမှာ (၈၄% ခန့်) အမျိုးသားများသာ ဖြစ်လေရာ၊ လယ်ယာမြေ အသုံးပြု ခွင့်လက်မှတ်အပေါ်တွင်၊ အမည်တစ်ခုသာ အသုံးပြုရမည်ဟု ကန့်သတ်ထားပါက၊ အမျိုးသမီး များအတွက် နစ်နာမှုရှိနိုင်ပေမည်။

**ကုစားခြင်း။** ဥပဒေများတွင် လိုအပ်သောနေရာများ၌ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့် အပေါ် တန်းတူအခွင့်အရေး ရရှိစေရန် အတိအလင်း အသိအမှတ်ပြု ပြဋ္ဌာန်းသတ်မှတ်ပေး သင့်သည်။ (ဥပမာ- မြေကွက်သစ်များ၊ သို့မဟုတ် မြေကွက်ငယ်များ ချထားပေးသည့်အခါ ဇနီးသည်၏အမည်ကို ပူးတွဲပိုင်ဆိုင်သူ အဖြစ်ဖော်ပြနိုင်ရန် မျဉ်း(၂)ကြောင်းစာ နေရာ ချန်ထားခြင်း။ ခင်ပွန်းဖြစ်သူက မြေကွက်ကို ရောင်းချသည့်အခါ၊ ခင်ပွန်းဖြစ်သူက အဆိုပါ မြေကွက်ကို သူပိုင်ပါသည်ဟု အတိအလင်းမဖော်ပြနိုင်လျှင်၊ အမည်ပေါက် စာရွက် စာတမ်း များပေါ်တွင် ဇနီးသည်၏ သဘောတူညီချက်လိုအပ်စေခြင်း။ မြေယာမှုခင်းများအပေါ် ရိုးရာ အစဉ်အလာ အဖွဲ့အစည်းများက စစ်ဆေးဆုံးဖြတ်သည့်အခါ၊ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးများအား အပြည့်အဝ ကိုယ်စားပြုပါဝင်စေခြင်း၊ စသည်တို့ဖြစ်သည်။)

**(ဂ) အာရှတွင် အောင်မြင်သည့် လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးအတွက် အခြေခံအုတ်မြစ် (၃)ခု။**

လုပ်ကွက်ကျယ်စိုက်ပျိုးရေးလုပ်ငန်းများ ၊ စက်မှုအခြေပြုစိုက်ပျိုးရေးများကို အပြောင်းအလဲအဖြစ်၊ လိုအပ်မည့်၊ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကို အခြေခံရန်စဉ်းစားသည့်အခါ ပေါ်ထွက်လာသည့် သဘာဝ ကျသည့် မေးခွန်းများမှာ- အာရှငါးနိုင်ငံ၏အောင်မြင်မှုသမိုင်းများတွင် မည်ကဲသို့ဆောင်ရွက်ခဲ့သနည်း။ ကြွယ်ဝသော စီးပွားရေးအင်အားကိုဖန်တီးနိုင်ရန်ဦးတည်သည့် စက်မှုအခြေပြုစိုက်ပျိုးရေးထက် ထုတ်လုပ်မှု ပိုမိုအားကောင်းသော ဆင်းရဲသူများအခြေပြု လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုထူထောင်ရန်၊ မြေယာလုံခြုံ စိတ်ချ ရမှုမရှိသည့် သီးစားလယ်သမားများဖြင့် စုစည်းထားသည့် နိုင်ငံတစ်နိုင်ငံအား၊ မည်သည့်ဖေါ်မြူလာဖြင့် ဖေါ်ဆောင်နိုင်လေမည်နည်း။ အဖြေမှာ အောက်ပါသော့ချက် (၃) ခုပင် ဖြစ်သည်။

(၁) မျှတသောမြေယာခွဲဝေမှု၊

(၂) လုပ်ကွက်ငယ်တောင်သူများအား စိုက်ပျိုးရေးအတွက်တိုးချဲ့လုပ်ငန်းများနှင့် အခြားကျေးလက် ဖွံ့ဖြိုးရေး ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊

(၃) လုပ်ကွက်ငယ်တောင်သူများကို ငွေချေးနိုင်ရန်စီစဉ်ပေးမှု

**(၁)မျှတသောမြေယာခွဲဝေချထားပေးမှု**

မြန်မာနိုင်ငံနှင့်ပတ်သက်လျှင် မြေမဲ့ယာမဲ့များအထူးပေါ်များသည်ကို ရှင်းလင်းစွာသိပြီးဖြစ်ပါသည်။ ဆိုရှယ်လစ် အစွန်းရောက်စနစ် (သမဝါယမလယ်ယာ)နှင့် အရင်းရှင်အစွန်းရောက်စနစ် (မြေရှင်သီးစားစနစ် သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းကြီးများ) နှစ်ခုလုံးအနက်၊ မည်သည့်စနစ်မှ ထုတ်လုပ်မှုတည်ငြိမ်စေသည့် အကျိုးသက် ရောက်မှုနှင့် ကြွယ်ဝသည့်လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖေါ်ဆောင်နိုင်မှု မရှိကြောင်း သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သည်။ အာရှငါးနိုင်ငံ၏အောင်မြင်မှုများအရ ပထမဆုံးလှမ်းရမည့်ခြေလှမ်းသည် မြေယာ အခွင့်အရေးများ လုံခြုံစိတ်ချရမှုမရှိသော သီးစားတောင်သူများအား မျှတစွာမြေယာခွဲဝေချထားပေးခြင်း ဖြစ်ပါသည်။ မြေယာခွဲဝေရာတွင် အစိုးရမှစီမံခန့်ခွဲနိုင်သောမြေများအပြင် လုပ်ကွက်ကျယ် မြေရှင်ကြီး များထံ မှ မြေများကို လျော်ကြေးပေးပြီး ခွဲခြမ်းရယူ၍ ခွဲဝေပေးရပါမည်။ (အာရှတိုက်ရှိ မြေယာပြုပြင်ပြောင်းလဲ ရေး ဆောင်ရွက် ခဲ့သည့်နိုင်ငံများအနက် အချို့နိုင်ငံများသည် ဤအချက်ကိုဆောင်ရွက်ခြင်းမရှိသဖြင့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းမှာ အောင်မြင်မှုမရရှိခဲ့ပေ (ဥပမာ ဖိလစ်ပိုင်နိုင်ငံ)။ မြန်မာနိုင်ငံ၏ တိုးတက်ရေးကို ရှေးရှုသော အမျိုးသားမြေအသုံးချရေးမူဝါဒ (ဆဋ္ဌမအကြိမ်မြောက်မူကြမ်း)တွင် ထိုသို့သော မြေယာခွဲဝေချ ထားသည့် အစီအစဉ်မျိုးလိုအပ်ပါသည်။ အပိုင်း(၃) စီမံကိန်းရေးဆွဲခြင်း နှင့် မြေအသုံးချမှုပြောင်းလဲခြင်း၊ အပိုဒ်(၁၉(ဈ))တွင်လည်း 'မြေမဲ့ယာမဲ့ပြည်သူများအား၊ မြေယာခွဲဝေချထားနိုင်ရန် အရန်မြေနေရာသတ်မှတ် ပေးရန်ဆောင်ရွက်ပေးခြင်း' ဟူ၍ ပါရှိပြီး အစိုးရတွင် ခရိုင်အဆင့်မြေအသုံးချမှုစီမံချက်များရေးဆွဲ အကောင်အထည်ဖေါ်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိပါသည်။ အပိုင်း (၄)၊ 'အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့် ငှားရမ်းခြင်း'၊ အပိုဒ် (၁၀(စ)) တွင် 'မြေမဲ့ယာမဲ့များကို မြေယာခွဲ ဝေချထာ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်' ဟု အရေးပါလှသည့် ပံ့ပိုးမှုကိုထည့်သွင်းထားကြောင်း တွေ့ရှိရသည်။ ဤလုပ်ငန်းအခြေ တည်ချိန်တွင် ပထမအဆင့်အနေဖြင့် မြေယာမဲ့များအား မျှတသော မြေယာခွဲဝေချထားမှု သို့ဦးတည်မည် ဖြစ်ပြီး လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးအား တိုးမြှင့်ဖေါ်ဆောင်ရ မည်ဖြစ်သည်။

မျှတသောမြေယာခွဲဝေမှုကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ မြေယာပိုင်ဆိုင် လုပ်ကိုင်မှု စိတ်ချရစေမည့် အခြားဆောင်ရွက်ချက်များအရလည်းကောင်း၊ အာရှ၏အောင်မြင်မှု သာဓက (၃)

ခုမှာ ဂျပန်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့၏ 'လယ်လုပ်သူသာ၊ လယ်ပိုင်ခွင့်' ဟူသည့် မြေယာပြုပြင်ပြောင်းလဲရေးအစီအစဉ်များပင် ဖြစ်သည်။

**ဂျပန်နိုင်ငံ**

၁၉ရာစုနှောင်းပိုင်းမေဂျီပြုပြင်ပြောင်းလဲရေး၏နောက်ဆက်တွဲအဖြစ် ဂျပန်မြေယာပြုပြင် ပြောင်းလဲ ရေး ဒုတိယလှိုင်းမှာ၊ ဒုတိယကမ္ဘာစစ်လွန်ကာလတွင် ပေါ်ထွက်လာသည့် ၁၉၄၆ ခုနှစ် လယ်ယာမြေ ဥပဒေပင်ဖြစ်သည်။ ဤဥပဒေတွင် မြေယာပိုင်ဆိုင်မှုအတွက် အများဆုံးပမာဏကို ကန့်သတ်ထားလေရာ၊ ကိုယ်ပိုင်စိုက်ပျိုးရေးအတွက် (၃) ဟက်တာ၊ သီးစားချထားပြီး အခြေချနေထိုင်သူ မြေပိုင်ရှင်များ အတွက် (၁) ဟက်တာဖြစ်ပြီး၊ အဝေးရောက်မြေပိုင်ရှင်များကို မြေယာပိုင်ဆိုင်ခွင့်မှ လုံးဝကန့်သတ်ထားသည်။ ဥပဒေတွင် ဧကများစွာ ပိုင်ဆိုင်သော မြေပိုင်ရှင်ကြီးများအတွက် လျော်ကြေးကို အနှစ်သုံးဆယ် စာချုပ်ဖြင့် ပေးလျော်ပြီး ပေးလျော်သည့်ပမာဏမှာမူ မြေတန်ဖိုးနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးသည်။ ပြုပြင်ပြောင်းလဲရေးကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး၊ ဒေသဆိုင်ရာ မြေယာကော်မတီများမှ ပြုပြင်ပြောင်းလဲရေး ကာလအတွင်း၊ မြေပိုင်ရှင်များ၏ လက်ဦးမှုရယူသည့် မှုမမှန်သောမြေယာလွှဲပြောင်းခြင်းအပါအဝင် အခြား အခက်အခဲမျိုးစုံကို သုံးသပ်၍ အကောင်အထည်ဖော်ခဲ့ရသည်။ ပြန်လည်ဝေငှခြင်းမပြုမီ လပေါင်းများစွာအတွင်း မြေယာမတရား သိမ်းယူရန် ကြိုးစားမှုပေါင်း (၂၅၀,၀၀၀) မျှ ရှိခဲ့သည်ဟု၊ မြေယာကော်မီတီများ၏ ဖော်ထုတ်ချက်အရ သိရသည်။ ပြုပြင်ပြောင်းလဲရေး၏ ပထမနှစ်ကုန်ပြီးနောက် မြေယာအကြမ်းဖက်မှု ပေါင်း (၁၁၀) မှုသာရှိခဲ့ကာ၊ သေဆုံးမှုတစ်စုံတစ်ရာ မရှိခဲ့ပေ။ ဆယ်နှစ်ခန့်အတွင်း၊ ဂျပန်နိုင်ငံ၏မြေယာစုစုပေါင်း၏ (၉၀) ရာနှုန်းသည် လုပ်ကွက်ငယ်တောင်သူများပိုင်ဆိုင်လုပ်ကိုင်ခဲ့ကာ၊ နောင်ဆယ်စုနှစ်အတွင်း စိုက်ပျိုး ထုတ်လုပ်မှု တစ်နှစ်ပြီးတစ်နှစ် မြင့်တက်လာခဲ့သည်။

**တောင်ကိုရီးယားနိုင်ငံ**

၁၉၄၉ ခုနှစ်၊ မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးအက်ဥပဒေ(၁၉၄၉) သည် တောင်ကိုရီးယား၏ မျှတသောမြေယာခွဲဝေမှုနှင့် လုပ်ကွက်ငယ်တောင်သူစိုက်ပျိုး ထုတ်လုပ်မှုအတွက် အရွေ့ တစ်ခုဖြစ်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေး မဖော်ဆောင်မီက၊ မြေယာပိုင်ဆိုင်မှုအခြေအနေမှာ၊ အလွန်မမျှမတဖြစ်ခဲ့ပြီး တောင်ကိုရီးယား အိမ်ထောင်စု စုစုပေါင်း၏ (၄) ရာခိုင်နှုန်းသည်၊ စိုက်ပျိုးမြေ၏ (၅၅) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထား ခဲ့ကြသည်။ ဂျပန်နိုင်ငံမှာကဲ့သို့ပင် မြေယာပိုင်ဆိုင်မှုအတွက် အများဆုံးပမာဏကို (၃) ဟက်တာအဖြစ် ကန့် သတ်ခဲ့ပြီး မြေပိုင်ရှင်များကိုလည်း၊ အလားတူ နည်းပါးသော လျော်ကြေးငွေကိုသာ ပေးလျော်ခဲ့သည်။ ပြုပြင်ပြောင်း လဲမှုအရ တောင်သူလယ်သမားများ၏ (၅၀) ရာခိုင်နှုန်းသည် (၀.၅)ဟက်တာအောက် ပိုင်ဆိုင်ခဲ့ပြီး တောင်သူမိသားစု၊ စုစုပေါင်း၏ (၁၀) ရာခိုင်နှုန်းသာ မြေယာပိုင်ဆိုင်ခဲ့ရာမှ (၇၀) ရာခိုင်နှုန်းအထိ တိုးတက် ပိုင်ဆိုင်လာခဲ့ကြသည်။ ဤလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အများစုသော တောင်သူမိသားစုများမှာ မြေယာလုပ်ပိုင်ခွင့်လုံခြုံစိတ်ချရသည့်၊ ကျဉ်းမြောင်းသော မြေကွက်ငယ်များကို ပိုင်ဆိုင်ခဲ့ကြပြီး၊ ယခင်က သီးစားလုပ်ကိုင်သူ တောင်သူများစိုက်ပျိုးလုပ်ကိုင်ပေးရသည့် စိုက်ခင်းကျယ်ကြီးများထက် ဆန်စပါး ထုတ်လုပ်မှုကို သိသာစွာတိုးမြင့်ထုတ်လုပ်နိုင်ခဲ့ကြရာ၊ တောင်ကိုရီးယား၏ အံ့မခန်း စီးပွားရေး၏ အခြေခံအုတ်မြစ်အဖြစ် ပံ့ပိုး နိုင်ခဲ့သည်။

**ဗီယက်နမ်နိုင်ငံ**

ယခုအခါ လင်ဒက်ဆာအဖွဲ့ကြီး မှ USAID အကူအညီဖြင့် ပုံစံတူဆောင်ရွက်ရန်ရည်မှန်းထားသည့် ဗီယက်နမ်၏ 'လယ်လုပ်သူသာ လယ်ပိုင်ရေး' အစီအစဉ်သည်၊ အကောင်အထည်ဖော်စဉ်က ပြည်တွင်းစစ်၏ အလယ်ကာလတွင်ဖြစ်သည်။ မြေယာခွဲဝေချထားခြင်းကို အဆင့်သုံးဆင့်ဖြင့်ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးကို စတင်ဖော်ဆောင်ခဲ့သော်လည်း၊ မြန်မာနိုင်ငံတွင်ကဲ့သို့ မြေပိုင်ရှင်ကြီးများနှင့် တပ်မတော်မှ မြေယာသိမ်းယူခြင်း၊ မြေပေါ်မှနှင်ထုတ်ခြင်း၊ ဥပဒေနှင့်မလျော်စွာ ငှားရမ်းခများကောက်ခံခြင်း စသည်တို့ကဲ့သို့သော "အနုတ်လက္ခဏာဆောင်သည့် မြေယာပြုပြင်ပြောင်းလဲရေး" ဖြင့် အဆုံးသတ်ခဲ့ရသည်။ နောက်ထပ်တစ်နှစ်ဖြစ်သော ၁၉၆၉ ခုနှစ်တွင် အစိုးရပိုင်မြေများကို လုပ်ကွက်ငယ်တောင်သူများထံသို့ ဝေငှခဲ့ပါသည်။ ထို့နောက် ၁၉၇၀ တွင် ပုဂ္ဂလိကပိုင်မြေ များကို သင့်လျော်သောပေါက်ဈေးအတိုင်းပေးလျော်၍ ဝေငှခဲ့ပြန်သည်။ ရလာဒ်အဖြစ် တောင်သူလယ်သမားများသည် တစ်ဧကမှ သုံးဧကအထိရှိသော မြေကွက်ငယ်များကို ရရှိခဲ့ပြီး သီးစားတောင်သူပေါင်းတစ်သန်းသည် လုံခြုံစိတ်ချရသော မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးကိုရရှိခဲ့ကြသည်။ လျော်ကြေးနှုန်းထားကိုလည်း နှစ်စဉ်စပါးအထွက်နှုန်း၏ ၂ ½ ဆ သတ်မှတ်ပြီး ငွေကြေးလျော်ကြေးအတွက် (၂၀) ရာခိုင်နှုန်းကို လက်ငင်းပေးချေကာ (၈၀) ရာခိုင်နှုန်းအတွက် တစ်နှစ်လျှင် အတိုး(၁၀) ရာခိုင်နှုန်းဖြင့် (၈)နှစ် စာချုပ်ဖြင့်ပေးလျော် ခဲ့သည်။ သုံးနှစ်လွန်သောအခါ ဆန်စပါးထုတ်လုပ်မှု (၃၀) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး၊ ဗီယက်ကောင်းတပ်သားစုဆောင်းမှုသည် (၈၀) ရာခိုင်နှုန်း အထိ ကျဆင်း လာခဲ့လေသည်။

## (၂) စိုက်ပျိုးရေးတိုးချဲ့လုပ်ငန်းများနှင့် အခြားကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ

အာရှ (၅) နိုင်ငံအောင်မြင်မှုများ၏ ဒုတိယအရေးပါသောအချက်သည် မြေယာလုံခြုံစိတ်ချ မှုရရှိလာသော လုပ်ကွက်ငယ်တောင်သူအသစ်များအား စိုက်ပျိုးရေးအတွက်တိုးချဲ့ပံ့ပိုးဝန်ဆောင်မှုများ ဖြစ်ပါသည်။ ယုံကြည်မှုရှိပြီး၊ စွမ်းဆောင်နိုင်သည့် တောင်သူမိသားစုများအဖြစ် တည်ဆောက်ရာတွင် စိုက်ပျိုးရေး တိုးချဲ့ဝန်ဆောင်မှုများသည် မရှိမဖြစ်လိုအပ်လျက်ရှိပြီး၊ တောင်သူများအနေဖြင့် ပုံမှန်ရယူနိုင်ခွင့်ရှိရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ၁၉၄၀ခုနှစ်များက၊ ဂျပန်နိုင်ငံတွင်၊ စိုက်ပျိုးရေးတိုးချဲ့ဝန်ဆောင်မှုများမှာ မည်မျှ ပြန့်နှံ့သနည်းဆိုသော်၊ အစိုးရအနေဖြင့် တစ်ရွာလျှင် စိုက်ပျိုးရေး ကျွမ်းကျင်သူ သို့မဟုတ် ပညာပေးသူ တစ်ယောက်စီ ထားရှိနိုင်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်၊ အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ ဤကဲ့သို့သော စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ မျိုးစေ့၊ ရေသွင်းရေထုတ်၊ မြေဆီလွှာ၊ တိရိစ္ဆာန်မွေးမြူရေးနှင့် များစွာသော ဘာသာရပ်များအတွက် နည်းပညာဆိုင်ရာ အကြံပေးမှုပင်ဖြစ်သည်။

စိုက်ပျိုးရေးတိုးချဲ့ဝန်ဆောင်မှုလုပ်ငန်းများ မပါရှိပဲ မြေယာခွဲဝေပေးခြင်းတစ်ခုတည်းဆိုပါက တောင်သူ လယ်သမားများသည် မြေယာဈေးကွက်၏ ဖိအားတွင် ပိတ်မိသွားမည်ဖြစ်ပါသည်။ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံတွင် တောင်သူလယ်သမားများသည် လုံခြုံစိတ်ချရသောမြေယာပိုင်ဆိုင်ခွင့်ရှိသော်လည်း ယင်း လယ်ယာ မြေကိုရေရှည်ထိမ်းသိမ်းနိုင်စွမ်းမရှိသဖြင့် မကြာမကြာပင် လယ်သမားများ သတ်သေသည်ကို ကပ်ဆိုးတစ်ခုကဲ့သို့ ကြုံတွေ့နေရသဖြင့် အိန္ဒိယနိုင်ငံအတွက် စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်း များသည် သေရေးရှင်ရေးတမျှ အရေးပါသောကိစ္စရပ်တစ်ခုဖြစ်လေသည်။ ယနေ့ အိန္ဒိယနိုင်ငံတွင်၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့်ဖိအားမှာ၊ စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်းသည် လုပ်ကွက်ငယ်တောင်သူများအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်ကြီးတစ်ရပ်ပင်

ဖြစ်လေသည်။ သီးနှံစိုက်ပျိုးမှု ပညာရှင်များ၏ အဆိုအရ ယင်းကဲ့သို့ အကြံပေးခြင်းနှင့် ပံ့ပိုးခြင်းတို့မရှိပါက တောင်သူငယ် များသည် မြေဈေးကွက်၏ ဖိအားဝင်ရောက်လုည့်လည် ထိုးနက်ခြင်း၏ သားကောင် အဖြစ်သို့ ကျရောက်သွားနိုင်သည်။ အစိုးရ၏ ကောင်းမွန်သောစိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်ပေးမှုမရှိခြင်းကြောင့် တောင်သူလယ်သမားများသည် ကြီးကျယ်သောစိုက်ပျိုးရေးအခြေခံလုပ်ငန်းကြီးများ၏ အကျိုးအမြတ်ကို ကိုယ်စားပြုသော ရပ်ရွာတွင်းရှိဈေးသည်များ၏ မေတ္တာရိပ်ကိုခိုလှုံရတော့သည် ဟုဆိုလေသည်။ (Ravindran, 2015)။ မဟာရာချတ္တရပြည်နယ်၊ အမရဝတီခရိုင်နေ တောင်သူတစ်ယောက်မှလည်း "တောင်သူတွေ အတင်းအကြပ် နင်ထုတ်ခံရခြင်းအကြောင်းက မြေဆီလွှာ၊ ဦးပိုင်အကျယ်အဝန်း၊ ဆည်ရေရရှိမှုနှင့် အခြား လိုအပ်ချက်များ အပေါ်အခြေခံထားသည့်၊ 'အနံကြီးကွင်းကျယ်'၊ စက်မှုအခြေပြု စီမံကိန်းအစီအစဉ်များ ကြောင့် ဖြစ်ရသည်။ ဝါဂွမ်းကဲ့သို့သော ငွေပေါ်သီးနှံများအတွက်၊ အထွက်တိုးမျိုးစေ့များ၊ ဈေးကြီးသည့် ပိုးသတ်ဆေး၊ မြေသြဇာတွေ အားလုံးကို အကြွေးစနစ်ဖြင့် ဝယ်ကြရသည်။ သီးနှံပျက်စီးဆုံးရှုံးသည့်အခါ၊ အားလုံး ထောင်ချောက်ထဲပိတ်မိကုန်ကြတာပဲ"ဟု၊ နည်းပညာပံ့ပိုးမှုမရှိခြင်း၏ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အကျိုးသက် ရောက်မှုကို ရှင်းပြခဲ့သည်။

အိန္ဒိယနိုင်ငံရှိ ကြိုတင်ပြင်ဆင်မှုမရှိသော၊ ထိုပြဿနာနှင့်ကြုံတွေ့နေရသည့် လုပ်ကွက်ငယ် တောင်သူ များအားရည်ရွယ်ကာ အချို့ပြည်နယ်များတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ လုပ်ငန်းများကို တိုးမြှင့်လျက်ရှိပြီး၊ ထိုလုပ်ငန်းများနှင့် အစိုးရ၏မြေယာချထားမှုနှင့် လုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း အစီအစဉ်များကို ချိတ်ဆက်လုပ်ကိုင်လျက်ရှိသည်။ သာဓကအဖြစ်ပြရလျှင် ဩဒိရှ ပြည်နယ်တွင် 'လူမျိုးစုအုပ်စုများ၏ အသက်မွေးမှုနှင့် လုပ်ပိုင်ခွင့်တိုးမြှင့်စေသည့်' အစီအစဉ်ဖြင့်၊ တိုင်းရင်းသား များ အတွင်းမှ မြေယာမဲ့များ နှင့် မြေယာလုံခြုံစိတ်ချမှုမရှိသူများအား၊ လုပ်ကွက်ငယ်တောင်သူများနှင့် အိမ်ခြံဉယျာဉ်စိုက်ပျိုး သူများအတွက်တိုးစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့ဝန်ဆောင်မှုများ ပံပိုးခြင်းဖြင့် ကူညီဆောင်ရွက် ခဲ့သည်။ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩဒိရှပြည်နယ်တို့တွင် အစိုးရသည် လင်ဒက်ဆာ ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ၊ စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးမှုလုပ်ငန်းများနှင့် မြေယာအမည် ပေါက်ဆောင်ရွက်ခြင်း လုပ်ငန်းများအပြင်ရေရရှိရေး၊ တိရိစ္ဆာန်မွေးမြူရေးအစရှိသော အခြား ထောက်ပံ့မှုများ ကိုပါပံ့ပိုး ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အဆင့်အနေဖြင့်မူ အိန္ဒိယအမျိုးသားကျေးလက်အိမ်ခြံဉယျာဉ်မြေ ထောက်ပံ့ခြင်း အက်ဥပဒေ(၂၀၁၄) ကိုရေးဆွဲပြီး လုပ်ကွက်ငယ်တောင်သူများ အကျိုးအတွက် အစိုးရ ဝန်ဆောင်မှု (၁၄) ခုပါဝင်ဆောင်ရွက်စေကာ ဆင်းရဲသားအိမ်ထောင်စုများကို ပံ့ပိုးကူညီရန် တာဝန်ရှိသည့် ပြည်နယ်၊ ခရိုင်မှ ရပ်ကွက်အဆင့်အထိ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှု များလိုအပ်လျက်ရှိပါသည်။

တရုတ်နိုင်ငံတွင် အစိုးရအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့ရေးလုပ်ငန်းများ ဥပဒေသစ်ကို လုပ်ကွက် ငယ်တောင်သူများ၏ နည်းပညာဗဟုသုတလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက် ရည်စူး၍ ထုတ်ပြန်ခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်သော၊ ၂၀၁၃ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနည်းပညာတိုးချဲ့ရေးဥပဒေတွင် ဒေသဆိုင်ရာအစိုးရသည် တောင်သူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများ များအတွက်၊ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးအသုံးပြုမှု၊ စိုက်ပျိုးခြင်းနှင့် ထွန်ယက်ပျိုးထောင်ခြင်းနည်းပညာ များ၊ ရေသွင်းရေထုတ်၊ မြေဆီလွှာ ထိန်းသိမ်းခြင်း၊ မြေဆီလွှာအရည်အသွေးမြှင့်တင်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန် အရည်အသွေးနှင့် တိရိစ္ဆာန်မွေးမြူခြင်းနှင့်ပတ်သက်သော နည်းပညာဆိုင်ရာကူညီပံ့ပိုးမှုအပါအဝင် စိုက်ပျိုးရေး ဆိုင်ရာပံ့ပိုးရေးလုပ်ငန်းများကို အခမဲ့ပံ့ပိုးပေးရန်လိုအပ်သည်ဟု ပါဝင်ပါသည်။

မြန်မာနိုင်ငံအခြေအနေတွင် တောင်သူလယ်သမားအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များသည် စိုက်ပျိုးရေးအတွက် အလွန်အရေးပါသော မြေဆီလွှာ၊ ရေသွင်းရေထုတ်၊ စိုက်ပျိုးခြင်း၊ ထွန်ယက်ပျိုးထောင်ခြင်း ဆိုင်ရာကိစ္စရပ်များကဲ့သို့သော နယ်ပယ်များအတွက် သတင်းအချက် အလက်နှင့် နည်းပညာရရှိရေး လိုအပ်မှုများရှိကြောင်း အလေးထားတင်ပြခဲ့ကြပါသည်။ အမျိုးသားမြေအသုံးချမှုမူဝါဒ၏ (၆) ကြိမ်မြောက်မူကြမ်းတွင် အပိုင်း-၁၂၊ သုတေသနပြုခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အပိုဒ်-၇၇(ဆ)တွင် "မြေအမျိုးမျိုးကို စဉ်ဆက်မပြတ် အသုံးချရေးအတွက် စီမံဆောင်ရွက်ရန် အကောင်းဆုံးနည်းလမ်းများ" ဟူ၍လည်းကောင်း၊ အပိုဒ် -၇၇(ဠ)တွင် "မြေဆီလွှာပေါ်မူတည်၍ သင့်လျော်သော မြေအသုံးချနိုင်သည့် နည်းလမ်းများကို ရွေးချယ်ကျင့်သုံးခြင်း" ဟူ၍ အထူးပြုဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေ မူကြမ်းတွင် စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့ရေး လုပ်ငန်းများအတွက် ပိုမိုကျယ်ပြန့်စွာ ဖော်ပြထားခြင်းမရှိချေ။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်၊ ပေါ်ထွက်လာမည့် အမျိုးသား မြေအသုံးချမှုဥပဒေ၏ အောက်တွင် ထိုလုပ်ငန်းများဆောင်ရွက်ရန်အတွက် သတ်သတ်မှတ်မှတ် ထည့်သွင်း ပြဋ္ဌာန်းသင့်ပေသည်။

### (၃) ဈေးငွေရယူနိုင်မှု

အာရှစီးပွားရေးအင်အားများ တည်ဆောက်ခြင်းအတွက် ညွှန်းဆိုရာတွင်၊ တတိယမြောက် အရေးပါသည့်အချက်မှာ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများအနေဖြင့် ဈေးငွေရယူနိုင်မှုပင် ဖြစ်သည်။ 'အာရှဘယ်လိုလုပ်သလဲ' စာအုပ်ရေးသူ Joe Studwell က၊ ထိုနိုင်ငံများ၏ စီးပွားရေးအောင်မြင်မှုများကို လေ့လာချက်တစ်ရပ်တွင် ယခုမြန်မာနိုင်ငံ ရင်ဆိုင်နေရသည့်၊ အကူးအပြောင်းကာလတွင် အဓိကကျသော မြေယာပြုပြင်ပြောင်းလဲရေးဖော်ဆောင်ရွက်ရာ၌ တောင်သူလယ်သမားများအတွက် အတိုးနည်း သို့မဟုတ် အတိုးမဲ့ဈေးငွေသည် အထူးပင် အရေးပါလှကြောင်း ဖော်ပြထားခဲ့သည်။ လယ်ယာလုပ်သားများ သို့မဟုတ် သီးစားလယ်သမားများနှင့်မတူပဲ၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံခိုင်မာသော လုပ်ကွက်ငယ်တောင်သူများ၏ အောင်မြင်မှုရရှိခဲ့ခြင်းမှာ၊ ယင်းတို့၏မြေအပေါ်တွင် ရေတို၊ရေရှည်ရင်းနှီးမြှုပ်နှံမှုများအတွက် ယုံကြည်စိတ်ချရ၍ ဖြစ်လေသည်။ ယုံကြည်ချက်တစ်ခုတည်းဆိုလျှင်ကား မလုံလောက်သေးပါ။ အောင်မြင်မှုဖြစ်စဉ်ကို ခုန်ကျော်ဝင်ရောက်နိုင်ရေးအတွက် ထိုသို့ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အရင်းအနှီးထောက်ပံ့ ပေးရန်လိုအပ်လေသည်။ဂျပန်နိုင်ငံတွင် အခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည့်၊ လယ်ယာကုန်ထုတ်လမ်းများ ဖေါက်လုပ်ပေးခြင်းနှင့်အတူ၊ ဈေးငွေအစီအစဉ်လည်း ကပ်လျက်ပါရှိခဲ့လေသည်။ ဤအချက်သည် ဗဟိုချုပ်ကိုင်သည့် စစ်တပ်ကြီးစိုးသောအစိုးရအုပ်ချုပ်ပြီး၊ စိုက်ပျိုးရေးကဏ္ဍတွင် မြေရှင်ကြီးများ ကြီးစိုးနေသော အခြေ အနေမှ၊ လုပ်ကိုင်ခွင့်လုံခြုံခိုင်မာသည့် လုပ်ကွက်ငယ်တောင်သူများက ထောက်ပံ့ထားသည့် လွတ်လပ်သည့် ဒီမိုကရက်တစ်ဈေးကွက်စီးပွားရေးနိုင်ငံအဖြစ်ပြောင်းလဲခဲ့သည့် အဖြေ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။ တောင်သူလယ်သမားမိသားစုများအနေဖြင့်၊ သိသာထင်ရှားသော အကူးအပြောင်းကာလကို ယုံကြည်စွာလမ်းပြဖေါ်ဆောင်နိုင်ရန်နှင့် သူတို့၏ မြေယာများအပေါ် ရင်းနှီးမြှုပ်နှံနိုင်စေမည့် နည်းလမ်းများကို လိုအပ်လျက်ရှိလေသည်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်တွင် နမာတိ နှင့် လင်ဒက်ဆာအဖွဲ့ကြီးတို့၏ ကွင်းဆင်းဆောင်ရွက်စဉ်အတွင်း၊ တောင်သူလယ်သမားဖွံ့ဖြိုးရေး ဈေးငွေအစီအစဉ်ကို၊ တရုတ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသည်ကို သိရှိခဲ့ရပါသည်။ ထိုအစီအစဉ်ကို မြစ်မ်းရောင်စီမံချက်ဟုခေါ်ပြီး တလုံးတခဲဈေးငွေ (၃) သိန်းကျပ် (အမေရိကန်ဒေါ်လာ ၃၀၀ခန့်)ကို အလွန်နည်းပါးသောအတိုးနှုန်း (တစ်နှစ်လျှင် ၁ ရာခိုင်နှုန်း) ဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ

လုပ်ကိုင်သည့် ရွာသားများသို့ ချေးငွေထောက်ပံ့လျက်ရှိသည်။ ချေးငွေပမာဏ သည် အမျိုးမျိုးပြောင်းလဲနိုင်ပြီး အဖွဲ့ငယ်ကလေးများဖွဲ့စည်း၍ ပြန်ဆပ်ရန်အတွက် ဝိုင်းကြီးချုပ်စနစ် ဖြင့်အာမခံကာ ချေးငွေကိုမျှဝေခွဲယူသည့် အစုအဖွဲ့အလိုက် အသေးစားငွေချေးခြင်းပုံစံနှင့် ဆောင်ရွက်လျက်ရှိ ပါသည်။ မြစိမ်းရောင်စီမံချက်၏ အခက်အခဲတစ်ခုမှာ စီမံချက်မန်နေဂျာများသည် အကျိုးခံစားသူဖြစ်သည့် ချေးငွေထုတ်မည့် ဆင်းရဲသော အိမ်ထောင်စုများကို ခက်ခဲစွာအချိန်ပေးရှာဖွေရခြင်းနှင့် ယင်းမိသားစုများသည် မြေယာအပေါ်လုံခြုံခိုင်မာမှုမရှိသဖြင့် ချေးငွေကိုပြန်မဆပ်နိုင်မည့်အရေးကိုလဲ စိုးရွံ့နေကြသူများ ဖြစ်ပါသည်။ မြစိမ်းရောင်စီမံချက်သည် စိုက်ပျိုးရေး နှင့်သက်ဆိုင်သောလုပ်ငန်းအဖြစ် ယူဆကာ ငွေကြေးချမ်းသာသူ ရွာသားများမှ ချေးငွေကို ရယူပြီး၊ ထိုရွာသား များမှ ယင်းချေးငွေဖြင့်ပင် မြေယာများဝယ်ယူခြင်း ရလာဒ်ဖြင့်သာ အဆုံးသတ်သွားခဲ့သည်။ တာချီလိတ်မြို့နယ်မှ ရရှိလိုက်သည့် သင်ခန်းစာမှာ မြေယာခွဲဝေချထားခြင်း၊ တိုးချဲ့ရေးလုပ်ငန်းများနှင့် ချေးငွေထုတ်ချေးခြင်းဟူသည့် အချက် (၃) ချက်မှာ၊ လုပ်ကွက်ငယ် တောင်သူများ အောင်မြင်မှု ရစေရန်၊ အတူတကွ နေရာ ယူ ဆောင်ရွက်ရမည်ဟုပင် ဖြစ်ပေသည်။

## ၂။ ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာမြေယာအခွင့်အရေး

### အကြံပြုထောက်ခံချက်များ

- လက်ရှိတွင် သစ်တောမြေအတွင်း စိုက်ပျိုးအသုံးပြုမှုအပါအဝင် လူမှုအဖွဲ့အစည်းများ၏ မြေယာအခွင့်အရေးကို အသိအမှတ်ပြု၍ တရားဝင် သတ်မှတ်ပေးရမည်။ လူမှုအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ တိုင်းရင်းသားတို့နေထိုင်ရာဧရိယာဝန်းကျင်၊ ပြင်ပနယ်နိမိတ်သတ်မှတ်အတည်ပြုရမည်။
- ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ကနဦးကြိုတင်၍ လွတ်လပ်စွာ အသိပေးသဘောတူညှိနှိုင်းရန် လိုအပ်ပြီး စဉ်ဆက်မပြတ်လေ့လာသုံးသပ်ရမည်။
- ဓလေ့ထုံးတမ်းစဉ်လာ မြေယာအခွင့်အရေးများ ပါဝင်နေသည့် ထူးခြားထင်ရှားသော မြေယာအငြင်းပွားမှုများအား ဦးစားပေးဖြေရှင်းရမည်။

ဒေသခံ တိုင်းရင်းသားလူမျိုးများနှင့်မျိုးနွယ်စုများ၊ အခြားသော ဓလေ့တုံးတမ်းစဉ်လာ မြေယာ အလေ့အထများကို ကျင့်သုံးသူများ၏ လိုအပ်ချက်များအတွက် မြေယာမဲ့မှုနှင့် သမိုင်းကြောင်းအရ နစ်နာမှုများအပေါ်ကျင့်သုံးရန်အခြေခံမူများကို (မြေယာမူဝါဒ (မူကြမ်း)၏ အပိုင်း-၁၊ 'လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး၊ မြေမဲ့ယာမဲ့ဖြစ်မှုနှင့် မျှတသောမြေယာခွဲဝေချထားမှု' နှင့် အပိုင်း-၄၊ 'မြေသိမ်းခြင်းနှင့် မြေယာအငြင်းပွားမှုအတွက်ဆုံးဖြတ်ချက်' တို့တွင် ရှင်းလင်းဖော်ပြထားသကဲ့သို့) ကျင့်သုံးသင့်ပါသည်။ ထပ်မံ၍ အခြားသော နည်းလမ်းများကို ဖြည့်စွက်ရမည်ဆိုလျှင်

- ပထမဦးစွာ နိုင်ငံတော်အနေနှင့် ဓလေ့ထုံးတမ်းစဉ်လာအရ မြေယာလုပ်ပိုင်ခွင့်ကို အသိ အမှတ်ပြု၍ တရားဝင်ဖြစ်စေရန်ဆောင်ရွက်ရမည်။ ဓလေ့ထုံးတမ်းစဉ်လာအရ မြေနှင့် သဘာဝရင်းမြစ်များအတွက် အခွင့်အရေးကို ဖိလစ်ပိုင်နှင့် အိန္ဒိယကဲ့သို့သော အာရှနိုင်ငံများစွာတွင်အသိအမှတ်ပြုထား ပါသည်။ (အောက်တွင်ဖော်ပြထားပါသည်)
- ဒုတိယအနေနှင့် မကြာခဏ မမျှတစွာမြေယာသိမ်းယူခံရသော သားကောင်များ ဖြစ်နေသည့် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံတို့၏မြေများတွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင်

ဆွေးနွေးစဉ်ကာလနှင့် စာချုပ်ချုပ်ဆိုစဉ် ကာလအားလုံးတွင် ကနဦးကြိုတင်၍ လွတ်လပ်စွာ အသိပေး သဘောတူညှိနိုင်းရန် လိုအပ်ပြီး စဉ်ဆက်မပြတ် လေ့လာသုံးသပ်ရမည်။ ထိုအခါ ယင်းလူမှုအသိုင်း အဝိုင်းတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆောင်ရွက်ခွင့်ကို ငြင်းပယ်ရန်ရွေးချယ်ခွင့်ရှိပြီး အကျိုးသက်ရောက် မည့် လူမှုအသိုင်းအဝိုင်း၏ လေးပုံသုံးပုံနှင့်ဆွေးနွေးကာ ခွင့်ပြုချက်ရယူရမည်ဖြစ်သဖြင့် ကနဦးကြို တင်၍ လွတ်လပ်စွာ အသိပေးသဘောတူညှိနိုင်းရန်လိုအပ်ခြင်းဖြစ်သည်။

- တတိယအနေဖြင့် နိုင်ငံတော်သည် ရပ်ရွာအဖွဲ့အစည်းများဦးဆောင်၍ အန္တရာယ်ဖြစ်နိုင်သည့် အုပ်စု များကို အကာအကွယ်ပေးရန်အတွက် ရပ်ရွာပိုင်မြေများ၏ ပြင်ပနယ်နိမိတ် သတ်မှတ် သည့်လုပ်ငန်း စဉ်များဆောင်ရွက်ရာတွင် လိုအပ်ချက်များဖြည့်ဆည်းပေးရန်နှင့် ရလာဒ်များကို မှတ်တမ်းတင်ပေးရန် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး ရပ်ရွာအဖွဲ့အစည်း များအနေဖြင့် ယင်းနယ်နိမိတ်အတွင်းရှိမြေများနှင့် သဘာဝရင်းမြစ်များကို စီမံခန့်ခွဲမည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရန်အခွင့်အရေးပေးရမည်။
- စတုတ္ထအချက်အနေဖြင့် နိုင်ငံတော်သည် ရပ်ရွာအဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင် ခွင့် နှင့် အသုံးပြုခွင့်များကို ကာကွယ်သင့်ပြီး ဆင်းရဲနွမ်းပါးမှု၊ မြေယာမဲ့မှုနှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုတို့ကိုရည်ရွယ်၍ စီမံကိန်းများဖြင့် အကောင်အထည်ဖော် တိုးတက်စေရမည်။ ဤသို့ မစဉ်းစားခဲ့ပါက အဆိုပါစီမံကိန်းများသည် လူမှုအဖွဲ့အစည်းများ၏ မြေယာအခွင့်အရေးအပေါ် အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုကို ဖြစ်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် အင်ဒိုနီး ရှားနိုင်ငံ၏ ဒေသရွှေ့ပြောင်းမှုအစီအစဉ်သည် ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှု ကိစ္စ ရပ်များကို ဦးတည်ပြီး လူဦးရေ ထူထပ်သော ဂျားဗားကျွန်းကဲ့သို့နေရာများမှ ပါပူဝါ၊ ဆူမားတြား ကဲ့သို့သော လူဦးရေ သိပ်သည်းမှုနည်းပါးသည့်ဒေသများသို့ရွှေ့ပြောင်းစေခဲ့သည်။ ထိုသို့ရွှေ့ပြောင်း ရာတွင် သစ်တောမြေမှပြောင်းလဲထားသော မြေများတွင် နေရာချထားပေးခဲ့ပါသည် သို့သော် မကြာခနဆိုသလို အဆိုပါချထားသော မြေယာသည် ဒေသခံလူဦးရေများမှ အပြိုင်အဆိုင် တောင်းဆို နေသည့် မြေသာ ဖြစ်ခဲ့လေသည်။
- ပဥ္စမအချက်အနေဖြင့် အကြမ်းဖက်မှုများကို ရှောင်ရှားရန်နှင့် ရေရှည်ပဋိပက္ခများကို ဖြေရှင်းရန်အ တွက် နိုင်ငံတော်သည် ထူးခြားထင်ရှားသည့် မြေယာအငြင်းပွားမှုများကို ဖြေရှင်းရန်ဦးစားပေး ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံများအားတရားဝင်အသိပေးလှုံ့ဆော်မှု၊ တရားဝင်နည်းလမ်းဖြင့် အငြင်းပွားမှုများပြေလည်စေရန် ဥပဒေအကူအညီများပံ့ပိုးမှု၊ တရားဝင် အုပ်ချုပ်စီမံမှု ယန္တယားလက်လှမ်းမမီသည့်နေရာများတွင် အငြင်းပွားမှုများကိုလူမှုရေးအရ ပြေလည် စေရန် ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ဆုံးဖြတ်ဖြေရှင်းစေသည့် ယန္တယား ကို တရားဝင် အသိ အမှတ်ပြုပေးခြင်းတို့ဖြင့် ပြဿနာဖြေရှင်းရန်နည်းလမ်းများလည်း ပါဝင်သည်။ သီရိလင်္ကာနိုင်ငံတွင် ၂၅ နှစ်ကြာ ပြည်တွင်းစစ်၏ အမြင့်ဆုံးအချိန်၌၊ ဂျက်ဖနာရှိ၊ တမီလ်လူနည်းစုသည်၊ မြေယာအခွင့် အရေးများနှင့် ပတ်သက်၍ ဥပဒေရေးရာပညာပေးခြင်း၊ မြေယာနှင့်သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများရရှိစေရန်၊ ဥပဒေရေးရာလူမှုဝန်ထမ်းများ၏ အကူအညီပေးခြင်းတို့၏ အကျိုးကို ကောင်းစွာခံစားခဲ့ကြရသည်။ ယင်းမှာ ဆယ်စုနှစ်ကြာ၊ ပဋိပက္ခဆိုင်ရာ နေရာရွှေပြောင်းရမှုများကို ကူညီဖြေရှင်း ရန် ဦးတည်ဆောင်ရွက်ခဲ့မှု၏ အကျိုးရလာဒ်ပင်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် လူမှုအဖွဲ့အစည်းများ၏ မြေယာလုပ်ပိုင်ခွင့်ကို တရားဝင်အသိအမှတ်ပြုရန်အတွက် '၁၉၉၇ ခုနှစ်၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးအက်ဥပဒေ' ကိုထုတ်ပြန်ခြင်းဖြင့် လူမှုအဖွဲ့အစည်းများ၏ အမည်ပေါက်ပိုင်ဆိုင်ခွင့် ချဉ်းကပ်နည်းကို အသုံးပြုခဲ့သည်။ ထိုဥပဒေအရ အမျိုးသား ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး လက်ရှိနှင့် သမိုင်းတစ်လျှောက် မြေယာအသုံးပြုမှု၊ ပိုင်ဆိုင်မှုတို့ကို တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ပံ့ပိုးမှုဖြင့် စုဆောင်းစေခဲ့ပြီး၊ ခွဲခြားထုတ်ဖော်ပိုင်ခွင့်၊ ပိုင်းခြားပိုင်ခွင့်၊ ဝေငှပိုင်ခွင့် နှင့် မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်သော မြေယာများအတွက် အမည်ပေါက်လက်မှတ်ထုတ်ပေးပိုင်ခွင့် အာဏာအပ်နှင်းပေးခဲ့သည်။ အဆိုပါ မြေနှင့် အရင်းအမြစ်များသည် လူမှုအဖွဲ့အစည်းများ၏ နေဥစ္စာဖြစ်ပြီး၊ တိုင်းရင်းသားအုပ်စုများ၏ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ပစ္စည်းများဖြစ်၍၊ ပြန်လည်ရောင်းချခြင်း၊ နေရာချခြင်းသို့မဟုတ် ဖျက်ဆီးခြင်းပြုလုပ်ခွင့်မရှိပေ။ ကော်မရှင်သည် ရပ်ရွာအဖွဲ့အစည်း ၂၅၀ ကျော်၏ အမည်ပေါက်ပိုင်ဆိုင်မှုများကို ထုတ်ပေးခဲ့ပြီး မြေအကျယ်အဝန်း ဟက်တာ (၁.၆) သန်းကျော် ကျယ်ဝန်းခဲ့သည်။ ထိုဥပဒေသည် တိုင်းရင်းသားလူမျိုးအုပ်စုများအား ယင်းတို့ကိုယ်တိုင်အသိအမှတ်ပြုသော အငြင်းပွားမှုဖြေရှင်းသည့် ယန္တယား၏ဆုံးဖြတ်ချက်အတိုင်း ဓလေ့ထုံးတမ်းဥပဒေအရ အငြင်းပွားမှုများအား ဖြေရှင်းစေရန်အားပေးခဲ့သည်။ ထို့ပြင်၊ မြေယာသိမ်းယူမှုများအတွက် လွတ်လပ်စွာ၊ တင်ကြိုအသိပေးပြီး၊ သဘောတူညီချက်အတွက် သတင်းပေးသည့် လုပ်ငန်းစဉ်တစ်ရပ် လိုအပ်မှုကိုလည်း ထည့်သွင်းထားသည့်အပြင် တိုင်းရင်းသားလူမျိုးစုများအတွက် ဥပဒေရေးရာ အကူအညီကိုပါ ပေးအပ်ထားသည်။ ဤကဲ့သို့ တရားဝင်အသိအမှတ်ပြုခဲ့သည့်အတွက် စိုက်ပျိုးမြေများကို သတ္တုတူးဖော်ရေးလုပ်ငန်းအတွက်ဆုံးရှုံးခြင်းကဲ့သို့သော ဥပဒေနှင့် မလျော်သောကိစ္စများမှ ကာကွယ်ပေးနိုင်ခဲ့ပြီး၊ လူမှုအဖွဲ့အစည်းများအား သစ်တောနှင့် တောရိုင်းတိရိစ္ဆာန်ကာကွယ်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်စေခဲ့သည်။ ထိုသို့ လူမှုအဖွဲ့အစည်းအခြေပြုသစ်တောစီမံခန့်ခွဲမှုအား ဗီယက်နမ်နိုင်ငံမှ စံပြအဖြစ် အတုယူခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်၊ လက်ရှိလူမှုအဖွဲ့အစည်းအခြေပြု သစ်တောထိန်းသိမ်းရေးလုပ်ငန်း စတင် ဆောင်ရွက်နေမှုကို ဗီယက်နမ်နှင့် အိန္ဒိယတို့၏ တူညီသော အတွေ့အကြုံများကဲ့သို့ တည်ဆောက်နိုင်ရန် စဉ်းစားနိုင်သည်။ သို့မှသာ၊ သစ်တောမြေအတွင်းရှိ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်ကို ကောင်းမွန်စွာ ကာကွယ်နိုင်ပေမည်။ ထို့အတူ၊ သစ်တောမြေမဟုတ်သောနေရာများတွင် လူမှုအဖွဲ့အစည်း အလေ့အထအပေါ် အလားတူအသိအမှတ်ပြုခြင်းအတွက်လည်း နမူနာပြ ဖြစ်လေသည်။ ဗီယက်နမ်နိုင်ငံတွင် ဥပဒေအရ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာလုပ်ပိုင်ခွင့်ကို ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုမထားပေ။ သို့သော် ၂၀၀၄ ခုနှစ်တွင် သစ်တောကာကွယ်ခြင်းနှင့် စီမံခန့်ခွဲမှုဥပဒေကို ထုတ်ပြန်ပြီး ယင်းဥပဒေတွင် ဒေသခံအဖွဲ့အစည်းများ၏ လက်ရှိအသုံးပြုနေသော သစ်တောမြေကို ရိုးရာအစဉ်အလာအရ လုပ်ပိုင်ခွင့်အား အသိအမှတ် ပြုထားပြီး ယင်းတို့၏သစ်တောမြေများအား စီမံခန့်ခွဲရာတွင်မှု များစွာသော တာဝန်ယူမှုများ သတ်မှတ်ပေးထားသည်။ ဗီယက်နမ်၏ ဥပဒေအရ သစ်တောမြေအတွင်းနေထိုင်သူများသည် ရိုးရာဓလေ့အရ မြေကိုလုပ်ကိုင်ပြီး ကျေးရွာဝန်းကျင်ဇရိယာရှိ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲမှုစီမံချက်ရှိပါက ရေရှည်မြေယာလုပ်ပိုင်ခွင့် လက်မှတ်များရရှိနိုင်ပါသည်။ ရည်ရွယ်ချက်မှာ ဆင်းရဲသောလူမှုအဖွဲ့အစည်းများ၏ လူနေမှုဘဝတိုးတက်မြင့်မားရန်၊ လုံခြုံခိုင်မာသော မြေယာလုပ်ပိုင်ခွင့် နှင့် အခြားတစ်ဖက်တွင် သစ်တောသယံဇာတများကို ရေရှည်ရရှိနိုင်ရန်အပြင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်ဟူသည့် အစွန်း နှစ်ဘက်အကြား၊ ချိန်ခွင်လျှာ ညီမျှစေရန်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဇယားဝင် တိုင်းရင်းသားများနှင့် အခြားရိုးရာဓလေ့အရ သစ်တောတွင်းအခြေချနေထိုင်သူများ (သစ်တောအခွင့်အရေးများအသိအမှတ်ပြုခြင်း) အက်ဥပဒေ (FRA) အရ၊ သစ်တော

အတွင်း အနည်းဆုံး (၇၅)နှစ်နေထိုင်သည့်၊ ဇယားဝင်လူနည်းစုတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုကာကွယ်ပေးခဲ့သည်။ လက်ရှိမြေယာအသုံးပြုနေသူများအား တရားဝင်အသိအမှတ်ပြုရန် ကြိုးပမ်းချက်တစ်ခုအနေနှင့် FRA သည် ရိုးရာဓလေ့အရ သစ်တောတွင်း နေထိုင်သောတိုင်းရင်းသားများကို၊ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ မြေယာကိုပိုင်ဆိုင်၊ အသုံးပြု၊ ထိန်းသိမ်းရန် သစ်တောမြေ- ၄ဧကအထိလုပ်ပိုင်ခွင့် လျှောက်ထားခွင့်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရသည် တစ်ဦးချင်းစီနှင့် အစုအဖွဲ့အလိုက် လျှောက်ထားမှု (၄)သန်းနီးပါး လက်ခံရရှိခဲ့ပြီး၊ FRA ၏ စီမံမှုဖြင့် မြေယာပိုင်ဆိုင်ခွင့်၊ စုစုပေါင်း (၁.၅) သန်းကျော် ချထားပေးနိုင်ခဲ့သည်။ အက်ဥပဒေသည် ဆင်းရဲသူများအား လူနေမှုမြင့်တင်ရန်နှင့် သစ်တောထိန်းသိမ်းရေးအတွက် ရည်ရွယ်သည့်အလျောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် သစ်တောတွင်းနေထိုင်သူများ အခြေချခွင့်အတွက် တက်ကြွလှုပ်ရှားသူများ၏ ရှုဒေါင့်အမျိုးမျိုးမှ ဝေဖန်မှုများကို ခံခဲ့ရသည့်အချက်များမှာ - (၁) ရည်ရွယ်ချက်သို့ရောက်ရန် အလှမ်းဝေးကြောင်း (၂) အကောင်အထည်ဖော်မှုအားနည်းကြောင်း (၃) အမျိုးသမီးမြေယာလုပ်ပိုင်ခွင့်ကို အကာကွယ်ပေးမှု မလုံလောက်ကြောင်း တို့ဖြစ်သည်။ အကျိုးသက်ရောက်မှုကိုသုံးသပ်နေစဉ်ကာလအတွင်း မြေယာလုပ်ပိုင်ခွင့်ရသူများ၏ လုပ်ကိုင်ခွင့် လုံခြုံခိုင်မာမှုတိုးတက်လာသည့်အလျောက် ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်လာကြောင်း နှင့် ရေရှည်မြေယာအသုံးချမှုကို ထိန်းထားနိုင်ကြောင်း အများကယူဆကြသည်။

**၃။. အမျိုးသမီးများ၏မြေယာအခွင့်အရေး**


**<u>အကြံပြုချက်ထောက်ခံချက်များ</u>**

- ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့အစည်းများနှင့်အလွယ်တကူဆက်သွယ်နိုင်ခွင့် နှင့် အဆိုပါအဖွဲ့များ ရှေ့မှောက်တက်ရောက်ပိုင်ခွင့်အပါအဝင်၊ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်စေခြင်း ဖြင့် မြေပိုင်ခွင့်ရှိသူများကဲ့သို့ အမျိုးသမီးများ၏တန်းတူနေရာရရှိရေး အားကောင်းလာစေရန်။
- မြေအသုံးချမှုလက်မှတ်တွင် ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခွင့်ကဲ့သို့သော၊ အမျိုးသမီးများ၏ မြေယာအခွင့်အရေးအတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးမှု တိုးတက်ဖြစ်ထွန်းစေရန်။
- ဥပဒေ အကူအညီပေးရေးနှင့် ဥပဒေကြောင်းအရကူညီရန်ရည်စူးမှု နှင့် ဝန်ဆောင်မှု -၂ ရပ်လုံး အတွက် ကိုယ်စားလှယ် အဖြစ် ကနဦးမှတ်ပုံတင်လုပ်ငန်းတို့တွင် အမျိုးသမီးများ စဉ်ဆက်မပြတ် ပါဝင်စေရန်။

ကမ္ဘာ့လူဦးရေ၏တစ်ဝက်နီးပါးသည် ကျေးလက်တွင်နေထိုင်လျှက်ရှိပြီး လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းအများစုတွင်ပါဝင်နေရသော်လည်း၊ ရေရှည်ခိုင်မြဲသည့် မြေယာလုပ်ပိုင်ခွင့်အပေါ် မှီခိုနေရသည့် အမျိုးသမီးဦးရေမှာမူ သေးငယ်သောအစိတ်အပိုင်းမျှသာ ဖြစ်လေသည်။ အမျိုးသမီးများ၏ မြေယာလုပ်ပိုင်ခွင့်ကို လုံခြုံခိုင်မာစေရန်ဆောင်ရွက်ခြင်းသည် ရည်ရွယ်ချက်များဖြစ်သော ဝင်ငွေတိုးတက်ခြင်း၊ ကလေးငယ်များ အဟာရပိုမိုစားသုံးနိုင်ခြင်းနှင့် ပညာရေးတိုးတက်ခြင်း၊ မိသားစုအတွင်း အမျိုးသမီးများ၏ ပြောရေးဆိုခွင့် ပိုမိုခိုင်မာလာခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပိုမိုအရေးပါအရာရောက်လာစေခြင်း စသည်တို့ကိုလည်း ပေါက်မြောက်စေပါသည်။ အမျိုးသမီးများ၏ ပိုင်ဆိုင်ခွင့်၊ အမျိုးသမီးများမြေယာလုံခြုံခိုင်မာမှုကို ပိုမိုဦးစားပေးခြင်းဖြင့် အခြားအကျိုးအမြတ်များပါ များစွာရရှိလာနိုင်ကြောင်း ခိုင်မာသည့် သက်သေများရှိပါသည်။

လင်ဒက်ဆာအဖွဲ့ကြီး၏ အိန္ဒိယ၊ တရုတ်နှင့် အာဖရိကတို့တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံများအရ ညီမျှ၍၊ ထုတ်လုပ်မှုပိုမိုစေမည့် မြေယာပြုပြင်ပြောင်းလဲရေးကို ဖေါ်ဆောင်ရန်အတွက်၊ အမျိုးသမီးများ၏ မြေယာလုပ်ပိုင်ခွင့် ခိုင်မာလုံခြုံစေရေး အကောင်အထည်ဖော်ရာတွင်၊ ခိုင်မာသည့် အဆင့်ပေါင်း (၂၀)

ကျော်ကို ဖော်ထုတ်တည်ဆောက်ခဲ့ရပြီးဖြစ်သည်။ ယင်းအချက်များ၏ စာရင်းအပြည့်အစုံကို ကိုလန်ဘီယာ တက္ကသိုလ် နိုင်ငံတကာရေးရာဂျာနယ်တွင် (Posterman, 2013) ဖေါ်ပြခဲ့သည်။ ယင်းအချက်များမှ အချို့မှာ-ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းများနှင့်အလွယ်တကူဆက်သွယ်နိုင်ခွင့်နှင့် အဆိုပါအဖွဲ့များ ရှေ့မှောက် တက်ရောက်ပိုင်ခွင့် အပါအဝင်၊ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်စေခြင်း၊ တွဲဖက် လုပ်ပိုင်ခွင့်နှင့် အမွေဆက်ခံခွင့်ကဲ့သို့သော အမျိုးသမီးမြေယာလုပ်ပိုင်ခွင့်ကို ကာကွယ်သည့် တရားဝင် ယန္တယားများကို ပိုမိုအားကောင်းစေခြင်းနှင့် ဥပဒေ အကူအညီ ပေးရေးနှင့် ဥပဒေ ကြောင်း အရကူညီရန် ရည်စူးမှု နှင့် ဝန်ဆောင်မှု -၂ ရပ်လုံး အတွက် ကိုယ်စားလှယ် အဖြစ် ကနဦးမှတ်ပုံတင်လုပ်ငန်းတို့တွင် အမျိုးသမီးများ စဉ်ဆက်မပြတ် ပါဝင်စေရန်တို့ဖြစ်သည်။





ပုံ (၂) မြန်မာနိုင်ငံတွင် မြေယာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးခဲ့သူများအား

လိင်အလိုက်ခွဲခြားမှု (နမာတိ ၂၀၁၅)

မြန်မာနိုင်ငံတွင် အမျိုးသားနှင့် အမျိုးသမီးသည် စိုက်ပျိုးရေးလုပ်ငန်းတွင် တန်းတူ ပါဝင်လျက် ရှိကြသည်။ သို့သော် လက်ရှိမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတွင် အမည်ဖြည့် သွင်းရန် နေရာတစ်နေရာသာပါဝင်ပြီး အများအားဖြင့် အိမ်ထောင်ဦးစီးကို ဖြည့်သွင်းကြလေရာ၊ အများစုမှာ အမျိုးသားများဖြစ်လေ့ရှိပါသည်။[1] နမာတိအဖွဲ့၏ ဥပဒေလူမှုဝန်ထမ်းများ ကူညီဆောင် ရွက်ပေးခဲ့သည့် မြေယာမှတ်ပုံတင်ရန် လျှောက်ထားမှု ရာပေါင်းများစွာတွင် လယ်ယာမြေမှတ်ပုံ တင် လက်မှတ်စုစုပေါင်း၏

[1]မှတ်သားရန်မှာ အဋ္ဌမအကြိမ် အမျိုးသားမြေယာအသုံးချမှုမူဝါဒ မူကြမ်းတွင် ပြင်ဆင်ရန်အချက်အနေဖြင့် လယ်ယာမြေ မှတ်ပုံတင်လုပ်ငန်းတွင် စာရပ်စာတမ်းများ၌ အမည်တစ်ခုသာပါဝင်ခြင်းကို အပိုင်း(၉) အမျိုးသမီးနှင့်အမျိုးသား တန်းတူ အခွင့် အရေးများတွင် အမျိုးသမီးများနှင့်အမျိုးသားများတွင် "တစ်ဦးတည်း သို့မဟုတ် ပူးတွဲမြေယာ ပိုင်ဆိုင်မှုအခွင့်အရေးများ" တူမျှစွာရှိရန် (အပိုဒ် ၇၃) ဟု စတင်ရမည်။ မည်သို့ဆိုစေ ဤမူဝါဒကို အကောင်အထည်ဖော်ရာ၌ အမျိုးသမီးများ၏ မြေယာ အခွင့်အရေးကို အမှန်တကယ်ကာကွယ်ရန် လက်ရှိဥပဒေများကို ပြောင်းလဲရန်လိုအပ်ပါမည်။

(၈၄%) ရာခိုင်နှုန်းသည်၊ အမျိုးသားအမည်သာဖြစ်လေသည်။ (ပုံ-၂)။ နမာတီအဖွဲ့- ဥပဒေလူမှုဝန်ထမ်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် (၇) ခုအတွင်း ဆောင်ရွက်ချက် များအရ၊ ဤကဲ့သို့ အမျိုးသမီးပါဝင်နှုန်း နည်းပါးခြင်းသည် တိုင်းရင်းသား လူမျိုးစုကွဲပြားမှုကို ကျော်လွန်၍ လိင်ခွဲခြားဆက်ဆံမှုနှင့် ဆက်စပ်ဖွယ် ရှိကြောင်း သုံးသပ်ရသည်။




ပုံ (၃) မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး ပြည်နယ်အလိုက် မြေယာမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ပေးခဲ့သူများအားလိင်အလိုက်ခွဲခြားမှု (နမာတီ ၂၀၁၅)

နမာတီအဖွဲ့နှင့် လင်ဒက်ဆာအဖွဲ့တို့၏ သီးခြားစီသော်လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း ကွင်းဆင်းဆောင်ရွက်ချက်များအရ မြန်မာနိုင်ငံတွင် အမျိုးသမီးများကို တန်းတူရည်တူ ဆက်ဆံခြင်းကြောင့်၊ အမျိုးသမီးများမြေယာအခွင့်အရေးအတွက်၊ အထူးစိုးရိမ်ဘွယ် မရှိချေ။ သို့အတွက် မြေယာမှတ်ပုံတင်ရာတွင်၊ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခွင့် ရရှိစေရန်တောင်းဆိုမှုမှာလည်း အထူးဖိအားတစ်ရပ်မဟုတ်ပေ။ အချက်အလက်များအရ ဥပဒေလူမှုဝန်ထမ်းများက မြေယာမှတ်ပုံ တင်ရန် ကူညီဆောင်ရွက်ရသူများ၏ (၁၆%) ရာခိုင်နှုန်းမှာ၊ အမျိုးသမီးများဖြစ်လေရာ၊ အမျိုးသမီးများ၏ စီးပွားရေးလုံခြုံမှုမှာ အန္တရာယ်ရှိနိုင်ကြောင်း ပြဆိုနေပေသည်။ လုပ်ပိုင်ခွင့် မှတ်ပုံတင်ရာတွင် အမျိုးသမီး၏ အမည်ထည့်သွင်းရန် ကိစ္စနှင့်ပတ်သက်၍ အိမ်ထောင်သည် အမျိုးသမီးများသည် မြေယာလုပ်ပိုင်ခွင့်ကို ကိုင်တွယ်ထားသူဖြစ်သည့် ခင်ပွန်းသည်၏ အထောက်အပံ့ကို ရရှိသဖြင့် မြေယာလုပ်ပိုင်ခွင့်ဆုံးရှုံးရန် သို့မဟုတ် စီးပွားရေးအားလုံး၏ လုံခြုံစိတ်ချရမှုဆုံးရှုံးရန်အတွက် စိုးရွံ့မှုမရှိကြောင်း ယေဘူယျယူဆရပါသည်။ ပကတိအခြေအနေတွင် အိမ်ထောင်သည် အမျိုးသမီး များသာမက တကိုယ်တည်းအမျိုးသမီးများနှင့် အိမ်ထောင်ဦးစီးအမျိုးသမီးများသည် မိသားစုအတွင်း မြေယာအသုံးချမှု၊ သူမအပါအဝင် သားသမီးများအား အမွေဆက်ခံစေမှုတို့နှင့် ပတ်သက်၍ ပြောရေးဆိုခွင့် နည်းပါးခြင်းအားဖြင့် မြေယာလုပ်ပိုင်ခွင့် မလုံခြုံမှုကို တွေ့ကြုံကြရသည်။ နမာတီ

အဖွဲ့၏အချက်အလက်များအရ သုံးပုံတစ်ပုံသော အမျိုးသမီးများသည် တစ်ကိုယ်ရည်များ ဖြစ်ကာ မြေယာလုပ်ပိုင်ခွင့်လုံခြုံခိုင်မာမှုအတွက် အကူအညီရှာနေကြပြီး ယင်းအနက် (၁၃%) ရာခိုင်နှုန်းမှာ လက်မထပ်သူများဖြစ်၍၊ (၂၂%) ရာခိုင်နှုန်းမှာ မုဆိုးမများဖြစ်ကြကာ၊ (၁%-၂%) ရာခိုင်နှုန်းမှာ ကွာရှင်းထားသူများ ဖြစ်ကြသည်။ (လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန် လျှောက်ထားသူ အမျိုးသားများတွင်မူ (၂.၅%) ရာခိုင်နှုန်းမှာ မုဆိုးဖို၊ တစ်ခုလပ်၊ ကွာရှင်းထားသူများဖြစ်ကြပြီး (၅%) ရာခိုင်နှုန်းမှာ လက်မထပ်သူများဖြစ်ကြ၍ (၉၃%) ရာခိုင်နှုန်းမှာ အိမ်ထောင်ရှိသူများ ဖြစ်ကြသည်။)

လူမှုအဖွဲ့အစည်းများ၏ ဥပဒေရေးရာ လူမှုဝန်ထမ်းများ၏ ထုတ်ဖော်ချက်အရ၊ အထက်ပါ လူဦးရေဆိုင်ရာ အချက်အလက်များ ဖွဲ့စည်းမှုတွင်၊ အမျိုးသမီးများပါဝင်မှုအချိုးသည် အန္တရာယ်ရှိနိုင်သည့် အနေအထားဖြစ်ကြောင်း၊ လင်ဒက်ဆာအဖွဲ့ကြီး၏ အခြားအာရှနိုင်ငံများအတွင်း လုပ်ငန်း ဆောင်ရွက်ချက်များ၊ သုတေသန ပြုချက်များအရ တသမတ်တည်း ပြဆိုနေသည်။ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံ၊ ဩဒိသျှပြည်နယ်တွင် လင်ဒက်ဆာအဖွဲ့သည် တစ်ကိုယ်ရည်အမျိုးသမီးများအား ယင်းတို့၏မြေယာလုပ်ပိုင်ခွင့် လုံခြုံခိုင်မာရန ဆောင်ရွက်ရာတွင် အကြောင်းအရာပေါင်းစုံအတွက် ထင်ရှားသော လိုအပ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ မုဆိုးမများ၊ တစ်ခုလပ်များ၊ စွန့်ပစ်ခံရသူ အမျိုးသမီးများ၊ အိမ်ထောင်မရှိဖူးသူ အမျိုးသမီးများ၊ ကိုယ်အင်္ဂါ မပြည့်စုံသူအမျိုးသမီးများသည် အများအားဖြင့် ဆင်းရဲသားများကြားတွင် အဆင်းရဲဆုံးဖြစ်ကြပြီး မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းက ထိုသူတို့ကို မျက်ကွယ်ပြုထားခံနေရသည်။ လင်ဒက်ဆာအဖွဲ့၏ ဩဒိသျှပြည်နယ်တွင် ကြုံတွေ့ခဲ့သော အဖြစ်တစ်ခုတွင် တစ်ကိုယ်ရည် အမျိုးသမီးတစ်ဦးအား အိမ်ထောင်မရှိသဖြင့် မိသားစုမှနှိမ်ချပြီး နွားတင်းကုတ်တွင်နေစေသည်ကို တွေ့ခဲ့ရသည်။ အစိုးရ၏ မြေယာခွဲဝေမှု အစီအစဉ်အရ လင်ဒက်ဆာအဖွဲ့၏ အကူအညီဖြင့် ထိုအမျိုး သမီးအား အသိအမှတ်ပြု၍ အိမ်ခြံ ဥယျာဉ်မြေကွက်တစ်ကွက် ချထားပေးခဲ့သည်။

အများအားဖြင့် မြေယာအခွင့်အရေးနည်းပါးခြင်းသည် အမျိုးသမီးများအား မိသားစုဘဝနှင့် လူမှုဘဝ၏ အကြား အရေးမပါအရာမရောက်မှုကိုဖြစ်စေပြီး၊ ထိုအမျိုးသမီးများအား မြေယာ ထောက် ပံ့ပေးခြင်းဖြင့် ယင်းတို့၏စီးပွားရေးအခွင့်အလမ်းအတွက် အဓိကသော့ချက်ကို ပံ့ပိုးသည်နှင့် တူလေ သည်။ ယခုအခါ မြေအသုံးချမှု အခွင့်အရေးအတွက်၊ မြေယာမှတ်ပုံတင်ခြင်းတွင် ပူးတွဲပိုင်ဆိုင်ခွင့် အတွက် တားဆီးခြင်းများကို မြင်တွေ့ခဲ့ရရာ၊ မြေယာမဲ့အမျိုးသမီးများကို အထူးရည်ရွယ်၍၊ မြေယာခွဲဝေချထားမှု အစီအစဉ်များအားဖြင့် ကုစားပေးသင့်သည်။

ပဋိပက္ခအခြေအနေတွင် အမျိုးသားများသည် လက်နက်ကိုင်အဖွဲ့အစည်းများတွင် တာဝန် ထမ်းခြင်း သို့မဟုတ် အခြားတစ်နေရာသို့ အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားခြင်းတို့ကြောင့် တစ်ကိုယ်ရည်အမျိုးသမီး ရာခိုင်နှုန်းသည် မြင့်တက်လာနိုင်သည်။ သီရိလင်္ကာနိုင်ငံမြောက်ဖက်ရှိ ဂျက်ဖနာခရိုင်တွင် (၂၅)နှစ်ကြာ ပြည်တွင်းစစ်ကြောင့် မြောက်ဖက်တမီလ်များနေထိုင်ရာ နယ်မြေများ သည်ပိတ်ဆို့ခံထားရပြီး၊ တောင်ဘက်ရှိ လူများစုဖြစ်သော ဆင်ဟာလီနယ်မြေနှင့် သီးခြားဖြစ်ခဲ့ရသည့်အတွက် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု များ များပြားခဲ့ရသည်။ လင်ယောကျ်ားများ၊ အစ်ကို မောင်များနှင့် ဖခင်များသည် စစ်မှုမထမ်းမနေရ အစီအစဉ်ကြောင့် စစ်သားအဖြစ် စုဆောင်းခံခဲ့ရပြီး စစ်ပွဲတွင်ကျဆုံးခဲ့သလို၊ စစ်ပြေးယောကျ်ားများသည် လည်း မြောက်ဘက်ရှိ အိန္ဒိယနှင့် တောင်ဘက်ရှိ သီရိလင်္ကာသို့ အလုပ်ရှာရန်ထွက်ခွာခဲ့ကြသည်။ ရလာဒ်အဖြစ်ထောင်ပေါင်း များစွာသော အမျိုးသမီးများသာ ကျန်ရစ်ခဲ့ရာ၊ အမျိုးသမီးများသည် အိမ်ထောင်ဦး စီးအဖြစ် မိသားစုတာဝန် ကို ယူခဲ့ရသော်လည်း၊ ယင်းတို့တွင် မြေယာလုပ်ပိုင်ခွင့်သည် တရားဝင်အခွင့်

အရေးအဖြစ် မရရှိကြပေ။ ဂျက်ဖနာအခြေစိုက် အမျိုးသမီးများဆောင်ရွက်သော တရားဝင်ကူညီထောက်ပံ့ရေး ဌာနသည် ထိုအမျိုးသမီးများအတွက် ယင်းတို့၏မြေအား တရားဝင်အမည်ပေါက် ရရှိရေးအတွက် မြေယာမှတ်ပုံတင်ရေးအစီအစဉ်ဖြင့် ကူညီဖြေရှင်းပေးခဲ့ရသည်။

အမျိုးသမီးများသည်ယင်းတို့လုပ်ကိုင်သောမြေယာအတွက် အမျိုးသားများနှင့်ထပ်တူ မြေယာ လုပ်ပိုင်ခွင့်ရရှိရေး၊ အခြားသော အမျိုးသမီး၊အမျိုးသား ပူးတွဲလုပ်ပိုင်ခွင့် သို့မဟုတ် တွဲဖက်လုပ်ပိုင် ခွင့်တို့နှင့်ပတ်သက်၍ အခြေခံအခွင့်အရေးတို့သည် ကျယ်ပြန့်လေသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၌ နိုင်ငံတကာမှ များစွာသောအတွေ့အကြုံများကို အခြေခံ၍ နမာတိ မှ မြန်မာနိုင်ငံမြေယာ အသုံးချမှု မူဝါဒ(မူကြမ်း)တွင် လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းအတွင်း အမျိုးသမီးအမျိုးသား အခွင့် အရေးညီမျှအောင် ေဆာင်ရွက်ခြင်းသည် အမျိုးသမီးများ၏ မြေယာအခွင့်အရေးကို တိုးတက်အောင် လုပ်ဆောင်ရုံသာမက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားသော ကဏ္ဍများစွာတွင် အကျိုးအမြတ်များရရှိစေကြောင်း ဖော်ပြခဲ့သည်။ ဖေါ်ပြချက်တွင်၊ သားဆက်ခြားခြင်း၊ ကလေးသူငယ် ကျန်းမာရေးတိုးတက်ကောင်းမွန်စေခြင်း၊ မိသားစုအတွင်း မြေယာအခွင့်အရေးများအပေါ် ဩဇာသက်ရောက်စေခြင်းအပါအဝင်၊ အခွင့်အာဏာပိုမို ရစေခြင်းတို့လဲ ပါဝင်သည်။

**အမျိုးသမီးများ၏ မြေယာအခွင့်အရေးအပေါ် အိန္ဒိယပြည်မှ လေ့လာတွေ့ရှိချက်**

၂၀၁၂ခုနှစ်၊ အောက်တိုဘာ(၁၁)ရက်နေ့တွင်၊ စည်းရုံးလှုပ်ရှားသူများနှင့် ပြည်ထောင်စုအစိုးရတို့ အဂ္ဂရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်သည်နှင့် မြေမဲ့ယာမဲ့များအားကိုယ်စားပြုသည့် ဂန္ဒီနောက်လိုက်များ၏ 'ဒေလီသို့ ငြိမ်းချမ်းစွာချီတက်ရေး' အစီအစဉ်သည်လည်း ရပ်နားသွားခဲ့သည်။ ဤသဘောတူညီချက်က မြေယာလုပ်ကိုင်ချထားမှုအတွက် အကြီးစားပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန် အချိန်ဇယားကိုသတ်မှတ်ပေးခဲ့သည်။ ပြုပြင်ပြောင်းလဲဖေါ်ဆောင်ရာတွင် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်အခွင့်အရေးကိုအသိအမှတ်ပြုရေး၊ တစ်ဧက၏ ၁၀ပုံတစ်ပုံသောမြေကို အိမ်ခြံဥယျာဉ်မြေအဖြစ် ဝေခြမ်းပေးရေး၊ ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် ကျား-မခွဲခြားမှုမရှိစေဘဲ အိမ်ရာမြေကွက် ခွဲဝေချထားပေးရေးတို့ ပါဝင်သည်။

သဘောတူညီချက်တွင် ပါဝင်သည့် အကောင်အထည်ဖေါ်ရန် အချက်တစ်ချက်ကို ဆောင်ရွက်နိုင်ရန်အတွက်၊ အိန္ဒိယကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လင်ဒက်ဆာအဖွဲ့ကြီးသည် အိန္ဒိယလူမှုရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ 'တစ်မျိုးသားလုံးအိမ်ခြံမြေရပိုင်ခွင့်' ဥပဒေမူကြမ်းကိုဖေါ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ မူကြမ်းသည် ယခုအခါ အစိုးရအဖွဲ့၏အတည်ပြုချက်ရရန်နှင့် ဥပဒေပြုရေးအတွက် တင်သွင်းနိုင်ရန် စောင့်ဆိုင်းသည့်အဆင့်သို့ ရောက်ရှိနေပေပြီ။ အဆိုပါဥပဒေမူကြမ်းကိုရေးဆွဲရာတွင် လွန်ခဲ့သည့်(၁၀)နှစ်ကျော် ကာလအတွင်း ရရှိခဲ့သည့် နိုင်ငံတော်အဆင့် အိမ်ခြံမြေချထားရေးအစီအစဉ်များဆောင်ရွက်ခဲ့ရာမှ ရရှိခဲ့သည့် ကျယ်ပြန့်သောအတွေ့အကြုံများကိုအခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။ အဆိုပါအတွေ့အကြုံများထွင် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများမှာ သိသာစွာပါဝင်လျှက်ရှိနေခဲ့ရာ၊ ဥပဒေမူကြမ်းတွင်ဖေါ်ပြပါ အကြောင်းအရာအများစု ကို ထည့်သွင်းဖြစ်ခဲ့ရလေသည်။

ဒသမ တစ်ဆယ်ဧက၊ အိမ်ခြံမြေဥယျာဉ် ခွဲဝေပေးရာတွင် အမျိုးသမီးများလည်း အကျုံးဝင်ကြောင်း ဖေါ်ပြသည့်အနေဖြင့် မူကြမ်း၏-အပိုင်း-၂ "မိသားစု" ဟုဖေါ်ပြရာ၌ "မုဆိုးမများ၊ အိမ်ထောင်ကွဲများ၊ မိသားစု၏စွန့်ပစ်ခံများ (လင်ယောကျ်ားများ၏စွန့်ပစ်ခံများ) ကိုလည်း သီးခြားအိမ်ထောင်စုဟုမှတ်ယူရမည်ဟု ပါရှိခဲ့သလို၊ "တကိုယ်တည်း အမျိုးသမီး" ကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်း "မုဆိုးမများ၊ အိမ်ထောင်ကွဲများ၊ သီးခြားနေထိုင်သူအမျိုးသမီးများ၊ လင်ယောကျ်ားပျောက်ဆုံး နေသူများ၊ အသက်-၃၀ နှင့်အထက်အိမ်ထောင်မပြုရသေးသူများ" ဟူ၍ပါရှိခဲ့လေသည်။

အထူးတလည်ဖေါ်ပြ ပြဌာန်းခဲ့ချက် အနေဖြင့် "ထိုက်သင့်သောအိမ်ထောင်စုတစ်ခုတွင်ရှိသည့် အရွယ်ရောက်ပြီးဖြစ်သူအမျိုးသမီးရှိခဲ့လျှင်၊ အိမ်ထောင်စုဝင်အမျိုးသမီး၏ အမည်ဖြင့် အိမ်ခြံမြေအမည်ပေါက်သတ်မှတ်ပေးရမည်" ဟုပင်ဖေါ်ပြနိုင်ခဲ့သည်။ (လက်ရှိ နိုင်ငံတော်၏ အိမ်ခြံမြေချထားရေးအစီအစဉ်တွင် ကာနာတာကာပြည်နယ်၌ ဇနီးသည်တစ်ဦးတည်းအမည်ဖြင့်ချထားပေးသလို၊ အနောက်ဘင်္ဂလားပြည်နယ်တွင် ဇနီးသည်နှင့် ခင်ပွန်းအမည် ပူးတွဲချထားပေးခဲ့သည်။)

ဥပဒေမူကြမ်း၏ အပိုင်း-၈၊ တွင် 'အိမ်ခြံမြေချထားပေးရာတွင် ဦးစားပေးရမည့် စာရင်း' ကိုဖေါ်ပြရာ၌၊ အမျိုးသမီး အိမ်ထောင်ဦးစီး နှင့် တကိုယ်တည်းနေအမျိုးသမီးတို့ကိုစာရင်း၏အစပိုင်း၌ ဖေါ်ပြထားသည်။

အောက်ပါအရေးယူဆောင်ရွက်ချက်များမှာ ဦးစားပေးအဖြစ်ခံယူထိုက်သည့် ဆင်းရဲသူအမျိုးသမီးများအတွက် အထူးပြုထားသည့် အရေးကြီးဆောင်ရွက်ချက်များဖြစ်ပေသည်-

ဆင်းရဲသည့်မိသားစုများ၏ အိမ်ခြံမြေချထားမှု ရရှိခံစားထိုက်သူများ စိစစ်သတ်မှတ်ရန်နည်းလမ်းများ ခေါင်းစဉ်ပါ အစီအစဉ်-၁ ၏ အိမ်ခြံမြေရရှိပိုင်ခွင့်အတွက် ဖေါ်ဆောင်ရာတွင် အနိမ့်ဆုံးသတ်မှတ်ချက်များအတွက် ဖေါ်ပြထားသည့်၊ အပိုဒ်ခွဲ-၁(က)တွင်၊ အမှန်စင်စစ်၊ ရသင့်ရထိုက်သည့် ဆင်းရဲသူမြေမဲ့ယာမဲ့၊ အိမ်ရာမြေမရှိသေးသည့် မိသားစုများ မကျန်ခဲ့စေရေးမှာ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အပိုဒ်-၁(ဂ)တွင် အိမ်ရာမြေချထားရာတွင် ကုန်ကျစရိတ် မရှိစေရ ဟူ၍လည်းကောင်း၊ ပြဌာန်းထားသည်။

အဆိုပါပြဌာန်းချက်များသည်၊ အလွန်တရာဆင်းရဲ၍ နေစရာ၊စားစရာမရှိသူ အခြေအနေမဲ့အများစုကို ကူညီပေးမည့် ပြဌာန်းချက်များ ဖြစ်ပေသည်။

**အမျိုးသမီးများ၏ မြေယာအခွင့်အရေးအပေါ် တရုတ်ပြည်မှ လေ့လာတွေ့ရှိချက်**

တရုတ်ပြည်သည် စုပေါင်းလယ်ယာစနစ်ကို ၁၉၇၉ခုနှစ် နှင့် ၁၉၈၄ခုနှစ်ကာလအတွင်း ပယ်ဖျက်ခဲ့ပြီး အသင်းဝင်များကို လယ်ယာမြေအညီအမျှခွဲဝေပေးခဲ့သည်။ ဤသို့ လယ်ယာလုပ်ငန်းဆောင်ရွက်မှုကို အိမ်ထောင်စုတစ်ခုချင်းစီအတွက် လုပ်ပိုင်ခွင့်ခွဲဝေပေးခဲ့ခြင်းဖြင့် ကာလတိုဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် (လယ်ယာလုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်စေနိုင်ခြင်း၊ စိတ်ကြိုက်မျိုးကိုရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ ဓါတ်မြေသြဇာအသုံးပြုမှုကို သတိဖြင့် ဆောင်ရွက်စေနိုင်ခြင်း၊ ပေါင်းမြက်ကိုနိုင်နင်းစွာနှိမ်နင်းနိုင်ခြင်း)စသည်တို့ကို ဆောင်ရွက်နိုင်စေခြင်းတို့ကြောင့် ထုတ်လုပ်မှုကို ကနဦးအစကပင် အကြီးအကျယ်တိုးမြှင့်စေခဲ့သည်။ သို့သော်လည်းတစ်ဦးချင်းစီ၏ ဝေစုကို မြေပေါ်တွင် ပြသနိုင်ခြင်းမရှိသဖြင့်မြေနှင့်ပတ်သက်၍ဆိုင်ရာဆိုင်ခွင့် အထောက်အထားများပေါ်တွင်အိမ်ထောင်ဦးစီး၏အမည်၊ အထူးသဖြင့် ယောကျ်ားအမည်များသာ ဖေါ်ပြနိုင်ကြသည်။ အိမ်ထောင်စုပိုင်မြေနှင့်ပတ်သက်၍ စီမံဆုံးဖြတ်ရာတွင်လည်း ထိုသူကသာ ဆုံးဖြတ်လုပ်ကိုင်လေ့ရှိသည်။

သို့သော်၊ ကျေးရွာအများအပြားတွင် မြေယာခွဲဝေမှု ညီတူမျှတူဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပေးရသည့် 'ပြန်လည်ညှိနှိုင်းရေး'ဟုခေါ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကရှိနေပြန်သည်။ အိမ်ထောင်စုများတွင် အိမ်ထောင်ကျ၍ ချွေးမ အဖြစ်ရောက်ရှိလာသူများ၊ အခြားအိမ်ထောင်စုမှ အမျိုးသားနှင့်လက်ထပ်ပြီးအခြားအိမ်ထောင်စု၏ ချွေးမအဖြစ် မိမိ အိမ်ထောင်စုမှ ထွက်ခွာသွားသူများ၊ အသစ်မွေးဖွားလာသူများ၊ ကွယ်လွန်သူများစသည်ဖြင့် လူဦးရေအပြောင်းအလဲ အမြဲဖြစ်ပေါ်နေလေရာ၊ လူဦးရေပြောင်းလဲလာမှုနှင့်အညီ မြေယာချထားမှုကိုပြုနိုင်ရန် အခါအားလျော်စွာ၊ ကျေးရွာကေဒါများက ဦးဆောင်၍ မူလချထားမြေကို ပြန်လည်သိမ်းယူပြီး၊ လိုက်လျောညီထွေသည့် မြေယာချထားမှုများ ကို ဆောင် ရွက် ပေးရသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ကျေးရွာအတွင်းရှိလူတစ်ဦးချင်းစီအလိုက် မြေယာဝေစုကို အညီအမျှ ဖြစ်စေသော်လည်း မမျှော်မှန်းနိုင်သည့် ဝန်ထုပ်ဝန်ပိုးကို ဖြစ်စေခဲ့သည်။ မြေတစ်ရပ်အတွက် ကာလလတ်၊ ကာလရှည် ရင်းနှီးမြှုပ်နှံမှုမျိုးကို မည်သူမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြတော့ချေ။ တစ်ရာသီစာ သို့မဟုတ် တစ်နှစ်စာအတွက်သာ လုပ်ဆောင်ကြတော့သည်။ အကြောင်းကား၊ အဆိုပါမြေကိုမည်သည့်အချိန်၊ ကျေးရွာကေဒါများက 'ပြန်လည်ညှိနှိုင်းရေး' လုပ်ငန်းစဉ်အတွက် မြေကိုပြန်လည်သိမ်းယူမည် ဆိုသည်ကိုမည်သူမျှမသိနိုင်သောကြောင့်ဖြစ် လေသည်။

မြေယာအပေါ်ရင်းနှီးမြှုပ်နှံကြစေရန်အားပေးသောအားဖြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ၁၉၉၈ခုနှစ်၊ မြေယာစီမံခန့်ခွဲရေးဥပဒေအရ၊ တောင်သူလယ်သမားများကိုမိမိလုပ်ကိုင်ခွင့်ရမြေပေါ်တွင် နှစ်ပေါင်း(၃၀)လုပ်ကိုင်အသုံးပြုခွင့်ပြုလိုက်သည့်အတွက်၊ အဆိုပါမြေကိုသိမ်းယူ၍ ပြန်လည်ညှိနှိုင်းရန်မှာများစွာ ခက်ခဲသွားစေခဲ့သည်။ နောက်ဆက်တွဲအနေဖြင့်၊ ၂၀၀၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကျေးလက်ဒေသ၊ မြေယာများကို ကန်ထရိုက်ချုပ်ဆိုမှုဆိုင်ရာ ဥပဒေ ထွက်ပေါ်လာပြီးနောက် 'ပြန်လည်ညှိနှိုင်းရေး' လုပ်ငန်းစဉ်မှာလက်တွေ့တွင် မရှိသလောက်ပင် ဖြစ်သွားခဲ့သည်။ ယင်းသို့ဖြစ်လာသည်နှင့် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်အခွင့်အရေးများအတွက် အထူးပြဋ္ဌာန်းချက်များ ထွက်ပေါ်လာခဲ့သည်။ ယင်းဥပဒေ၏ ပုဒ်မ-၆တွင် အမျိုးသမီးများ၏ မြေယာရပိုင်ခွင့်တန်းတူ အခွင့်အရေးအတွက် အခိုင်အမာ ရပ်တည်ဖေါ်ပြထားသည်။ သို့သော် ပုဒ်မ-၂၁(၁)တွင်မူ နှစ်(၃၀) ကန်ထရိုက်စာချုပ်အတွက် ချုပ်ဆိုသည့် အိမ်ထောင်စု၏ ကိုယ်စားလှယ်ဖြစ်ရမည်ဟုဆိုပြန်သည်။ နောက်ဆက်တွဲသုတေသနပြုချက်များအရ ချုပ်ဆိုပြီးသည့် ကန်ထရိုက်စာချုပ်၏ (၁၇%)တွင်လည်းကောင်း၊ ဒုတိယအထောက်အထားအဖြစ် ထုတ်ပေးသည့် သက်သေခံလက်မှတ်၏ (၃၈%) တွင်လည်းကောင်း ဇနီးဖြစ်သူ၏အမည်ပါရှိခဲ့လေသည်။

ပုဒ်မ (၃၀)တွင် ပြဋ္ဌာန်းချက်မှာပို၍အရေးပါသည်။ အမျိုးသမီးတစ်ဦးသည် အခြားရွာသို့လိုက်ပါ အိမ်ထောင်ပြုခဲ့ရသော် ခင်ပွန်းဖြစ်သူ၏ကျေးရွာတွင် သူမအတွက် မြေယာဝေစုမရရှိသ၍ သူမ၏ မူလမြေဝေစုထိမ်းသိမ်းထားရန်ဖြစ်သလို၊ ခင်ပွန်းသေဆုံး (သို့မဟုတ်) ကွဲကွာခဲ့လျှင်လည်း သူမ၏ဝေစုကို ထိန်းသိမ်းထားစေရန် ပြဋ္ဌာန်းထားသည်။ 'ပြန်လည်ညှိနှိုင်းရေး' ကိုဥပဒေကလက်မခံသည့်အတွက် သူမအနေဖြင့် ခင်ပွန်းရှိရာ ရွာတွင် သူမအတွက် မြေဝေစုရနိုင်ရန် အကြောင်းမရှိတော့ချေ။ ကွင်းဆင်းသုတေသနပြုချက်များအရ တွေ့ကြုံရသည့် အခက်အခဲများမှာ အမျိုးသမီး အနည်း

ငယ်သာလျှင်၊ လက်ထပ်ပြီးနောက် သူတို့ခံစားပိုင်ခွင့်ရှိသည့်မြေဝေစုကို ဆက်လက်လုပ်ကိုင်နိုင်ရန် အခွင့်အရေးကို အသုံးချကြသည်။ အကြောင်းရင်းတစ်ခုမှာ ၊ မိမိရပ်ရွာကိုစွန့်၍ လက်ထပ်သွားကြသူများမှာ မြေရှိရာအရပ်သို့ အကြိမ်ကြိမ် အသွားအပြန် မလုပ်နိုင်ကြ၍ဖြစ်သည်။ မိသားစုပိုင်မြေယာအပေါ်တွင် ဝေစုတောင်းခံသည့် အလေ့အကျင့်မှာမိန်းမသား အများစုအတွက် ရှက်စရာဟု ခံယူထားကြသည်များလည်းရှိသည်။ အခြားတစ်ဖက်တွင်မူ သမီးဖြစ်သူ၏ မြေယာပေါ်တွင်ပိုင်ဆိုင်မှု အခွင့်အရေးကို ထိန်းသိမ်းထားကြခြင်းမှာ မိမိ၏သမီးဖြစ်သူ အိမ်ထောင်ကွဲခဲ့လျှင်၊ သို့မဟုတ် စွန့်ပစ်ခံခဲ့ရလျှင် အိမ်ကိုပြန်လာ၍ သူမ၏မူလရပိုင်ခွင့်အတိုင်း ရရှိခံစားစေနိုင်ရန်ဖြစ်သည်။

ပြဿနာကို ဖြေရှင်းရန်အတွက် မှုဟောင်းဖြစ်သည့် 'ပြန်လည်ညှိနှိုင်းရေး'လုပ်ငန်းစဉ်နည်းဖြင့် ဖြေရှင်း၍မရနိုင်ပေ။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တရုတ်တောင်သူများဖြစ်သည့်၊ ယောကျ်ားမိန်းမအားလုံးအတွက် လုပ်ကိုင်ခွင့်ကို မတည်မငြိမ် ဖြစ်စေလျှက်၊ ယေဘူယျအားဖြင့် မြေယာအပေါ်တွင် ရင်းနှီးမြှုပ်နှံကြမည်မဟုတ်ပေ။ အများထောက်ခံမှု ရရှိစေနိုင်သည့် ဖြစ်နိုင်ခြေတစ်ခုမှာ အိမ်ထောင်စုအလိုက် ဦးပိုင်ဧရိယာများကိုလက်ရှိအကျယ်အဝန်းအတိုင်းထားပြီး၊ အိမ်ထောင်စု လူဦးရေပြောင်းလဲလာမှုအခြေအနေအရ၊ အနဲဆုံးသမီးတစ်ယောက် တစ်ရွာသားနှင့်လက်ထပ်သွားလျှင်သော်လည်းကောင်း၊ မိသားစုဝင်ဖြစ်လာမည့် ချွေးမရောက်ရှိလာလျှင် သော်လည်းကောင်း ဝေစုကို ပြန်လည်ခွဲဝေသတ်မှတ်ခြင်းပင်ဖြစ်သည်။ အိမ်ထောင်စုဝင်တစ်ဦးချင်း၏ဝေစုကို မြေပေါ်တွင်ခွဲခြားသတ်မှတ်ခြင်းမဟုတ်မူဘဲ၊ ဝေစုအချိုးအဆကိုသာသတ်မှတ်ခြင်းဖြစ်ကြောင်းမှတ်ယူသင့်သည်။ ဥပမာ... အိမ်ထောင်စုတစ်ခုသည် (၅)မူသို့မဟုတ် တစ်ဟက်တာ၏ သုံးပုံတစ်ပုံကိုကန်ထရိုက်ချုပ်ဆိုထားသည်ဆိုပါစို့။ ဤအိမ်ထောင်စုတွင် လူ(၄)ဦးရှိခဲ့သော်၊ အိမ်ထောင်စုဝင်တစ်ဦးစီမှာ အဆိုပါဦးပိုင်ဧရိယာ၏ လေးပုံတစ်ပုံစီကို ပိုင်ဆိုင်ခွင့်ရရှိပေမည်။ သို့သော် မြေပေါ်တွင် မည်သည့်အပိုင်းဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်ထားမှု မရှိပေ။ သို့သော် ဥပဒေတွင် ဝေစုပိုင်ဆိုင်သူ အနေဖြင့် ဝေစု အရ ပိုင်ဆိုင်မှုကို အခြေအနေအရ တောင်းဆိုလာလျှင် သီးခြားလုပ်ကိုင်ထွန်ယက်နိုင်စေရန်၊ ငှားရန်၊ ရောင်းရန်၊ လွှဲအပ်နိုင်ရန်အတွက် မြေပေါ်တွင်ပိုင်းခြားသတ်မှတ်ပေးရန်ကို တောင်းဆိုပိုင်ခွင့်ရှိကြောင်း၊ ရှင်းလင်းစွာ ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။

## ၄။ မြေယာသိမ်းယူခြင်းများနှင့် မြေယာအငြင်းပွားမှု ဖြန်ဖြေရေး

**<u>အကြံပြုထောက်ခံချက်များ</u>**


- မဖြစ်မနေမြေကို သိမ်းယူ၍ လျော်ကြေးပေးသည့်အခါ၊ လုပ်ကွက်ဦးပိုင်ကျယ်ပါက ငွေဖြင့်ပေးလျော်စေပြီး၊ လုပ်ကွက်ဦးပိုင်သေးငယ်ပါက မြေအစားပေးခြင်းနည်းလမ်းကိုသာ အသုံးပြုစေသည့် ချဉ်းကပ်ဆောင်ရွက်ပုံ ပြောင်းလဲကျင့်သုံးစေရန်အတွက် ဥပဒေများကို ပြင်ဆင်ရန်၊
- သိမ်းဆည်းထားသည့် မြေယာများကို အသုံးမပြုဖြစ်ပါက ပြန်လည်ပေးအပ်ရေး ဦးစားပေးဆောင်ရွက်ရန်၊
- အတိတ်ကာလနစ်နာမှုများအပေါ် ခွဲဝေပိုင်ဆိုင်ခွင့် (ကာလရှည်ခံစားခွင့် အခွင့်အရေး)၊ ငွေဖြင့်ပေးချေခြင်း၊ အစုရှယ်ယာဝေစု စသည်တို့အပါအဝင် လျော်ကြေးကို နည်းလမ်းစုံဖြင့်ပေးချေခြင်း ချဉ်းကပ်မှုမျိုးဖြင့် ဖြေရှင်းရန်၊

မြေသိမ်းဆည်းခြင်းအတွက် လျော်ကြေးပေးရန် နည်းအမျိုးမျိုးရှိရာ၊ အောက်ပါတို့ပါဝင်သည်-

(က) မြေသိမ်းယူစဉ်ကာလ၏ သင့်လျော်သော လျော်ကြေးကို တပါတည်းပေးခြင်း၊
(ခ) နိုင်ငံတော်မှ သိမ်းယူသည့်မြေများအတွက်၊ အသုံးမပြုဖြစ်ပါက ပြန်လည်ပေးအပ်ခြင်း၊
(ဂ) အတိတ်က သိမ်းယူသည်ဖြစ်စေ၊ လတ်တလောသိမ်းယူသည်ဖြစ်စေ၊ မျှတမှုမရှိသောလျော်ကြေးအတွက် အစားထိုးပြန်ပေးခြင်း ဟူ၍ ဖြစ်သည်။

### (က) သိမ်းယူစဉ်ကာလ၏ သင့်လျော်သောလျော်ကြေးပေးခြင်း

မြန်မာနိုင်ငံ၏ မြေယာလုံခြုံပိုင်မာမှုမရှိခြင်းတွင် မရေတွက်နိုင်သောမြေသိမ်းမှုများသည် ကျယ်ပြန့်စွာ ပါဝင်နေသည်။ ထိုမြေသိမ်းမှုများစွာသည် ပုံမှန်မဟုတ်ပဲ စစ်အစိုးရအုပ်ချုပ်ခဲ့သည့် ဆယ်စုနှစ် များစွာ အတွင်းဖြစ်ပွားခဲ့သည်။ မြေယာများကို စစ်တပ်ကိုယ်တိုင်ဖြစ်စေ ယင်း၏ ကိုယ်စားလှယ်များကဖြစ်စေ ကျေနပ်လောက်သောအကြောင်းခြင်းရာ သို့မဟုတ် ရှင်းလင်းချက်မရှိပဲ မကြာခဏသိမ်းယူပြီး ထိုသိမ်းယူမှုများ၏ ဆိုးကျိုးများကို ယနေ့တိုင် ခံစားနေရလျှက်ရှိသည်။ ၁၉၈၀ နှစ်များမှ ၁၉၉၀ နှစ်များအတွင်း မြေယာဆုံးရှုံးခဲ့သည့် များစွာသောတောင်သူများသည် ယခုအခါ ပထမဆုံးအကြိမ်အဖြစ် ယင်းတို့၏မြေယာကို ပြန်လည်ရရှိရန် ရဲရဲတင်းတင်း တောင်းဆိုလျက် ရှိကြသည်။ (ပုံ-၄)။ လတ်တလောနှစ်များအတွင်း အချို့သော မြေယာသိမ်းမှုများတွင် ပွင့်လင်း မြင်သာမှု အနည်းငယ်နှင့် လျော်ကြေးပေးရန်ညှိနှိုင်းကြားမှု အနည်းငယ်တို့ဖြင့် ပိုမို၍ ပုံစံမှန်လာပြီး တရားဝင် လမ်းကြောင်းများ အရဆောင်ရွက်လာသည်ကို တွေ့ရချိန်တွင် လက်တလော အနေဖြင့် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည်နှင့်အညီ အဖွဲ့အစည်း အားလုံးခြုံငုံကာ ပုံစံမှန် မြေယာသိမ်းမှု များနှင့် ပုံစံမမှန်သောမြေသိမ်းမှုများကို တင်ပြလာကြသည်။





ပုံ (၄) မြန်မာနိုင်ငံ၏နှစ်အလိုက်မြေယာသိမ်းမှုများ (Namati, 2015)

မြေယာသိမ်းယူခြင်းနှင့် ပေးလျော်ခြင်းတို့အတွက် ဥပဒေနစ်ခုမှ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပါသည်။ (၁) ရှေးကျသော ၁၈၉၄ မြေသိမ်းအက်ဥပဒေနှင့် (၂) အစိုးရအနေဖြင့် အစိုးရပိုင်မြေများကို ပေးအပ်ရန် အရှိန်မြှင့်တင်ပေးသော လတ်တလောဥပဒေပြုမှုဖြစ်သည့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ တို့ဖြစ်သည်။ ၂၀၁၂ ဥပဒေတွင် မြေယာလျော်ကြေးပေးအပ်ရာ၌ သင့်တော်မျှတစေရန်ပြဋ္ဌာန်းထားရာ - တစ်ကေပျမ်းမျှ အထွက်နှုန်း၏ သုံးဆသောပမာဏကို ပေးလျော်ရန်၊ မြေယာကို တိုးတက်အောင်ဆောင်ရွက်ထားမှုများအတွက် တန်ဖိုး၏ (၂) ဆသောပမာဏကို ပေးလျော်ရန်၊ မြေယာအတွက် လက်ရှိပေါက်ဈေး ပမာဏအတိုင်း ပေးလျော်ရန်- ယင်းပေးလျော်ရမည့်ပမာဏများကို တွက်ချက်ရ မည့်နည်းလမ်း၊ မြေသိမ်းယူခြင်းနှင့် ပေးလျော်ခြင်းတို့ကိုဆောင်ရွက်မည့်နည်းလမ်းများနှင့် ပတ်သက်၍မှု ပြင်းထန်စွာဝေဖန်ခံရလျက်ရှိသည်။ ထို့နည်းတူ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေတွင် အစိုးရအနေနှင့် မြေယာကိုအများပြည်သူ အကျိုးအတွက်ဖြစ်စေ စီးပွားရေးအတွက်ဖြစ်စေ သိမ်းယူရာတွင် လိုက်နာရမည့် နည်းလမ်းကို ချမှတ်ထားရာ ကြိုတင်အသိပေးခြင်းနှင့် လျော်ကြေးပေးလျော်ခြင်းဆိုင်ရာ နည်းလမ်းများကို ချမှတ်ထားသော်လည်း တသမတ်တည်း လိုက်နာမ မရှိကြချေ။

မြေယာသိမ်းယူခြင်း သို့မဟုတ် မြေယာကိုမဖြစ်မနေ ရယူခြင်းတို့သည် နိုင်ငံတစ်ခုကို အုပ်ချုပ်ရာတွင် ပါဝင်သော သာမန်အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ အခြေခံဥပဒေနှင့် ဥပဒေအများစုသည် "အများပြည်သူအတွက်" "အများပြည်သူ အသုံးပြုရန်" နှင့်/သို့မဟုတ် "အများပြည်သူအကျိုးစီးပွားအတွက်" မဖြစ်မနေ မြေယာရယူခြင်းကိုခွင့်ပြုထားပြီး များစွာသောရည်ရွယ်ချက်များနှင့် မြေယာရယူခြင်းများရှိရာ လမ်းပန်းဆက်သွယ်ရေး(လမ်းများ၊ တူးမြောင်းများ၊ အမြန်လမ်းမများ၊ လေဆိပ်များ၊ မီးရထားလမ်းများ)၊ အများပြည်သူ အဆောက်အဦ (ကျောင်းများ၊ စာကြည့်တိုက်များ၊ ဆေးရုံများ၊ ပြည်သူ့အိမ်ယာများ)၊ အများပြည်သူ အတွက် အသုံးချမှုများ (ရေ၊ ရေဆိုးမြောင်း၊ လျှပ်စစ်၊ ဓါတ်ငွေ့၊ ဆက်သွယ်ရေးဆိုင်ရာများ၊ ဆည်များ၊ ရေလှောင်ကန်များ)၊ အများပြည်သူ အပန်းဖြေရာနေရာ (ကစားကွင်းများ၊ ဥယျာဉ်များ၊ အားကစားပြုလုပ်ရန်နေရာများ၊ သဘာဝ

အတိုင်းထိန်းသိမ်းသည့်နေရာများ) နှင့် ကာကွယ်ရေးဆိုင်ရာရည်ရွယ်ချက်များ (စစ်အခြေစိုက် စခန်းများ) တို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်လျှက်ရှိရာ ယင်းမြေယာသိမ်းယူသည့် ကိစ္စများသည် ဆက်လက်တိုးတက်လာနိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် သိမ်းယူသည့် လုပ်ငန်းစဉ်တွင် နှစ်ဦးနှစ် ဘက် မျှတစေရန်အတွက်၊ နိုင်ငံတကာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မသိမ်းမဖြစ်မြေသိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏အဆင့်များစွာကို ကောင်းမွန်စွာ ပုံစံချစီစဉ်ထားသည့် ဆိုင်ရာဥပဒေများတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည့်အတိုင်း လွတ်လပ်ခြင်း၊ ကြိုတင်အသိ ပေးခြင်း၊ သဘောတူညီချက်များအား ချပြအသိ ပေးခြင်းနှင့် သင့်လျော်သောလျော်ကြေးပေးလျော်ခြင်း တို့ပါဝင်သော နည်းလမ်းကို လိုက်နာသင့်ပါသည်။ (ပုံ - ၅ )




ပုံ (၅) နိုင်ငံတကာမှ အသိအမှတ်ပြုထားသော ကောင်းစွာရေးဆွဲထားသည့် မသိမ်းမဖြစ်မြေသိမ်းယူမှု လုပ်ငန်းစဉ် (Landesa, 2015)

မြေယာရယူမှုများနှင့်ပတ်သက်၍ ရှင်းလင်းစွာပြဋ္ဌာန်းထားသည့် လုပ်ငန်းစဉ်တစ်ရပ် အပြင်၊ ယခုအခါ မြေမဲ့ယာမဲ့နှုန်းများမြင့်တက်လျက်ရှိပြီး လုပ်ကွက်ငယ် တောင်သူစိုက်ပျိုးရေးကို မြှင့်တင်ပေးရန်အလို့ငှာ လုံခြုံနိုင်မာသော မြေယာလုပ်ပိုင်ခွင့်ကို ပံ့ပိုးပေးရန်လိုအပ်သည့်အလျောက် မြေမဲ့ယာမဲ့ များအတွက် မြေယာ ခွဲဝေချထားပေးမှုဖြင့် ပံ့ပိုးပေးရမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေနှင့် မြေယာသိမ်းယူခြင်းလုပ်ငန်းစဉ် တစ်ရပ်လုံးအတွက် ပြန်လည်တွက်ချက် သုံးသပ်သင့်ပါသည်။ မဖြစ်မနေ မြေယာသိမ်းယူခြင်းနှင့်လျော်ကြေး ပေးလျော်ခြင်း၏ အခြေခံလုပ်ငန်းစဉ် တစ်ရပ်လုံးကို လုပ်ကွက်ကျယ် ဦးပိုင်ကြီးများထံမှ သိမ်းယူပါက ငွေဖြင့် ပေးလျော်၍၊ လုပ်ကွက်ငယ်တောင်သူများထံမှ သိမ်းယူပါက မြေအစားထိုးပေးလျော်စေခြင်းမှ လွဲ၍ အခြားနည်း လမ်းဖြင့် ရယူရန် မဖြစ်နိုင်သော အခြေအနေသို့ ပြောင်းလဲသင့်ပါသည်။ ၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ဘဏ်၏ မြေယာနှင့်ဆင်းရဲနွမ်းပါးမှုကွန်ဖရင့်သို့ တင်သွင်းခဲ့သည့် လတ်တလောတအစီရင်ခံစာတွင်လည်း တူညီသော သုံးသပ်ချက်ကိုတွေ့ရှိရသည်။ ထိုတင်ပြချက်တွင် မြန်မာ၏ မြေယာဥပဒေနှင့် မူဝါဒတွင် လုပ်ကွက်ငယ် တောင်သူများဘက်မှ အထူးအခွင့်အရေးပေးရပ်တည်ရန် ပြောင်းလဲသင့်ကြောင်း ငြင်းခုံဆွေးနွေးခဲ့သည်။ "မြေယာဈေးကွက်တစ်ခုသို့ အကူးအပြောင်းကာလတွင်၊ တောင်သူလယ်သမားများကို ကာကွယ်သည့် ယန္တယားများမှာ အားကောင်းသန်မာစေရမည်။ အရေးအကြီးဆုံးမှာ ထိုအချက်ကိုပံ့ပိုးသည့်အနေဖြင့် ၂၀၁၂ ခုနှစ်၊ မြေယာဥပဒေများတွင် အချို့သောဥပဒေဆိုင်ရာအချက်များကို ပြောင်းလဲရမည်မှာ ပြင်ပရင်းနှီးမြှုပ်နှံ

သူတစ်ဦးနှင့် လယ်ယာမြေကိုချဲ့ထွင်စိုက်ပျိုးနိုင်သည်ကိုပြသနိုင်သော တောင်သူတစ်ဦးတို့ မြေယာပဋိပက္ခ ဖြစ်လျှင် ယင်းတောင်သူအား ဦးစားပေးရမည်ဟု ရှင်းလင်းစွာ ပြဌာန်းထားရပါမည်။ ထိုသို့ကာကွယ်ပေးမှု နည်းပါးခြင်းသည် နိုင်ငံတစ်ဝှမ်း မြေယာသိမ်းယူခြင်းများကိုကြီးစွာအထောက်အကူပြုလေသည်။" (Mark 2015)။ ထိုချဉ်းကပ်လေ့လာမှု နည်းလမ်းနှင့် ယထာဘူတကျသော ကောက်ချက်များအရ၊ အထူးစီးပွားရေး ဇုံများရှိ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းကြီးများကဲ့သို့၊ ချမ်းသာသူမှဆင်းရဲသူသို့ ဦးတည်သော စီးပွားရေးထက်၊ လက်ရှိရှင်သန်နေသော လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကို အသားပေးသင့် ကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းအချက်ကို ဆင်းရဲနွမ်းပါးမှုလျှော့ချရန် ဦးတည်သည့် စိုက်ပျိုးရေးလုပ်ငန်းမှ တဆင့် စက်မှုနိုင်ငံတော်သို့ ပြောင်းလဲ၍ မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်စေရန် ထိရောက်သော လက်နက်အဖြစ်အသုံး ချရမည်ဖြစ်သည်။

## (ခ)။ နိုင်ငံတော်မှ သိမ်းယူသည့်မြေများအတွက်၊ အသုံးမပြုဖြစ်ပါက ပြန်လည်ပေးအပ်ခြင်း၊

ဤနည်းလမ်းကို အရှေ့တောင်အာရှတွင် လွန်ခဲ့သည့်နှစ်များအတွင်း၌ အောင်မြင်စွာ အသုံးချနိုင် ခဲ့သည်။ ဤနည်းလမ်းတွင် လူထု၊ အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်းများသည် မြေယာသိမ်းယူမှု များအတွက် ပိုမိုအကဲဆတ်လာကြမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ မပြေလည်သေးသော အတိတ်သမိုင်းရှိ မြေယာသိမ်းယူမှု များတွင် အများစုမှာ သုံးစွဲမှုမရှိသည်ကို တွေ့ရသည်။ လက်ရှိ မြန်မာနိုင်ငံရှိဥပဒေများတွင် ယင်းအသုံး မပြုသည့် မြေယာများကို ပြန်ပေးအပ်ရန် ပြဌာန်းထားသည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- လယ်ယာမြေဥပဒေ ပုဒ်မ (၃၂) တွင် စီမံကိန်းတစ်ခုသည် လိုအပ်သည်ထက်ပိုမိုသော မြေကိုသိမ်းယူပါက အသုံးမပြုပဲကျန်ရှိသောမြေအား မူလမြေပိုင်ရှင်ထံပေးအပ်ရမည် နှင့်
- မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ (၁၆ (ခ))တွင် မြေကို လေးနှစ် အတွင်း အသုံးမပြုပါက နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

ဗီယက်နမ်နိုင်ငံတွင် စက်မှုလုပ်ငန်းကြီးများတည်ဆောက်ရန်ရည်ရွယ်၍ သိမ်းယူပြီး အသုံးမပြုသည့် မြေများနှင့်ပတ်သက်၍ ကုစားရာတွင် လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ဆင်တူသည့်နည်းလမ်းကို အသုံးပြုခဲ့ကြောင်း လတ်တလော သာဓကများရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် ဗီယက်နမ်တောင်ပိုင်းရှိ တေနင်ပြည်နယ်နှင့် လုံအန်ပြည်နယ်တို့၌ ဒေသအာဏာပိုင်များသည် ဟက်တာ ငါးထောင်ပမာဏရှိမြေအား စပါးစိုက် လယ်သမားများထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ ထိုမြေသည် စက်မှု ဥယျာဉ်နှင့် ဂေါက်ကွင်းများ တည်ဆောက်ရန် စီမံကိန်းအမျိုးမျိုးရေးဆွဲထားသည့်အတွင်းမှ အစိတ်အပိုင်းဖြစ်ပြီး ယင်းပြည်နယ် နှစ်ခုသည် ပထမဆုံး အသုံးမပြုသည့်မြေများကို ပြန်ပေးသည့် ပြည်နယ်များအဖြစ် မှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ အစိုးရ၏တာဝန်ရှိသောဌာနမှာ စီမံကိန်းဦးစီးဌာနဖြစ်ပြီး ဌာနပေါင်းစုံ ကော်မတီတစ်ရပ်ဖွဲ့ စည်းကာ ယင်းစက်မှုလုပ်ငန်းများသည် ထုတ်လုပ်နိုင်စွမ်းရှိမရှိကို ဥပဒေအတိုင်း စုံစမ်းစစ်ဆေးခဲ့သည်။ ထိုအခါ ကောထောင်နှင့်ချီ၍ အသုံးမပြုပဲထားသည်ကို တွေ့ရှိရပြီး လယ်သမားများထံသို့ပြန်လည်အပ်နှံခဲ့ပါသည်။ အာဏာပိုင်များသည် ယင်းဆုံးဖြတ်ချက်ကို ပြည်သူအား အသိပေးပြီး ယခင်စိုက်ပျိုးသူများကို မြေယာ ပြန်လည်ရယူပြီး စိုက်ပျိုးရန် အားပေးလှုံ့ဆော်ခဲ့သည်။

ကမ္ဘောဒီယားနိုင်ငံတွင် စီးပွားရေးဆောင်ရွက်ရန် အကြောင်းပြချက်ဖြင့် ရယူထားပြီး အသုံးမပြုသည့် မြေယာများကို ၂၀၀၁ ခုနှစ်၌ ပြန်လည်ပေးအပ်ခဲ့ရာ၊ လုပ်နည်းလုပ်ဟန် တမူကွဲပြားခြားနားသည်။ မြန်မာနိုင်ငံ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေတွင် (၅၀) ဧကမှ ဧကထောင်ပေါင်းများစွာ အထိ ကျယ်ပြန့်စွာရယူနိုင်သကဲ့သို့၊ စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘောဒီးယား၏ ၂၀၀၁ ခုနှစ်၊ မြေယာဥပဒေသည်၊ စိုက်ပျိုးရေးလုပ်ငန်းကြီးများနှင့် စက်မှုလုပ်ငန်းအသုံးပြုရန်အတွက် မြေယာ ဟက်တာတစ်သန်းအား၊ လက်ရှိဖော်ဆောင်နေသော ချမ်းသာသူမှ ဆင်းရဲသူသို့ဦးတည်သော စီးပွားရေး တည်ဆောက်ရန် အလို့ငှာ ခွဲဝေနေရာချထားပေးခဲ့သည်။ ထိုမဖြစ်မနေ မြေယာသိမ်းယူခြင်း၏ ဂယက်နောက် တွင် အသုံးမပြုပဲ ကျန်သောမြေများစွာ ကျန်ရှိနေသဖြင့်၊ အစိုးရသည် ထိုအသုံးမပြုသော မြေများအတွက် အခွန်ကောက်ရန် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်ကြေငြာလိုက်သည်။ ထို့ကြောင့် မြေရယူထားသူများ သည် ရယူထားသောမြေမှ အကျိုးအမြတ်ထက် အခွန်ထမ်းဆောင်ရခြင်းက ပိုမိုများပြားလာသဖြင့် ယင်းအရှုံး ကြောင့် လုပ်ပိုင်ခွင့်များကို ရပ်စဲလိုက်ကြသည့် အကျိုးထူးများရရှိခဲ့သည်။ ယင်းနည်းလမ်းနှင့် ပတ်သက်၍ အချက်အလက်များ မရရှိသေးသော်လည်း၊ ယင်းနည်းလမ်းသည် မြန်မာနိုင်ငံ၌ မြေယာမဲ့ တောင်သူများအား မြေယာခွဲဝေပေး၍ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေးကိုအားပေးရန် များစွာသော နည်းလမ်းများထဲမှ တစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။ ကမ္ဘောဒီးယား၏ ဒုတိယနည်းလမ်းမှာ မမျှမတသော လျော်ကြေးဖြင့် သိမ်းယူထားသောမြေများအား ပြန်ပေးသည့်အခါက ကျင့်သုံးခဲ့သည်။ ထုတ်ပြန်ထားသည့် သာဓက တစ်ခုမှာ အပန်းဖြေဇိမ်ခံစီမံကိန်း တစ်ခုတွင် မမျှတသော လျော်ကြေးဖြင့် လူ (၉၀၀)ကိုနှင်ခဲ့ရာ အစိုးရမဟုတ်သော အဖွဲ့များနှင့် ကမ္ဘာ့ဘဏ် (ကမ္ဘောဒီးယားသို့ ချေးငွေရပ်ဆိုင်းခြင်းဖြင့်)၏ တွန်းအားကြောင့် မြေယာရယူမှုများ ရပ်ဆိုင်းကာ မြေယာများအား ပြန်လည် အပ်နှံခဲ့ရသည်။

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းများသည် သိမ်းယူထားသောမြေယာများအား ပြန်လည်ပေးအပ်ရန် အတွက် ဖိအားပေးသည့်နည်းလမ်းအမျိုးမျိုးကို လုပ်ဆောင်လျက်ရှိသည်။ အသုံးပြုသော နည်းလမ်း တစ်ခုမှာ တရားစွဲဆိုခြင်းဖြစ်ပြီး၊ ယင်းနည်းအတွက် တရားစရိတ် မြင့်မားခြင်းသည် အဟန့်အတားဖြစ်လျက်ရှိရာ အလျှုရှင်ထောက်ပံ့သည့် ဥပဒေဝန်ဆောင်မှုများ လိုအပ်ပါသည်။ ထိုအမှုများတွင် မြေယာပြန်လည်ပေး အပ်ခြင်းသည်ရှားပါးပြီး အောင်မြင်သည့် အမှုများမှာလည်း လျော်ကြေးတိုးမြှင့်ပေးအပ်ခြင်းသို့သာ ဦးတည် ခဲ့သည်။ သာဓကအားဖြင့် မကြာမီကထုတ်ပြန်သော အစီရင်ခံစာ တစ်စောင်တွင် မကွေးတိုင်း ဒေသကြီး အတွင်း ဆည်ဆောက်လုပ်သဖြင့် မြေယာဆုံးရှုံးခဲ့သူရွာသားများပါဝင်သည့် အမှုအတွက် တရားရုံးစားရိတ်မှာ (၁၈) သိန်း(အမေရိကန်ဒေါ်လာ ၁၈၀၀ခန့်) (Mark 2015) လိုအပ်ခဲ့သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ပိုမိုထိရောက်သော နည်းလမ်းမှာ ပြည်သူ့လွှတ်တော်လယ်ယာမြေသိမ်းဆည်းမှုစုံစမ်းရေး ကော်မရှင်ဖြစ်ပြီး ယင်းနည်းလမ်းတွင် အောင်မြင်သည့် အမှုအရေအတွက်ပိုများပြားပြီး တရားရုံးစားရိတ်ကုန်ကျခြင်းမရှိပေ။ ထိုနည်းလမ်းအရ မြေယာအမှန်တကယ် ပြန်ရသည်များလည်းရှိပြီး ကော်မရှင်အထွေထွေ အတွင်းရေးမှူး၏ ၂၀၁၅ ခုနှစ် ဖွန်လတွင် ပြောဆိုချက်အရ ကော်မရှင်သို့ တိုင်စာစုစုပေါင်း (၃၀၀၀၀) ရောက်ရှိခဲ့ပြီး (၂၀၀၀၀) ကိုစုံစမ်းစစ်ဆေးလျက်ရှိပါသည်။ အနည်းငယ်သောပမာဏဖြစ်သည့် (၈၈၂)မှုကို လျော်ကြေးပေးအပ် ရန်ဆုံးဖြတ်ခဲ့ပါသည်။ ယင်းအမှုအများ အပြားမှာ၊ စုပေါင်းအမှုတွဲများဖြစ်ပြီး၊ ကော်မရှင်၏အဆိုအရ (၃၃၆၈၀) မိသားစုများအား၊ (၃၃၅၀၀၀) ဧက ခန့်ရှိသော လယ်ယာမြေ (၁၈၀၀၀၀) ဧကနှင့် မြို့မြေ (၁၅၀၀၀၀) ဧက) အား၊ ပြန်လည် ပေးအပ်နိုင်ခဲ့သဖြင့် အကျိုးကျေးဇူးများခံစားလျက်ရှိပါသည်။

ထိုအချက်အလက်များသည် ကောင်းမွန်သောလုပ်ငန်းအစဟုထင်ရသော်လည်း နမာတိအဖွဲ့နှင့် လင်ဒက်ဆာအဖွဲ့တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ချက်အရ တောင်သူလယ်သမားအဖွဲ့များသည် ယခင်ကမမျှတသော မြေယာသိမ်းယူမှုများ သို့မဟုတ် အနည်းငယ်မျှသော လျော်ကြေးဖြင့် လတ်တလောသိမ်းယူမှုများအပေါ် ဆုံးရှုံးခံရသည့်အသေးစိတ်အချက်အလက်များနှင့်တကွ ပုံမှန်အယူခံတင်ပြလျှက်ရှိကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုအတွင်း လင်ဒက်ဆာအဖွဲ့၏ ဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်ချက်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ခုနစ်ခုအတွင်း နမာတိအဖွဲ့၏ လူထုအခြေပြု ဥပဒေလူမှုဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်ချက်၊ တောင်သူလယ်သမား အသင်းအဖွဲ့များ၊ တက်ကြွလှုပ်ရှား သူများ၊ ဥပဒေအကျိုးဆောင်ရှေ့နေများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီရင်ခံတင်ပြချက်များအပေါ် ကိုးကားတွက်ချက်မှုအရ၊ ဖြေရှင်းပြီးသည့်တိုင်ကြားစာ အရေအတွက် အနေဖြင့် (၈၈၂) စောင်ထက်များစွာ ပိုမိုသင့်ပြီး ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်သေးကြောင်းတွေ့ရသည်။ ထပ်မံ၍ ဒေသဆိုင်ရာအဆင့်သို့ မြေယာများကိုပြန်လည် ပေးအပ်သည့်အခါ တင်ပြတိုင်ကြားမှုများ ထပ်နေရာ၊ မြေယာပြန်လည်ချထားခြင်းအပေါ် တွင် မြေယာအငြင်းပွားမှုများ ပြန်လည်ပေါ်ပေါက်လာပါသည်။ အစိုးရအနေနှင့် လက်ရှိအခြေအနေတွင် တိုင်ကြားမှုများအပေါ် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူပါဝင်သောနည်းလမ်းဖြင့် ဆုံးဖြတ်ရန်အတွက် မှုချမှတ်ထားမှုနည်းပါးနေသေးသည်။ ရလာဒ်အနေဖြင့် ပြန်လည်ပေးအပ်သော မြေယာများအတွက် လယ်ယာမြေမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်မှာ ကြိုတင်စီစဉ်ထားမှုမရှိပဲ၊ တစ်ခါတစ်ရံ ယင်းမြေသည် မူလတောင်သူမိသားစုမှ ပြန်ရပြီး၊ တစ်ခါတစ်ရံတွင် သိမ်းယူထားသောစစ်တပ်ထံမှ သီးစားအဖြစ် ပြန်လည်ငှားရမ်းလုပ်ကိုင်သူတောင်သူများမှ လုပ်ပိုင်ခွင့်ရလေ့ရှိကာ တစ်ခါတစ်ရံတွင်မူ လက်ရှိအသုံးပြုနေသူတောင်သူများမှ လုပ်ပိုင်ခွင့် ရတတ်လေသည်။ လာဘ်ပေးလာဘ်ယူမှုများနှင့် ပုဂ္ဂိုလ်ရေးအကျိုးအမြတ်များကြောင့် တရားဝင်တင်ပြ တိုင်ကြားခြင်း မရှိသူများထံသို့ မြေကိုပေးအပ်လေ့လဲ ရှိလေသည်။

ထိုအချက်များအရ ထိခိုက်နစ်နာပျက်စီးမှုများနှင့် မတရားရယူမှုများအတွက် တရားရုံး နှင့် နိုင်ငံတော်အဆင့် လွှတ်တော်ကော်မရှင်တို့သည်လည်း လျော်ကြေးပေးရုံသာတတ်နိုင်ပြီး အားကိုးဖွယ် သူရဲကောင်းအဖြစ်သို့ နီးစပ်လာမှုမရှိပေ။ အကယ်၍ နောက်ဆုံးသောပန်းတိုင်သည် မြေမဲ့ယာမဲ့များ ကိုလျှော့ချရန်နှင့် လုပ်ကွက်ငယ်တောင်သူများကိုပံ့ပိုး၍ ဖွံ့ဖြိုးလာစေရန်ဆိုပါက အကောင်းဆုံးသော နည်းလမ်းသည် အာရှတွင်ကြီးကျယ်စွာ အောင်မြင်ခဲ့သော ငါးနိုင်ငံ၏အတွေ့အကြုံများကိုအခြေခံ၍ တစ်နိုင်ငံ လုံးပါဝင်သည့် မြေယာခွဲဝေချထားမှု အစီအစဉ်ကို အလျင်အမြန်နှင့် ပြင်းပြင်းထန်ထန်ကြိုးစား အကောင်ထည်ဖော်ရန်ပင်ဖြစ်ပါသည်။ (အပိုင်း ၁၊ လုပ်ကွက်ငယ်စိုက်ပျိုးရေး၊ မြေမဲ့ယာမဲ့နှင့် မျှတသော မြေယာခွဲဝေမှုတွင် ဖော်ပြထားသည်)

## (ဂ) လတ်တလောနှင့် အတိတ်ကာလ မမျှတသောပေးလျော်ခြင်းနှင့် မြေသိမ်းမှုများအား ဖြေရှင်းခြင်း

အတိတ်ကာလနစ်နာမှုများကို ဖြေရှင်းရာတွင် နိုင်သူအကုန်ယူ၊ ရှုံးသူအကုန်ပေး ဟူသည့် သုညပေါင်းလဒ်ဖြေရှင်းနည်း၊တနည်းအားဖြင့် အကျိုးထိခိုက်နစ်နာစေခဲ့သူများက မြေကိုရယူပြီး တင်ပြတောင်းဆိုသူများက မြေယာလက်မဲ့စေသည့် နည်းဖြင့် စတင်ဖြေရှင်းရန်မသင့်ချေ။ ဖြေရှင်းသည့်အစီအစဉ်တွင် အခြားပိုမိုအကျိုးရှိသည့် ဖြေရှင်းရန် နည်းလမ်းများအနက် - အငြင်းပွားမြေ ကိုခွဲခြမ်း၍ တစ်ဖက်မှ အခြားတစ်ဖက်ကိုပံ့ပိုးစေခြင်း သို့မဟုတ် အစိုးရမှလျော်ကြေးအဖြစ် ငွေကြေး၊ မြေအစားပေးခြင်း သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အစုရှယ်ယာပါဝင်ခွင့်တို့ ပါဝင်သည်။ တရုတ်ပြည်မကြီး၊ ထိုင်ဝမ်နှင့် တောင်ကိုရီးယားနိုင်ငံများတွင် လင်ဒက်ဆာအဖွဲ့မှ တွေ့ရှိခဲ့သည်မှာ စိုက်ပျိုးရေးမဟုတ်သော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း

များအတွက် မြေယာ သိမ်းယူရာတွင် ရှယ်ယာအညီအမျှပါဝင်စေခြင်းသည် ထိရောက်သော လျော်ကြေး တစ်ခုဖြစ်သည်။ တောင်အာဖရိကတွင်မူ အတိတ်ကာလကမြေယာမှနှင်ထုတ်ခံခဲ့ရသူများကို ငွေကြေး လျော်ကြေးပေးခြင်းသည် အောင်မြင်သောပေးလျော်မှု ဖြစ်သည်ဟု တွေ့ရှိရသည်။ (မြန်မာနိုင်ငံတွင်မူ လူမှုဘဝများကို ပြန်လည်ထူထောင်နိုင်ရန် မြေအစားပေးလျှော်ခြင်းသာ ဖြစ်ရပါမည်။) နစ်နာမှုများ ထပ်ခါ ထပ်ခါ မရှိစေရေးအတွက်၊ ကာကွယ်မှုများပြုလုပ်ရန်သည်လည်း အရေးပါပေသည်။ သာဓက အနေဖြင့် အိန္ဒိယနိုင်ငံတွင် ဇယားဝင် တိုင်းရင်းသားအုပ်စုများကဲ့သို့သော မြေယာပြန်လည်ရရှိသူ အုပ်စုများကို မြေယာကို လွှဲပြောင်းခြင်းမှ အစိုးရက တားမြစ် သို့မဟုတ် ဆိုင်းငံ့ထားသည်။

တရားဝင်အုပ်ချုပ်မှုယန္တယားများအတွင်း သင့်လျော်စွာကိုယ်စားပြုစေမှု၊ ဥပဒေပြုဘာသာစကား၊ မှုကြမ်းရေးဆွဲသူများနှင့် အကောင်အထည်ဖော်သူများပါဝင်မှု၊ ဒေသခံများ၏ ဆုံးဖြတ်နိုင်ခွင့်၊ ဆက်လက် ထုတ်ပြန်မည့်ကြေငြာချက်များနှင့် အများပြည်သူ အတွက်ဆွေးနွေးပညာပေးရေး တို့တွင်ပွင့်လင်း မြင် သာရှိမှု(ထို့အတူ မြန်မာနိုင်ငံတွင် ယခင်ကပြဿနာတစ်ရပ်အဖြစ်ရှုမြင်ရသော ပူးပေါင်းပါဝင်ခွင့်အတွက် အမှန်တကယ် အလုပ်ဖြစ်မည့်အချိန်ပြဋ္ဌာန်းမှု) ပါဝင်သည့် မျှတသောမြေယာခွဲဝေမှုသည် အတိတ်ကာလ၏ မြေယာဆိုင်ရာတင်ပြ တိုင်ကြားမှုများအတွက် အခြားသောယုတ္တိကျသည့်အဖြေတစ်ခုဖြစ်သည်။ အစားထိုး ပေးလျော်ခြင်းမျိုးသည် လူနေမှုဘဝပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံးဖြစ်သော်လည်း နစ်နာမှု များကို ရှင်းလင်းစွာသိရှိခြင်းသည်လည်း ဤလုပ်ငန်းစဉ်အတွက် အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်ပေသည်။ မြေနှင့်ဆိုင်သော အမှန်တရားနှင့် ဖြန်ဖြေရေးကော်မရှင်များ သို့မဟုတ် ယင်းနှင့်တူသော ဖွဲ့စည်းမှုများသည်လည်း တောင်အာဖရိကနိုင်ငံ၏ အတွေ့အကြုံအရ ထိရောက်သည့် အချက်များဖြစ်၍ ထည့်သွင်းစဉ်းစားသင့်ပါသည်။

## (ဃ) အငြင်းပွားမှုများဖြေရှင်းရန် မှတ်စုအကျဉ်း

မြေယာစီမံကိန်းအစီအစဉ်များနှင့် ယင်းတို့ကိုအထောက်အပံ့ပြုမည့် ဥပဒေအကူအညီလုပ်ငန်းများ သည် အငြင်းပွားမှုဖြေရှင်းပေးမည့်အဖွဲ့အစည်းများ၊ အစီအစဉ်စီမံခန့်ခွဲသူများနှင့် မြေယာမူဝါဒအရ အကျိုးရရှိ မည့်သူများကို မြေယာမူဝါဒ၊ မြေယာဥပဒေနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် များအတွက် ဥပဒေဆိုင်ရာ ပညာပေးလုပ်ငန်း ဆောင်ရွက်သင့်သည်။ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို အပြည့်အဝနားမလည်သေးသ၍ လုပ်ပိုင်ခွင့်များ ချထားပေးမှုမပြုသင့်ပါ။ အိန္ဒိယ၊ သီရိလင်္ကာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ တရားစီရင်ရေးကဏ္ဍမှ အရေးပါသူများနှင့် မြေယာဌာနမှအရာရှိများ အတွက် ပညာပေးရေးကို မြေယာလုပ်ပိုင်ခွင့်ပေးရေးအစီအစဉ်များနှင့် တကွဆောင်ရွက်ခဲ့ပြီး ရလာဒ်ကောင်း အချို့ ရရှိခဲ့သည်။ မြေယာပြဿနာများအတွက် ရည်ရွယ်ဖွဲ့စည်းသော မြေယာအငြင်းပွားမှု ဖြေရှင်းသည့် အာဏာပိုင်အဖွဲ့များအတွက် များစွာသောစံပြများတွင် ဩစတေးလျနှင့် ဟောင်ကောင်ရှိ မြေယာခုံရုံးများ၊ နယူးဇီလန်ရှိ မာအိုရီတိုင်းရင်းသားများအတွက် ဝန်ဆောင်လျက်ရှိသော မြေယာအထူးပြုတရားရုံးများနှင့် အမေရိကန်ပြည်ထောင်စု၊ မန်ဆာချူးဆက်ပြည်နယ်ရှိ မြေယာတရားရုံးများ ပါဝင်ပါသည်။ တောင်အာဖရိက နိုင်ငံတွင် မြေယာအငြင်းပွားမှုဖြေရှင်းရန် အမှန်တရားနှင့်ပြန်လည်ထူထောင်ရေး ကော်မရှင်များကို စံပြအဖြစ် မှတ်ယူ ဆောင်ရွက်သည်။

## (၅) သတင်းအချက်အလက် စီမံခန့်ခွဲမှု

**အကြံပြုထောက်ခံချက်များ**

- ကျေးလက်လူထုအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများအနေဖြင့် မြေယာနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် မြေယာမူဝါဒဆိုင်ရာသတင်းအချက်အလက်များကိုရရှိမှု ပိုမိုလွယ်ကူစေရန်၊

- လက်ခံနိုင်ဖွယ်မြေပုံထုတ်လုပ်ရေးအစီအစဉ်များ၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ရယူနိုင်ရန်အတွက် သေချာအောင်ဆောင်ရွက်ရန်၊ လူထုပါဝင်မှုရှိစေရန်၊ မြေယာမဲ့မိသားစုများ၏ စာရင်းကောက်ယူရန်နှင့် အစိုးရပိုင်မြေရနိုင်မှုကိုသိရှိထားရန်၊

တောင်သူလယ်သမားများသည် ပိုင်ဆိုင်သောမြေများ၏ လုပ်ပိုင်ခွင့်လုံခြုံခိုင်မာမှုကို ကာကွယ်ရန်အတွက် ယင်းမြေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ရမည် ဖြစ်သည်။ သတင်းအချက်အလက်ရရှိနိုင်ရေးသည် ကောင်းမွန်သောအုပ်ချုပ်မှု၏ သော့ချက်တစ်ခုလည်း ဖြစ်ပါသည်။ တိကျသေချာသော၊ ပွင့်လင်းမြင်သာသော၊ အလွယ်တကူရနိုင်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုအားဖြင့် တောင်သူလယ်သမားများသည် ယင်းတို့ပိုင်ဆိုင်သော မြေ၏ တရားဝင်အခွင့်အရေး များကို သက်သေပြနိုင်ပြီး၊ ယင်းလုပ်ပိုင်ခွင့်များနှင့်ပတ်သက်သည့် အသိပေး ကြေငြာချက်များကို လည်းပေးနိုင်သဖြင့်၊ အစိုးရအနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၏ အခြေအနေနှင့် ယင်းတို့၏ လူထုအဖွဲ့အစည်း များ၏ အခြေအနေကို ပိုမို၍ မျက်ချည်မပြတ် စောင့်ကြည့်နိုင်ပေသည်။ ထို့အပြင် ပံ့ပိုးမှုများနှင့် အမတော်ကြေး သို့မဟုတ် တိုးချဲ့ဝန်ဆောင်မှု များကဲ့သို့သော အခြားအစိုးရဝန်ဆောင် မှုများကို ပိုမိုထိရောက်စေရန် နှင့် ပိုမိုရရှိနိုင်ရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသတင်းအချက် အလက်စနစ်အနေဖြင့် လုပ်ကွက်ငယ် တောင်သူများ၏ အကျိုးစီးပွားကိုကာကွယ်ရန် မဖြစ်မနေ လိုအပ်ပြီး အဓိက သော့ချက်များမှာ (၁) ကုန်ကျစရိတ်နဲပါးခြင်း (၂) ပွင့်လင်းမြင်သာမှုရှိခြင်း (၃) ရယူလွယ်ခြင်း (အချက်အလက်များကို သက်ဆိုင်သော လူထုနေထိုင်ရာ အနီးအနားအထိ ရောက်ရှိ နိုင်ခြင်းအပါအဝင်) (၄) မျှတမှုရှိခြင်း (၅) ထုံးတမ်းစဉ်လာစနစ်နှင့် ဆွယ်ပွားသော မြေယာလုပ်ပိုင်ခွင့် များအပါအဝင် ရှုပ်ထွေး၍ တစ်ခုနှင့်တစ်ခု ထပ်နေသောမြေယာလုပ်ပိုင်ခွင့်များကိုလည်း လွှမ်းခြုံမိခြင်း (၆)ရေးသားပြုစုထားသော စာရွက်စာတမ်း များကိုအခြေပြုသည်ထက် လက်ရှိလူမှုစနစ်ကို ပိုမိုအခြေခံ၍တည်ဆောက်ထားခြင်း၊ (၇) အမျိုးသမီးများ အပါအဝင် ပြဿနာရှိနိုင်ခြေရှိသော အုပ်စုများ ကိုကာကွယ်မှုအတွက် စစ်ဆေးချိန်ညှိခြင်းခြင်းတို့ဖြစ်ပါသည်။ အချို့ကိစ္စများတွင် သတင်းအချက် အလက်များသည် အင်တာနက်မှရရှိနိုင်သော်လည်း အမှန်အခြေအနေအရ ကွန်ပြူတာနှင့်အင်တာနက်ရရှိနိုင်မှု ချို့တဲ့တတ်သဖြင့် သတင်းအချက်အလက်များကို စာရွက်စာတမ်း အသွင်ဖြင့် ရောက်ရှိနိုင်သော နေရာများသို့ဖြန့်ဖြူးခြင်းသည် ပိုမိုအဆင်ပြေသည်။ မြန်မာနိုင်ငံတွင် မြေယာမှတ်တမ်းအမြောက်အများကို မြို့နယ်အဆင့်တွင် ထိန်းသိမ်းထားပြီး သာမန်ကျေးလက်နေ တောင်သူများအနေနှင့် ထိုအချက်အလက်များကိုရရှိရန်အတွက် ခရီးအကွာအဝေးနှင့် လုပ်ငန်းစဉ်တို့သည် အခက်အခဲအဟန့်အတားဖြစ်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် ကျေးရွာ၊ ကျေးရွာ အုပ်စုအဆင့်တွင် သတင်းအချက်အလက်ထားရှိခြင်းကဲ့သို့သော လက်လှမ်းမှီရန်အတွက် အခြားရွေးချယ်ရန် နည်းလမ်း အမြောက်အများကို စဉ်းစားရမည်ဖြစ်သည်။

ထိုသို့လူထုအနေနှင့်ရရှိနိုင်မည့် မှတ်တမ်းများတွင် မြေယာနှင့်ပတ်သက်သည့် တရားဝင် မြေမျိုး အတန်းအစား၊ တရားဝင်တိကျသောမြေပုံနှင့် မြေတိုင်းမှတ်တမ်းများ၊ မြေယာလုပ်ပိုင်ခွင့် ရှိသူများစာရင်း

(မူလမြေယာလုပ်ပိုင်ခွင့်ရရှိသူများ၊ သီးစားများ၊ လူမှုအဖွဲ့အစည်း သို့မဟုတ် မြေကိုအသုံးပြုရန်နှင့် မြေရှိ ရေ သို့မဟုတ် သစ်ပင်စသော အရင်းအမြစ်များကိုအသုံးပြုခွင့်ရှိသော ဆင့်ပွားလုပ်ပိုင်ခွင့်ရရှိသူ၊ အပေါင်ခံသူ သို့မဟုတ် အပေါင်ထားသူများ၊ ကင်းလွတ်ခွင့်ရသူများနှင့် အစိုးရလုပ်ပိုင်ခွင့်ရမြေတို့အပါအဝင်)နှင့် လုပ်ပိုင်ခွင့်ကိုလွှဲပြောင်းမှုများအားလုံး စသည့်အချက်များ ပါဝင်ရပေမည်။

အိန္ဒိယနိုင်ငံ အန်ဟရာပရာဒက်ရှ်တွင် ကျေးရွာအဆင့် အုပ်ချုပ်သူအာဏာပိုင်များမှ မြေယာမှတ်တမ်းများကို ထိန်းသိမ်းထားရှိပြီး မြေပိုင်ရှင်ကိုစိစစ်သတ်မှတ်၍ လုပ်ပိုင်ခွင့်မှတ်တမ်း များတွင် ထည့်သွင်းမှတ်သားသည်။ ထိုမှတ်တမ်းများတွင် မြေယာနှင့်ပတ်သက်၍အခြေခံအချက်များဖြစ်သည့် ပိုင်ရှင်အမည်နှင့် ဧရိယာ၊ မြေမျိုးတန်ဖိုးနှင့် မြေခွန်ကောက်ခံမှုတို့ကဲ့သို့ အခြေခံ အချက်အလက်များ ပါဝင်သည်။ တိုင်းတာမှတ်သားမှုများ ပြုလုပ်ပြီးသည့် နယ်မြေများတွင် မြေယာမှတ်တမ်းများ၌ ရေဝင်နှုန်း၊ မြေဆီလွှာအမျိုးအစား၊ ပိုင်ဆိုင်မှုသဘာဝ၊ ပိုမိုအသေးစိတ်သော အခြားသတင်း အချက် အလက်များဖြစ်သည့် တာဝန်ရှိမှုများ၊ သီးစားချမှုနှင့် စိုက်ပျိုးသည့်သီးနှံတို့ ကဲ့သို့ အသေးစိတ်အချက်အလက်များ ထည့်သွင်း မှတ်သားထားသည်။ မြေယာမှတ်တမ်းများသည် ကျေးရွာအဆင့် မြေယာအုပ်ချုပ်ရေး ရုံးခန်းတွင် ရှိနေသည့်အတွက် ရွာသူရွာသားများအနေဖြင့် မှတ်တမ်းများကို စစ်ဆေးရန်လာ ရောက်နိုင်ပေသည်။ မှတ်တမ်းများကိုပြောင်းလဲမှုပြုရန်လိုအပ်သောအခါ ဒေသ အာဏာပိုင်များသည် ကောင်းစွာချမှတ်ထားသော လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ရသည်။ ထိုလုပ်ငန်းစဉ်တွင် နိုင်ငံတော်အဆင့် မြေစာရင်း ဌာနသို့ ပြောင်းလဲခြင်းများကို ပေးပို့ရန်လည်း ပါဝင်သည်။ အမွေဆက်ခံခြင်းအတွက် အမွေဆက်ခံသူ များသည် လျှောက်လွှာပုံစံတစ်စောင်ကို ဒေသအာဏာပိုင်များထံပေးပို့၍ အာဏာပိုင်များမှ အများပြည်သူ သိရှိရန် ကြေညာချက် ထုတ်ပြန် ပါသည်။ ကန့်သတ်ထားသည့် အချိန်အတောအတွင်း ကန့်ကွက်ချက်များ တင်ပြနိုင်ပြီး ကန့်ကွက်မှုရှိ လာပါက အငြင်းပွားမှုများကို ဖြေရှင်းပေးပါသည်။ ကာလစေ့ရောက်၍ အငြင်းပွားမှုမရှိသည့်အခါ မြေယာလုပ်ပိုင်ခွင့်မှတ်တမ်းအား အာဏာပိုင်များမှ လုပ်ထုံး လုပ်နည်းအတိုင်း ပြင်ဆင်ပေးပါသည်။ [2]

မြေယာမူဝါဒ၏ အခြေခံကျသောနယ်ပယ်တစ်ခုမှာ သတင်းအချက်အလက်စီမံခန့်ခွဲရေး ဖြစ်ပြီး အထူးသဖြင့် ပြုပြင်ပြောင်းလဲရေး၏ အစောပိုင်းကာလဖြစ်သော မြေယာမဲ့မိသားစုများအား စာရင်းကောက်ယူ ချိန်တွင် အရေးကြီးပါသည်။[3] မြေပုံထုတ်လုပ်ခြင်းသည်လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရန် မြေယာပြုပြင် ပြောင်းလဲဖော်ဆောင်ရေးလုပ်ဆောင်ရာတွင် အရေးပါပြီး မြန်မာနိုင်ငံ အမျိုးသား မြေယာအသုံးချမှုမူဝါဒ ဆဋ္ဌမအကြိမ်မူကြမ်းတွင် ထည့်သွင်းရေးသားထားပါသည်။ အသစ်ပြဋ္ဌာန်းသော မြေယာသတင်းအချက် အလက်စီမံခန့်ခွဲမှုအခန်းတွင် ဒေသခံများအနေဖြင့် မြေယာမဲ့သူမျာ အတွက် အချက်အလက်ကောက်ခံရာတွင် ပါဝင်ဆောင်ရွက်ရန်အချက်ကို ထည့်သွင်းရန် လိုအပ်ပါသည်။ (အပိုဒ်-၁၅ (ဆ)) ယင်းအချက်သည် မြေယာအသုံးချမှုစီမံချက်မူဝါဒချမှတ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့အတွက် အင်အားကောင်းသော အစပျိုး ခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ ဩဒိရှာ ပြည်နယ်တွင်လည်း အစိုးရ၏ အခွန်နှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနအနေဖြင့် မြေယာခွဲဝေချထားမှုနှင့် မြေယာမဲ့လူဦးရေအား အုပ်ချုပ်စီမံရပြီး ၂၀၁၅ ခုနှစ်တွင် တစ်လအတွင်း မြေယာမဲ့မိသားစုအားလုံးကို စာရင်းကောက်ယူရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ဒေသ

---

[2]မှတ်သားရန်မှာ အန်ဒရာပရာဒက်ရှ်ပြည်နယ်ရှိ အခွန်ဦးစီးဌာနသည် မြေစာရင်းများကို ပိုမိုလက်လှမ်းမီနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်ဇွန်လအတွင်း အင်တာနက်အသုံးပြုသည့် မီးဘိုမီ စနစ်ကို အင်တာနက်တွင် လွှင့်တင်ခဲ့ပြီး လုပ်ပိုင်ခွင့်ရရှိထားသူများသည် ကိုယ်တိုင်လွတ်လပ်စွာ ကြည့်ရှုနိုင်သည်။ ဒေသအာဏာပိုင်များထံ တွင်လည်း မြေစာရင်းများကိုသွားရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမြဲဖြစ်သည်။

[3]မြေယာမဲ့ဟူသောစကားရပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုဆွေးနွေးရန် အပိုင်း(၁-ခ) လုပ်ကွက်ငယ်စိုက်ပျိုးရေးသည် မြေယာမဲ့မှုအတွက် အကောင်းဆုံးအဖြေဖြစ်နိုင်သည်တွင် ရှု

ဆိုင်ရာအခွန်ဦးစီးဌာနမှအာဏာပိုင်များသည် စာရင်းကောက်ယူမှုလုပ်ငန်းစဉ်ကို ဦးဆောင်ခဲ့သည်။ အစိုးရ၏ ကတိကဝတ်အရ မြေယာမဲ့စာရင်းကိုကောက်ယူပြီးနောက် မြေယာမဲ့မိသားစုများကို အမှန်တကယ် မြေယာခွဲဝေချထားခြင်းလုပ်ငန်းလိုက်ပါဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ အတွက် အသုံးဝင်သော စံနမူနာများဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဩဒိသျှပြည်နယ်သည် လုပ်ငန်းစဉ်အတွက် အချိန်ကာလ တစ်လသာခွင့်ပြုသော်လည်း ထိုအရေးကြီး၍ ရှုပ်ထွေးသော လုပ်ငန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အနည်းဆုံးလများစွာ အချိန်ယူရန်လိုအပ်ပါမည်။

အာဆီယံနိုင်ငံများတွင် မြေယာသတင်းအချက်အလက်စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြစ်နိုင်ချေရှိသော ထင်ရှားသည့်ဆောင်ရွက်ချက်မှာ လတ်တလောနှစ်များအတွင်း စတင်ခဲ့သည့် တစ်ခုတည်းသောမြေပုံ (One Map) ဖြစ်ပါသည်။ ထိုစနစ်တွင် မြေယာဆိုင်ရာ မြေပုံနှင့် အချက်အလက်စုစည်းမှု (database) များပါဝင်ပြီး အစိုးရမှအခြေခံ၍ မျှဝေပေးမည်ဖြစ်ကြောင်း အစိုးရများမှ သဘောတူထားကြပါသည်။ ထိုစနစ်သည် အာဆီယံနိုင်ငံအသီးသီးတွင် အမျိုးမျိုးသော အတိုင်းအတာ အားဖြင့်လွှမ်းခြုံထားပါသည်။ စင်္ကာပူနိုင်ငံတွင် အရင်းအမြစ်ကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုသော်လည်း အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင်မူ လျော့နည်း၍ အသုံးပြုသည်။ လတ်တလောတွင်မူ အင်ဒိုနီးရှား သုတေသီများမှ ယင်းစနစ်သည် ဒေသခံတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်မှု၊ သဘာဝပတ်ဝန်းကျင် ရေးရာကိစ္စများနှင့် လုပ်ကွက်ငယ်တောင်သူများနှင့် ပတ်သက်သောကိစ္စများတွင် အထောက်အကူရနိုင်ကြောင်း ယုံကြည်လျက်ရှိပါသည်။ ယင်းနည်းလမ်းသည် မြန်မာနိုင်ငံ၏ မြေယာပဋိပက္ခ များတွင်လည်း အသုံးဝင်နိုင်မည်ဟု မျှော်လင့်ရပါသည်။ မဖြေရှင်းရသေးသော မြေယာအငြင်းပွား မှုများအတွက်မူ တရားဝင်မြေပုံထုတ်ပြန်လိုက်ခြင်းအားဖြင့် ပိတ်မိသွားနိုင်သည့် စွန့်စားမှု တစ်ရပ်လည်း ရှိပေသည်။

## (၆)မြေအတန်းအစားခွဲခြားခြင်း

### အကြံပြုထောက်ခံချက်များ

လက်ရှိမြေအတန်းအစားများ၏ရှုပ်ထွေးမှုများကိုလျှော့ချရန်အတွက်လူမှုအဖွဲ့အစည်းများပါဝင်စေသည့် မြေအတန်း အစားခွဲခြားခြင်းစနစ်တစ်ခု ဖော်ဆောင်ရမည်။ မြေအတန်းအစားအသစ်၏ ဆီလျော်မှုနှင့် တိကျမှုကိုဖြစ်စေရန်လူမှုအဖွဲ့အစည်းများအား လုံလောက်သည့်ပညာပေးမှုနှင့် အစိုးရအရာထမ်းများဘက်ကလည်း စည်းမျဉ်းစည်းကမ်းများကို နားလည်တတ်ကျွမ်း၍ မြေအတန်းအစားပြန်လည်ခွဲခြားမှုအပေါ် အာဏာသက် ရောက်စေရန် ယုံကြည်ကိုးစားထိုက်သူများဖြစ်စေရမည်။

မြန်မာနိုင်ငံတွင်၊ လုပ်ကွက်ငယ်တောင်သူများ၏ ထပ်ပြန်တလဲလဲဖြစ်ပေါ်ခံစားနေရသည့်စိုးရိမ်မှုမှာ၊ မြေအမျိုးအစားအလိုက်တင်းကြပ်စွာသတ်မှတ်ထားသည့် အတန်းအစားများနှင့် ရှုပ်ထွေးစွာဖွဲ့စည်းထားမှု အပေါ်နိုင် နင်းစွာအသုံး မချနိုင်ခြင်းပင်ဖြစ်သည်။ တောင်သူမိသားစုများပင်ဖြစ်စေ၊ ဘုံမြေများတွင်ဓလေ့ထုံးအစဉ်အလာအရ ရပိုင်ခွင့်အခွင့်အရေးများကို ရှာဖွေနေသည့် တောင်သူဖြစ်စေ၊ တောင်သူလယ်သမား အများအပြားမှာလက်ရှိမြေ အတန်းအစားခွဲခြားပုံစနစ်ကြောင့် သူတို့၏မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့် ရရှိနိုင်ရန် ထင်ရှားသည့်အတားအဆီးများ ဖြင့်ရင်ဆိုင်နေကြရသည်။ဥပမာအားဖြင့်၊ အစိုးရကမြေလွတ် ၊မြေလပ် ၊မြေရိုင်းဟုသတ်မှတ်ထားသည့်မြေကို အသုံးပြုနေသည့် လယ်သမားများမှာ၊ ထိုမြေအမျိုးအစားကို လယ်ယာမြေအဖြစ်သို့တရားဝင်မပြောင်းလဲပေးသရွေ့ ထိုမြေကိုမှတ်ပုံတင်နိုင်ခွင့်မရှိပေ။ လယ်ယာစိုက်ပျိုးမှုကို ဆယ်စုနှစ်မ

ကစိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် မြေများပင်လျှင် ဤအခက်အခဲမျိုးရှိနေနိုင်သည်။ မြေကိုအမျိုးအစား ပြန်လည်ခွဲခြား သတ်မှတ်ရန်အတွက်၊ များလှစွာသောအုပ်ချုပ်ရေး ဆိုင်ရာလုပ်ငန်းစဉ်များကို ပြီးမြောက်စေရသည်။ မြေအသုံးပြုခွင့်ရရန် လျှောက်ထားရသည်။ မြေအမျိုးအစားခွဲခြားပေးရန် တောင်းဆိုရသည်။ ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် အသစ်သတ်မှတ်လိုက်သော လယ်ယာမြေအတွက်မြေ အသုံးချခွင့် လက်မှတ်၊(ပုံစံ-၇) ထုတ်ပေးရန် လျှောက်ထားရသည်။[4] (တစ်ခါတစ်ရံတွင်ကြေးတိုင် နှင့် မြေစာရင်းဦးစီးဌာနသည် ကာလရှည်ကြာစွာစပါးစိုက်ပျိုးလာသည့် လယ်မြေဖြစ်ကြောင်းအထောက်အထားရှိမှုအပေါ်အခြေခံ၍ လယ်ယာမြေဥပဒေအရ၊ မြေအသုံးပြုခွင့်လက်မှတ် ထုတ်ပေးရန် တောင်သူလယ်သမား၏ တိုက်ရိုက်လျှောက်ထားမှုကို လက်ခံခွင့်ပြုသည်။ သို့သော် ဤအလေ့အကျင့်မှာ တသမတ်တည်းမရှိချေ။)

မြန်မာနိုင်ငံ၏ကိစ္စရပ်အများအပြားတွင်၊ မြေအမျိုးအစားပြန်လည်ခွဲခြားသတ်မှတ်ရန်အတွက် လိုအပ်သည့်အဆင့်များအတိုင်း လိုက်နာနိုင်စေရန်ကြိုးစားရာတွင်၊ အမျိုးမျိုးသောအတားအဆီးများကြောင့် ထိုအဆင့်များအတိုင်းလိုက်နာမှုမရှိကြချေ။ ၎င်းအတားအဆီးများမှာ (၁) တောင်သူသော်လည်းကောင်း၊ ကြေး/မြေဝန်ထမ်းသော်လည်းကောင်း၊ နှစ်ဦးစလုံးကသော်လည်းကောင်း၊ စည်းမျဉ်းဥပဒေများကိုနားလည်မှုမရှိခြင်း၊ (၂)စည်းမျဉ်းဥပဒေများကိုအပြည့်အဝနားလည်နိုင်ရန်မှာဝန်ထုပ်ဝန်ပိုးပမာဖြစ်နေခြင်း၊ (၃) ကြေး/မြေအရာထမ်းများအနေဖြင့် မြေအမျိုးအစားပြန်လည်ခွဲခြားမှုကို ပြီးမြောက်နိုင်စေသော သင့်လျော်သည့် အခွင့်အာဏာရှိသည်ဟု ယုံကြည်မှုမရှိကြခြင်းပင်ဖြစ်၏။အကျိုးဆက်အနေဖြင့်၊မြေလွတ်မြေလပ်အားလုံးနီးပါးကိုနမာတိနှင့် CPRCG ၏ ဥပဒေရေးရာလူမှုဝန်ထမ်းများက ပြန်လည်အမျိုးအစားခွဲခြားခြင်းကို ပြီးမြောက်အောင် ရှေ့တိုးဆောင်ရွက်နိုင်ခဲ့လေရာ၊ ဥပဒေရေးရာလူမှုဝန်ထမ်းတစ်ဦး၏ဖော်ပြချက်အရဆိုရသော်၊ 'ဆွေးနွေးခြင်းနှင့်ညှိနှိုင်းခြင်း' လုပ်ငန်းစဉ်ဟုဆိုလေသည်။ အထက်ဖော်ပြပါအတားအဆီး (၃) မျိုးအပြင်၊ တောင်သူသော်လည်းကောင်း၊ အရာထမ်းသော်လည်းကောင်း၊ နှစ်ဦးစလုံးကသော်လည်းကောင်း၊ 'ဆွေးနွေးခြင်းနှင့်ညှိနှိုင်းခြင်း'လုပ်ငန်းစဉ်အရ၊ မြေအမျိုးအစားပြန်လည်ခွဲခြားသတ်မှတ်ခြင်းအတွက် ဖြေရှင်းဆောင်ရွက်ရာတွင်၊ ငွေကြေးသို့မဟုတ် အကျိုးစီးပွားတစ်စုံတစ်ရာရှိနေသည်ဟု ယုံကြည်နိုင်ခြင်းပင်ဖြစ်လေသည်။ ထို့ပြင် တရားမဝင်အခကြေးငွေရယူခြင်း၊ (တံစိုးလက်ဆောင်ပေးကမ်းခြင်း) တို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းစဉ်ပင်ဖြစ်လေသည်။ ၂၀၁၁ခုနှစ်တွင်၊ အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ်၌ အစိုးရဝန်ထမ်းများသည် တပြေးညီမြေအတန်းအစားခွဲခြားခြင်းလုပ်ငန်းကိုစတင်ဖော်ဆောင်ခဲ့ကြသည်။ ဤလုပ်ငန်းစဉ်မှာ မြန်မာပြည်အတွက် နမူနာအဖြစ်သတ်မှတ်နိုင်သည်။ အတိတ်ကာလကမြေအတန်းအစားပေါင်း (၃၂) မျိုးထိ ရှိလေရာ မြေပိုင်ရှင်များနည်းတူ အစိုးရဝန်ထမ်းများအတွက်လည်း ရှုပ်ထွေးလွန်းသည်ဟု အရာထမ်းများက ကောက်ချက်ချသည်။ တပြေးညီစနစ်ကိုကျင့်သုံးရာတွင် ခေတ်မီမြေပုံများအတွက် ဂြိုလ်တုဓါတ်ပုံများ၊ ကျေးရွာသူရွာသားများ၏အမှန်မြေအသုံးချမှုကိုစိစစ်အတည်ပြုပေးမည့်အပြင်၊လူမှုအဖွဲ့အစည်းများပါဝင်မှုဖြင့် အမှန်အတိုင်းမှတ်တမ်းတင်နိုင်ရေး ကူညီဆောင်ရွက်ရန် ပုံမှန်စခန်းရုံးများဖွင့်လှစ်ခြင်းနှင့် မြေအတန်းအစား ခွဲခြားသည့်စနစ်သစ်အပေါ် ဆိုင်ရာအရာထမ်းများ ကောင်းစွာနားလည်သဘောပေါက်စေရန်၊ မြေခွန်တော်စစ်ဆေးရေးသင်တန်းကျောင်းမှပို့ချမည့်သင်ရိုးမာတိကာလည်းထပ်ဆောင်းပါရှိသည်။

---

[4]လယ်ယာမြေဥပဒေ (၂၀၁၂)အရ လျှောက်ထားခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်ကိုလိုက်နာရပြီး ပုံစံ (၇) သည် မြေကွက်တစ်ကွက်၏ ပိုင်ဆိုင်မှုအခွင့်အရေးကိုသက်သေခံပါသည်။ ပုံစံ (၇) ကို လယ်ယာမြေဟု မြေအမျိုးအစား ခွဲခြားထားသောမြေအတွက်သာထုတ်ပေးပါသည်။ သမ္မတရုံး၏ထုတ်ပြန်ချက် အမှတ် ၆၂/၂၀၁၃-ခ-၂၃(က) ကိုရှု

မြန်မာပြည်၏မြေအသုံးချမှုအခြေအနေကွဲပြားခြားနားမှုက မြေအတန်းအစားခွဲခြားမှုတွင် ရှုပ်ထွေးမှုအဆင့်တစ်ခုရှိနိုင်သည်မှာ မလွဲကေန်ဖြစ်၍ အကြောင်းခိုင်လုံမှုလည်း ရှိလေသည်။ မြေအတန်းအစားခွဲခြားရာတွင်ဖြစ်ပေါ်ခဲ့သည့်ပြောင်းလဲမှုဖြစ်စဉ်တစ်ခုမှာ၊ ၂၀၁၅ခုနှစ်ဇွန်လအတွင်း တင်သွင်းခဲ့သည့် (၆) ကြိမ်မြောက် အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)တွင် မြေအတန်းအစား (၁၀)ခုမှ၊ လွယ်ကူရှင်းလင်းသော အတန်းအစား(၃)ခု (စိုက်ပျိုးမြေ၊သစ်တောမြေနှင့်အခြားမြေ- အခန်း-၂၊ပုဒ်မ-၁၂)သို့လျှော့ချခဲ့ခြင်းဖြစ်သည်။ မူဝါဒမူကြမ်းက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ၊ပြန်လှန်သုံးသပ်၍ မြေအမျိုးအစားပြင်ဆင်ခွင့်ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် လုပ်ပိုင်ခွင့်ပေးထားသည်။ အဆိုပါအချက်က မြေယာမူဝါဒ၏ ပြောင်းလဲမှုအနှစ်သာရပင်ဖြစ်ရာ၊ တောင်သူများတွေ့ကြုံနေရသည့်၊ မြေအသုံးချခွင့် ခိုင်မာလုံခြုံမှုမရှိစေသည့် အတားအဆီးအချို့ကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ (အခန်း၁၃)။ မြေအတန်းအစားခွဲခြားခြင်းနှင့် ပတ်သက်၍ မူဝါဒမူကြမ်းကခရိုင်မြေအသုံးချမှုကော်မီတီအနေဖြင့်ဇုန် (၇)ခု သတ်မှတ်ဖေါ်ဆောင်ခွင့်ကို ဆက်လက်ပေးအပ်ထားသည်။ (မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေးဇုန်၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဇုန်၊ ကာကွယ်ထားသောနယ်မြေဇုန် (သို့မဟုတ်) အမျိုးသားကာကွယ်ရေးနယ်မြေဇုန်၊ 'ကူးသန်းရောင်းဝယ်ရေးဇုန်၊ စက်မှုလက်မှုဇုန် သို့မဟုတ် သတ္တုတွင်းမြေဇုန်၊' စားကျက်မြေဇုန်၊သစ်တောဇုန်၊- အခန်း-၂၊ပုဒ်မ-၂၂)။အဆိုပါဇုန်များဖေါ်ဆောင်ရေးအတွက်၊ ပြည်သူများပါဝင်မှုနှင့် ပြည်သူသို့ချပြညှိနှိုင်းရယူရန် လိုအပ်ပုံကို လုပ်ထုံးလုပ်နည်းအသေးစိတ်ဖြင့် ညွှန်ကြားထားရှိသည်။ (ပုဒ်မ၊၂၃-၂၅)။ မည်သို့ဆိုစေ၊ ကျေးလက်လူမှုအဖွဲ့အစည်းများက ဒေသအဆင့်တွင် ညီညွတ်မျှတသည့် မြေနှင့်သယံဇာတဖွံ့ဖြိုးမှုကို ဦးစွာဖေါ်ဆောင်ခဲ့သော်၊ တောင်သူလယ်သမားများနှင့် လူမှုအဖွဲ့အစည်းများ၏ လက်ရှိမြေအသုံးချမှုအပေါ် အကောင်းဆုံး ကာကွယ်မှု ပေးနိုင်ရမည်ဖြစ်သည်။ ထို့နောက် ခရိုင်အဆင့် အစိုးရက အဆိုပါစီမံကိန်းများကို စုပေါင်း၍ ခရိုင်အဆင့် ဇုန်ဖေါ်ဆောင်ခြင်းအစီအစဉ်ကို ရေးဆွဲရမည်။[5] ခြုံ၍ဆိုရသော်၊ ဤကဲ့သို့ဇုန်နှင့် မြေအတန်းအစားများ ခွဲခြားခြင်းသည်လည်း၊ လုပ်ကွက်ငယ်တောင်သူများနှင့် အစိုးရဝန်ထမ်းများကိုပါ နားလည်ရန်ခက်ခဲသည့် အတားအဆီးများကို ဖန်တီးမည့် အမျိုးမျိုးကွဲပြားနေသည့် ကဏ္ဍများကို ဆက်လက်ဖြစ်ပေါ်စေမြဲသာဖြစ်သည်။ အစိုးရဌာနအသီးသီးကလည်း၊ ပီပြင်မှုမရှိသည့် အတန်းအစား ခွဲခြားစနစ်များဖြင့်ပိုမိုရှုပ်ထွေးအောင် ဖန်တီးနိုင်မည်ဖြစ်သည်။ သို့သော် မူဝါဒမူကြမ်းက မြေအတန်းအစား ပြန်လည်သတ်မှတ်နိုင်ခွင့်ကို ခွင့်ပြုထားလေရာ၊ ပိုမိုတင်းကြပ်သောဇုန်သတ်မှတ်ခွင့်ပြုမှုလုပ်ငန်းစဉ်တွင် တောင်သူများကိုယ်တိုင် မိမိလယ်ယာမြေကို တရားဝင်လုပ်ပိုင်ခွင့်ရမည်ဖြစ်သလို၊ အဆိုပါတောင်သူများကပင် လူမှုအဖွဲ့အစည်းအတွက် မြေပုံရေးဆွဲခြင်း၊ ဇုန်သတ်မှတ်ခြင်းတို့တွင် လက်ရှိနှင့် အနာဂတ်ကာလ သယံဇာတ အသုံးချမှုတို့ အတွက်သတင်းအချက်အလက်ပေးရန်ကိုယ်တိုင်ပါဝင်ခွင့်ရှိနေကြပြီဖြစ်သည်။

အစိုးရ၏ အတိတ်ကာလစိုက်ပျိုးရေးမူဝါဒများအရ၊ ချထားပေးခဲ့သည့်မြေလွတ်မြေလပ်များမှာ၊ လုပ်ပိုင်ခွင့်တည်ငြိမ်ခိုင်မာမှုနှင့်ပတ်သက်၍အားနည်းမှုများရှိခဲ့သည်။လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ၊ ဥပဒေလူမှုဝန်ထမ်းများကူညီဆောင်ရွက်ခဲ့သည့်ကိစ္စရပ်ပေါင်း (၂၀၀၀) တွင်၊၈၆% မှာ၊ မြေခွန်ပြေစာ

---

[5]ထိုသို့သော လူထုအားတိုင်ပင်ဆွေးနွေးခြင်းနှင့် ထည့်သွင်းမှုများအတွက် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များသည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှ ထုတ်ဝေသည့် အမျိုးသားအဆင့်စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်၊ ရေလုပ်ငန်းနှင့် သစ်တောလုပ်ငန်းတို့အတွက် တာဝန်ယူအုပ်ချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက် (၂၀၁၂)s,3B6 ပါ တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာအခြေခံမူများနှင့် ပူးပေါင်းပါဝင်ခြင်းနှင့် လျော်ညီသင့်ပါသည်။ နိုင်ငံတကာဖွံ့ဖြိုးမှုရန်ပုံငွေမှလည်း နိုင်ငံတကာ၏ အလေ့အကျင့်ကောင်းများကိုထင်ဟပ်စေသော လူထုပါဝင်သော မြေယာအသုံးပြုမှု စီမံကိန်းဆိုင်ရာ လမ်းညွှန်ချက်နှင့်လက်စွဲစာအုပ် ကိုထုတ်ဝေထားပြီး ယင်းစာအုပ်သည် လူထုပါဝင်သော မြေအသုံးချမှု ဇုန်ခွဲခြင်းအတွက် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များအကြမ်းရေးဆွဲရာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် အသုံးဝင်မည်ဖြစ်သည်။

ကဲ့သို့သော အထောက်အထားများသာရှိသည်။ ဤအထောက်အထားများကလည်း မှတ်ပုံတင်ခွင့်ရရန် အသုံးဝင်ခဲ့သည်။ ၆၈%သော အထောက်အထားရှိသည့် အမှုတွဲများကို ဥပဒေလုပ်ငန်းစဉ်များ အကူအညီဖြင့် မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်ခဲ့သည်။ အထောက်အထားကင်းမဲ့သူများ၏ ၃၅% ကိုလည်း၊ ပတ်ဝန်း ကျင်လုပ်ကိုင်သူများ၏ ထောက်ခံချက်အပါအဝင် အခြားနည်းအထောက်အထားများဖြင့် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။

မြေလွတ်မြေလပ်ကို လယ်ယာမြေအဖြစ်မှတ်ပုံတင်ရန် ကြိုးစားသည့်အခါ၊ ၆၇%သော လျှောက်ထား သူများတွင် မြေလွတ်မြေလပ်မှလယ်ယာမြေအဖြစ်သို့ ပြောင်းလဲသည့်အဆင့်များစွာကို ကျော်လွှားရန် ပိုင်ဆိုင်မှုကိုသက်သေပြနိုင်သည့် အထောက်အထားရှိကြသည်။ သို့သော် တောင်သူလယ်သမားအများစု ကိုင်ဆောင်ထားသည့် အထောက်အထားများမှာ ၊အစိုးရ၏ တရားဝင်မှတ်တမ်းများနှင့် အကြိုးမဝင် သည့်အတွက်၊ တောင်သူများ၏ အခွင့်အရေးအတွက် တောင်းဆိုရာတွင် ပို၍အငြင်းပွားစရာ ဖြစ်လာရသည်။

မြေအမျိုးအစားကွဲပြားမှု ၊မြေအသုံးချမှုအစဉ်အလာနှင့် သီးနှံအလှည့်အပြောင်းကာလအတွင်း မြေလုပ်ထားမှုတို့နှင့်အတူ လူမျိုးစုတိုင်းရင်းသားများကို အကာအကွယ်ပေးမှုတို့နှင့်လည်း ချိတ်ဆက်နေလေရာ ၊မြေမျက်နှာပြင်အနေအထားသည် မြေအတန်းအစားခွဲခြားခြင်း၊ မြေမျိုးပြောင်းလဲခြင်းတို့အတွက် စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်သည်။ အပြီးသတ်မြေယာမူဝါဒနှင့်၊ ဥပဒေမူဘောင်သည် ဤလုပ်ကိုင်ပိုင်ဆိုင်ခွင့် အခွင့် အရေးများအပေါ် အထူးအလေးထားဖွင့်ဆိုရန် လိုအပ်သည်။ ၂၀ ရာစု အလယ်ပိုင်းလောက်မှစ၍ ဖေါ်ဆောင်လာခဲ့သည့် ရှင်းလင်းပီပြင်ရန် လိုအပ်သည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။

**(၇)မြေယာနှင့်ပတ်သက်၍အခြားအရေးကြီးစိန်ခေါ်မှုများ**

**(က) ပဋိပက္ခကာလနှင့်ပဋိပက္ခကာလလွန်မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်မှုများ**

**အကြံပြုချက်များ။**

- မြေယာပဋိပက္ခကင်းရှင်းသည့် (သို့မဟုတ်) ပဋိပက္ခဖြေရှင်းပြီးသည့် နေရာတိုင်းတွင် မြေယာပြုပြင် ပြောင်းလဲဖေါ်ဆောင်မှုများကို ဖြစ်နိုင်သမျှဆောင်ရွက်ရမည်။ သို့မှသာ၊ ပဋိပက္ခဖြစ်ဆဲ ဒေသများ အတွက်လည်း၊ အနာဂတ်တွင်အောင်မြင်ခဲ့သော အနီးပတ်ဝန်းကျင် ဒေသများတွင် ဆောင်ရွက်မှု ပုံစံအတိုင်း အခြေပြုဖေါ်ဆောင်နိုင်မည်ဖြစ်သည်။
- ပဋိပက္ခဖြေရှင်းပြီးသည့် ဒေသရှိလူမှုအဖွဲ့အစည်းများအတွက် ၊မြေယာအခွင့်အရေးများနှင့်ပတ်သက်၍ ပြည်သူတို့အသိရှိစေရန်နှင့် အငြင်းပွားမှုများကိုဖြေရှင်းရန်အတွက် ကျွမ်းကျင်သည့် ဖြန့်ဖြေ ရေးသမား များက ဖြန့်ဖြေရေးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ထောက်ပံ့ ပေးရမည်။
- မြေမဲ့ယာမဲ့များအတွက် ဖြေရှင်းဆောင်ရွက်သည့် မြေယာခွဲဝေချထားရေးအစီအစဉ်များတွင် နေရာ ရွှေ့ပြောင်းရသူများ ၊ ပြန်လည်အခြေချနေထိုင်သူများကို ဦးစားပေးပါဝင်စေရမည်။

ပဋိပက္ခအနေအထားတွင် မြေယာပြုပြင်ပြောင်းလဲရေးဖေါ်ဆောင်ရန် မည်သို့ဆောင်ရွက် မည်ဆိုသည် ကို အခက်အခဲဖြစ်စေသည့်ဒေသများမှာ၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများနှင့် ငြိမ်းချမ်းရေးရယူထားသော်လည်း ဆန့်ကျင်ဘက်ပါတီများက သီးခြားအစိုးရပုံစံ ဖွဲ့စည်းထားသည့် ဒေသများပင်ဖြစ်သည်။ လက်ရှိနေထိုင်လုပ်ကိုင်သူများနှင့် ပြန်လည် ရောက်ရှိလာသည့် ဒုက္ခ သည်များ အကြား၊ တောင်းဆိုသည့် မြေယာတထပ်တည်းဖြစ်နိုင်သလို၊ အနာဂတ်မြေယာ ခွဲဝေချထားမှုအစီ အစဉ်နှင့်ဆန့်ကျင်ဘက်အစိုးရ၏မြေယာမှတ်ပုံတင်ခြင်းတို့သည်လည်း မြေယာချထားမှု ထပ်နေနိုင်သည်။ ဤသို့သောအခြေအနေဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ရှိပုံမှာ ပဋိပက္ခဖြစ်ပွားဆဲနှင့် ပဋိပက္ခလွန်ဒေသများ၏ မြေယာပြုပြင်ပြောင်းလဲဖေါ်ဆောင်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုအချို့သာ ဖြစ်သည်။ ဤသို့သောစိန်ခေါ်မှုများ ရှိနေသော်လည်း၊ ပဋိပက္ခဒေသအတွင်း နေထိုင်ရသည့် ေတာင်သူများမှာ၊ ကြီးစွာသောလိုအပ်ချက်အချို့နှင့် ရင်ဆိုင်နေကြရသည်။ မြေယာပြုပြင်ပြောင်းလဲ ေဖါ်ဆောင်မှုများသည်၊ ဤသို့အကူအညီလိုအပ်နေသူများကို ဦးတည် ဆောင်ရွက်ရန် စီမံရမည်ဖြစ်သည်။ မည်သို့ဆိုစေ မြေယာဟူသော စကားလုံးကိုယ်နှိုက်က၊ပဋိပက္ခ၏ ပင်ရင်းဖြစ်သည်ကိုခံယူထားရမည်။ ပဋိပက္ခအနေအထားတွင် မြေယာပြဿနာများကိုဖြေရှင်းရန် ဆောင်ရွက်ခြင်းသည်၊ ခက်ခဲမည်ဖြစ် သော်လည်း၊ ပဋိပက္ခကိုဖြေရှင်းရန်ကြိုးစားအားထုတ်မှု၏ အဓိက အစိတ်အပိုင်းဖြစ်လေသည်။

ပဋိပက္ခအနေအထားတွင် မြေယာပြုပြင်ပြောင်းလဲဖေါ်ဆောင်ရန် ကြိုးစားအားထုတ်မှုသည် အနာဂတ် ကာလအတွက် မိုဒယ်တစ်ခု ပုံသွင်းဖေါ်ဆောင်ခြင်းဖြစ်သကဲ့သို့ အနိမ့်ဆုံးမျှော်မှန်း ပြင်ဆင် ေဆာင်ရွက်သင့်သည်။ တောင်ဗီယက်နမ်နိုင်ငံ၏ "လယ်လုပ်သူသာလယ်ပိုင်ခွင့်" ဟူသော အစီအစဉ်ကဲ့သို့ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အဆိုပါ အစီအစဉ်ဖြင့်၊ ၁၉၇၀-၇၃ နှစ်များအတွင်း မိသားစုပေါင်း တစ်သန်းအထိ၊ လုပ်ပိုင်ခွင့်ခိုင်မာသည့် လယ်ယာကို အောင်မြင်စွာအပ်နှင်းနိုင်ခဲ့သည်။ နှစ်ပေါင်းများစွာကြာပြီးသောအခါ၊ တောင်ဗီယက်နမ်သည် မြောက်ဗီယက်နမ်၏သိမ်းသွင်းမှုကို ခံလိုက်ရပြီး၊ တောင်ပိုင်းမှ လယ်ယာမြေများ၏ ထုတ်လုပ်မှုသည်၊ ဗီယက်နမ်အစိုးရအုပ်ချုပ်လုပ်ကိုင်သည့် စုပေါင်းလယ်ယာအောက်တွင် တွေ့ကြုံနေရသော၊ ထုတ်လုပ်မှုပြဿနာများကို ဖြေရှင်းရန် မိုဒယ်တစ်ခုဖြစ် လာလေသည်။ အဆုံးတွင် ဗီယက်နမ်အစိုးရသည်၊ တောင်သူလယ်သမားများအား နှစ်(၂၀)ထိ လုပ်ကိုင်ခွင့်ပေးရန် ရည်ရွယ်၍၊ စုပေါင်းလယ်ယာများကို ဖြိုဖျက်ခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင်၊ နှစ်ပေါင်း

(၅၀)အထိ လုပ်ကိုင်ခွင့်ပြုခြင်းကို တိုးချဲ့ပေးခဲ့သည်။ ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များအတွင်း၊ လင်ဒက်ဆာအဖွဲ့ကြီး၏ ဗီယက်နမ်နိုင်ငံအတွင်း ချဉ်းကပ်ဆောင်ရွက်ခဲ့သည့်နည်းလမ်းသည်၊ မြန်မာနိုင်ငံအတွက်လည်း အသုံးဝင်လိမ့်မည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ မြန်မာနိုင်ငံတွင် ပြည်နယ်အချို့၌ ပဋိပက္ခများရှိနေပြီး၊ အပစ်အခတ်ရပ်စဲရေးအစီအစဉ်များကြောင့် ခေတ္တရပ်ဆိုင်းနေခြင်း သို့မဟုတ် ဖြစ်ပွားနေဆဲ များလည်းရှိနေ၍ဖြစ်သည်။ အချို့ပြုပြင်ပြောင်းလဲ ဖေါ်ဆောင်မှုများရှိနေ၍ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေစဉ်ကာလအတွင်း၊ အချို့သောပြုပြင်ပြောင်းလဲမှုများမှာ အနာဂတ်ကာလအတွက် မိုဒယ်များ အဖြစ်အသုံးဝင်နိုင်ခြင်း (သို့မဟုတ်) ဆက်လက်ပြောင်းလဲဖေါ်ဆောင်ရန်အတွက် အခြေခံအဖြစ်ရှိနေနိုင်ခြင်းတို့ပင်ဖြစ်သည်။

နီပေါနိုင်ငံတွင် မော်ဝါဒီသူပုန်များနှင့် ဆယ်စုနှစ်ကြာပြည်တွင်းစစ်ပွဲ၏ အကြောင်းရင်းမြစ်များအနက် မြေယာလုပ်ပိုင်ခွင့်သည်တစ်ခုအပါအဝင်ဖြစ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်နေချိန် နှင့် ပဋိပက္ခလွန်ကာလတွင် ကာလရှည်ကြာတောင်းဆိုခဲ့သော မြေယာအငြင်းပွားမှုများနှင့်အသစ်ဖြစ်သော မြေယာအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် မှတ်သားဖွယ်ဆောင်ရွက်ခဲ့ပါသည်။ ထိုမြေယာ ပဋိပက္ခများ၏ အကြောင်းရင်းများတွင် လူဦးရေပြောင်းလဲလာခြင်း၊ မြေယာတန်ဖိုးမြင့်တက်လာခြင်း၊ ဒေသခံများ၏ မြေယာဥပဒေနှင့်ပတ်သက်၍ အသိပညာနည်းပါးခြင်းနှင့် နိုင်ငံသားအခွင့်အရေး၊ မြေယာလုပ်ငန်းများတွင် မရိုးမသားပြုလုပ်သူများတို့ပါဝင်ပြီး အမွေဆက်ခံခြင်း၊ ပိုင်ဆိုင်မှုနှင့် မြေယာ ပိုင်းခြားမှုတို့နှင့်ပတ်သက်၍ အငြင်းပွားခြင်းသို့ ဦးတည်လာကြသည်။ ထိုပြဿနာများအတွက် တရားရုံးများသည် ကောင်းစွာလေ့ကျင့်သင်ကြားထားသော ဖျန်ဖြေရေးသမားများမှ ဖျန်ဖြေခြင်းနည်းလမ်းကို အသုံးပြုခဲ့ပြီး ပိုမိုထိရောက်သောရလာဒ်များထွက်ပေါ်လာသည်နှင့်အတူ လူထု၏ မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သော သတိပြုမှုကိုလည်း တိုးတက်စေခဲ့သည်။

မြန်မာနိုင်ငံအတွက် အရှေ့တီမောနိုင်ငံသည်လည်း အသုံးဝင်သည့်မော်ဒယ်တစ်ခုအဖြစ် အတုယူဖွယ်များရှိနေပါသည်။ အရှေ့တီမောနိုင်ငံသည် ကိုလိုနီများနှင့် တိုင်းရင်းသားများ၏ ခက်ခဲလွန်းပြီး အလွှာများစွာပါသော ပဋိပက္ခများကို ရင်ဆိုင်ခဲ့ရသည်။ ပထမဦးစွာ ဥရောပတိုက်သားများမှ ကျွန်းကို ကိုလိုနီပြုခဲ့ပြီး ဒုတိယကမ္ဘာစစ်တွင် ဂျပန်မှသိမ်းယူခဲ့သည်။ နောက်ဆုံးတွင် အင်ဒိုနီးရှားနိုင်ငံက ၁၉၇၀ နှစ်များမှ ၁၉၉၀ နှစ်များအတွင်း တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။ အခြေအနေသည် ဒေသခံလူဦးရေများသည် သိသာစွာပြောင်းရွှေ့သွားခြင်းကြောင့် ရှုပ်ထွေးလာပြီး မူရင်းမြေသို့ ပြန်လာကြသောအခါ ပြဿနာများနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ အရှေ့တီမော၏ မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးလုပ်ငန်းစဉ်သည် အစောပိုင်းအဆင့်များတွင်ရှိနေသေးပြီး ကနဦးဆောင်ရွက်ချက်များသည် ဒေသအတွင်း မြေယာပြဿနာများ၏ ရှုပ်ထွေးမှုနှင့် ဖြေရှင်းရန်ရှည်ကြာသောအချိန်ယူရခြင်းတို့ကြောင့် ထင်သလောက် မပေါက်ခဲ့ပေ။ မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွင်း မြေယာစီမံခန့်ခွဲမှုရုံးများ ဖွင့်လှစ်ခဲ့ပြီး မြေယာမဲ့များအတွက် မြေယာခွဲဝေချထားရန်အစီအစဉ်များ၊ ကျွန်းအတွင်းရှိ အခြားဒေသများနှင့် ပင်လယ်ရပ်ခြားမှပြန်လာသည့် သိန်းနှင့်ချီသော တီမောလူမျိုးများအား ပြန်လည်နေရာချထားခြင်းနှင့် မြေယာလုပ်ပိုင်ခွင့်ပြဿနာကြုံနေသော မိသားစုများအား ဥပဒေဆိုင်ရာပညာပေးခြင်း တို့ပါဝင်ခဲ့ပါသည်။ တီမောနိုင်ငံ၏ ပဋိပက္ခလွန်မြေယာပြဿနာများကိုဖြေရှင်းရန် ရည်ရွယ်သည့် မူဝါဒများသည်လည်း မြန်မာနိုင်ငံအတွက် လေ့လာအတုယူဖွယ် ဖြစ်နိုင်ပါသည်။

**(ခ ) ဖက်ဒရယ်စနစ်**

**အကြံပြုချက်**

အခြားသော အာရှနိုင်ငံများရှိ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ် တို့၏ ကိုယ်စားပြုပုံများကို နမူနာအဖြစ်ထည့်သွင်းစဉ်းစားရန်၊ အုပ်ချုပ်မှုနှင့် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ အာဏာ ခွဲဝေရာတွင် မြေယာကို စမ်းသပ်ကွင်းအဖြစ်အသုံးပြုရန်

မြန်မာနိုင်ငံသည် အုပ်ချုပ်မှုပုံစံကို ပြောင်းလဲနေပြီး နိုင်ငံတော်အဆင့်အပစ်အခတ်ရပ်စဲရန် သဘော တူညီချက်အတွက် လိုက်လျောကြိုးပမ်းမှုများ ဆောင်ရွက်နေသည်နှင့်အညီ လာမည့်အနာဂတ်တွင် ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံပုံစံတစ်မျိုးမျိုးသို့ ဦးတည်လာမည်ဖြစ်သည်။ ထို့အတူ ဖက်ဒရယ်ဝါဒ၏ ပြဿနာတစ်ခုအနေဖြင့် မြေယာမူဝါဒကို သိသာထင်ရှားသောတစ်ထောင့် တစ်နေရာမှ တွေ့ကြုံရင်ဆိုင်ရမည်ဖြစ်သည်။ အမေးပုစ္ဆာငယ် များ အနေဖြင့်တွေ့ကြုံရမည်မှာ အမျိုးသားလွှတ်တော်/ပြည်သူ့လွှတ်တော်ကဲ့သို့ပင် တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်လွှတ်တော်များမှ မြေယာသိမ်းယူမှုကော်မတီများ ဖွဲ့နိုင်မည်လော၊ ဧရာဝတီတိုင်းကဲ့သို့ အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးနှင့်ပတ်သက်၍ အဘယ့်ကြောင့် ပိုမိုတက်ကြွသကဲ့သို့ ရှိနေပါသနည်း၊ ကချင်ပြည်နယ်တွင် ကေအိုင်အို၊ တနင်္သာရီတိုင်းတွင် ကရင်အမျိုးသား အစည်းအရုံးတို့ကဲ့သို့ လက်နက်ကိုင်တိုင်းရင်းသားများ ထိန်းချုပ်ထားသော နေရာဒေသများ တွင် မြေယာ မူဝါဒများနှင့် မြေယာပြုပြင်ပြောင်းလဲဖော်ဆောင်ရေးတို့သည် မည်ကဲ့သို့ဖြစ်လာမည်နည်း စသည်တို့ ဖြစ်ပါသည်။ အာရှနိုင်ငံအတော်များများတွင် အစိုးရများသည် ဖက်ဒရယ်ဝါဒနှင့် မြေယာမူဝါဒတို့၏ အဆိုပါ အမေးပုစ္ဆာများကို တွေ့ကြုံခဲ့ရပြီး အောင်မြင်မှုအဆင့်များမှာ မတူညီခဲ့ပေ။ သာဓက အနေဖြင့် အိန္ဒိယနိုင်ငံတွင် မြေနှင့်ပတ်သက်၍ ပြည်နယ်အဆင့်အစိုးရများက ကိုင်တွယ်သည်။ သို့သော် ဗဟိုအစိုးရ၏ လွှမ်းမိုးမှုများလည်း အချို့နေရာတွင် ရှိပြန်သည်။ ဥပမာ- အမျိုးသမီးများ၏ မြေယာအခွင့်အရေးအတွက် အရေးကြီးသည့် အကာအကွယ်ပေးမှုများမှာ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခွင့်ဖြစ်ပြီး၊ နိုင်ငံတော်အဆင့်မူဝါဒ ဖြစ်သည့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အပ်နှင်းရေး မူဝါဒတွင် အရင်းခံသည်။ မြေယာမဲ့များအတွက် မြေယာခွဲဝေချထားခြင်း ကဲ့သို့သော အခြေခံမူဝါဒများမှာမူ အစိုးရ၏ ကိစ္စသာဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အခြေခံဥပဒေသည် တရားစီရင်ရေးနယ်ပယ် (၃)ခုအဖြစ် ဥပဒေပြုခွင့်အာဏာကို ပိုင်းခြားပေးအပ်ထားသည်မှာ (၁) ပြည်ထောင်စုအစိုးရမှအုပ်ချုပ်သောနယ်ပယ် (၂) ပြည်နယ်အစိုးရများ အုပ်ချုပ်ရန်ထားရှိသောနယ်ပယ် (၃) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ တစ်ပြိုင်တည်း ဥပဒေပြုနိုင်သောနယ်ပယ် ဟူ၍ဖြစ်သည်။ မြေယာမူဝါဒများသည် အခြေခံဥပဒေအရ ပြည်နယ်ကိစ္စ ရပ်များသာဖြစ်၍ ပြည်နယ်အဆင့် အစိုးရများသည် မြေယာဆိုင်ရာဥပဒေကို ခွင့်ပြုရန် အာဏာရှိသည်။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်အဆင့်အကျိုးစီးပွားအတွက် ဥပဒေပြဌာန်းသည့် အချို့သော အခြေအနေများတွင်သာ လွှတ်တော်၏ သုံးပုံ နှစ်ပုံ ထောက်ခံမှုဖြင့် မြေယာဥပဒေများကို ခွင့်ပြုနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်နယ်များတွင် မတူညီသော ဖက်ဒရယ်စနစ် ပုံစံများရှိပြီး မြေယာမူဝါဒနှင့်ပတ်သက်၍ မတူညီသောပုံစံများနှင့် ကွဲပြားသောနည်းလမ်းများ အသုံးပြုရာ နမူနာပြဖွယ် သာဓကသုံးခုရှိသည်။ ၁၉၉၀ နှစ်များတွင် ဆူဟာတိုအုပ်ချုပ်နေရာမှ အုပ်ချုပ်မှုပုံစံပြောင်းလဲကာ ထင်ရှားသော ဖက်ဒရယ် ဖွဲ့စည်းမှုများကို တည်ဆောက်ခဲ့ပြီး အရှေ့တီမော၊ အားချယ်နှင့် ပါပူဝါ ပြည်နယ်များသို့ မြေယာနှင့် အရင်းအမြစ်များထိန်းချုပ်ခွင့်ကို ခွဲဝေပေးခဲ့သည်။ ဆူဟာတို၏ အာဏာရှင်ဆန်သောအုပ်ချုပ်ရေးစနစ်မှ ပြောင်းလဲရာတွင် တီမောလူမျိုးများ အားချယ်လူမျိုးများနှင့် ပါပူဝါတို့၏ အမျိုးမျိုးသောဖိအားများနှင့်

လွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ ဗဟိုအစိုးရသည် ကနဦးအနေနှင့် ယင်းတောင်းဆိုမှုများကိုဖြေရှင်းရန်နှင့် အခြားသော တိုင်းရင်းသားများအတွက်ပါ ယေဘူယျရှုမျှော်ပြီး ဖက်ဒရယ်စနစ်သို့သွားရန် နည်းလမ်းကို ကမ်းလှမ်းခဲ့သည်။ သို့သော်ထိုတိုင်းရင်းသားသုံးမျိုးသည် ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် ပိုမိုဖိအားပေး လာသဖြင့် အစိုးရသည်ပြည်နယ်အသီးသီးအတွက် သီးခြား မူဝါဒများကို ချမှတ်ခဲ့ရသည်။

- အရှေ့တီမောကို လူထုဆန္ဒခံယူပြီး အင်ဒိုနီးရှားနိုင်ငံမှလုံးဝခွဲခြားပေးခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ငံဖြစ်လာကာ အာဏာပိုင်များမှ ကိုယ်ပိုင်မြေယာမူဝါဒများနှင့် ဥပဒေများချမှတ်သည်။
- အားချယ်ပြည်နယ်သည် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ၂၀၀၁ ခုနှစ်ကရရှိခဲ့သော်လည်း အားချယ်လွတ်မြောက်ရေးလှုပ်ရှားမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားကာ အပြည့်အဝလွတ်လပ်ရေးအတွက် ဆက်လက်ဖိအားပေးခဲ့သည်။ ထို့နောက် ၂၀၀၄ ခုနှစ် တွင် ဆူနာမီလှိုင်းရိုက်ခတ်မှုကိုခံခဲ့ရပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးလုပ်ငန်းစဉ်သည် ရပ်တန့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ၂၀၀၁ ခုနှစ် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေကိုအစားထိုးသော 'အားချယ်အုပ်ချုပ်မှု ဥပဒေ' ကို ပြဋ္ဌာန်းခဲ့ပြီး လုပ်ပိုင်ခွင့်များကို ထပ်မံတိုးမြှင့်ပေးခဲ့ကာ အမျိုးသားမြေယာအေဂျင်စီ၏ လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်နှင့် ခရိုင်များသို့ခွဲဝေကျင့်သုံးစေရန် မူဘောင်တစ်ရပ်ချမှတ်ခဲ့သည်။

အားချယ်ကဲ့သို့ပင် ပါပူဝါပြည်နယ်တွင်လည်း ၂၀၀၁ ခုနှစ် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့် ဥပဒေအရ မြေယာဆိုင်ရာလုပ်ပိုင်ခွင့်များအပါအဝင် လုပ်ပိုင်ခွင့်များခွဲဝေရရှိခဲ့သည်။ ပါပူဝါ၏ အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်အရ အင်ဒိုနီးရှားအစိုးရသည် ပြည့်စုံသော လွတ်လပ်စွာအုပ်ချုပ်ခွင့် ပေးထားပြီး ယခင်က တိုင်းရင်းသား လူမျိုးများနှင့် ပေါင်းစပ်ရန် ကြိုးစားသည့်အခြေအနေမှ လိုက်လျောသည့်နည်းလမ်းသို့ ပြောင်းလဲ လာသည်ကို တွေ့ရသည်။ ၂၀၀၁ ခုနှစ် ဥပဒေအရ ပါပူဝါသည် သဘာဝအရင်းအမြစ်များနှင့် မြေယာတို့ကို ပိုမို လွတ်လပ်စွာအုပ်ချုပ်ခွင့်အပါအဝင် အဓိက ကျသောကိစ္စများတွင် အလွန်ပြည့်စုံသော ဒေသအုပ်ချုပ်ခွင့် အာဏာကိုရရှိခဲ့သည်။


### (ဂ) လုပ်ပိုင်ခွင့်အာဏာ ခွဲဝေသုံးစွဲခြင်း

**<u>အကြံပြုချက်</u>**

- ဒေသရှိမြေယာအုပ်ချုပ်ခွင့်ယန္တယားများကို အားဖြည့်ရန်နှင့် ဒေသခံလူထုအား မြေယာဆိုင်ရာ စာရွက်စာတမ်းများ၊ မြေပုံများရရှိစေပြီး မြေယာအငြင်းပွားမှုဖြေရှင်းသည့် လုပ်ငန်းစဉ်များအား ပိုမိုထိရောက်အောင်ဆောင်ရွက်ရန်၊ ဒေသခံများ၏ ပိုင်ဆိုင်မှုနှင့် မြေအတန်းအစား ခွဲခြား ခြင်းဆိုင်ရာအသိအပေါ် အခြေပြုရန်၊ တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူသို့ အသိပညာပေးမှုတို့ကို ပိုမိုကောင်းမွန်စေရန်။

မြေယာစီမံခန့်ခွဲရေးနှင့် နည်းလမ်းများချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းအချို့ကို ဗဟိုချုပ်ကိုင်မှုမှ ဒေသ အစိုးရသို့ဖြစ်စေ ဗဟိုအစိုးရ၏ဌာနခွဲများသို့ဖြစ်စေ လျှော့ချပေးခြင်းသည်၊ မြေယာစီမံခန့်ခွဲမှုစနစ်၏ စွမ်းရည်နှင့် ထိရောက်မှုကို တိုးတက်စေပြီး လုပ်ကွက်ငယ်တောင်သူများနှင့် လုပ်ငန်းများကို ပိုမိုနီးကပ်လာစေကာ မြေယာစီမံခန့်ခွဲမှုစနစ်အား သာမန်လူတစ်ယောက်အနေနှင့် ပိုမိုထိစပ်လွယ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကြေးတိုင်နှင့်မြေစာရင်းအရာရှိများအနေနှင့် သာမန်လယ်ယာမြေမှတ်ပုံတင်ခြင်းအတွက် လုပ်ပိုင်ခွင့်အာဏာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော်လည်း မြေလွတ်မြေရိုင်းအားပြောင်းလဲခြင်း သို့မဟုတ် သစ်တောမြေအား

ပြောင်းလဲခြင်း သို့မဟုတ် မြေသိမ်းခြင်းကိစ္စတစ်ရပ်အားကန့်ကွက်ခြင်းကဲ့သို့ ပိုမိုရှုပ်ထွေးသော ကိစ္စများ အတွက်မူ ဒေသအာဏာပိုင်များသည် ဗဟိုချုပ်ကိုင်မှုပိုရှိသော အထက်သို့ရည်ညွှန်းကြပါသည်။ ထိုသို့ရှုပ်ထွေးသောကိစ္စများသည် လယ်ယာမြေမှတ်ပုံ တင်ခြင်းနှင့်ယှဉ်လျှင် များသောအားဖြင့် တိုင်းဒေသ ကြီး/ ပြည်နယ်အဆင့် သို့မဟုတ် ဗဟိုအဆင့် အာဏာပိုင်များနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်လေ့ ရှိပါသည်။ နမာတိအဖွဲ့ နှင့် CPRCG ၏ ဥပဒေလုပ်ငန်းဝန်ထမ်းများ၏ အတွေ့အကြုံအရ ယခင်ကတည်းက လယ်ယာမြေအဖြစ် အမျိုးအစားခွဲထားပြီးသော မြေများအတွက် လယ်ယာမြေမှတ်ပုံတင်ခြင်းပြုလုပ်လျှင် ဒေသ ဆိုင်ရာမှ ဆုံးဖြတ်ပါသည်။ မည်သို့ဆိုစေ၊ သစ်တောမြေတွင် ပါဝင်ခြင်းကဲ့သို့သော များစွာသောအခြား အမှုကိစ္စများအတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် ဗဟိုသို့ ရည်ညွှန်းမှုများရှိရာ၊ ဖြေရှင်းပေးရန် အမှန် တောင်းဆိုလိုသူ တောင်သူလယ်သမားများအနေနှင့်မူ ပိုမိုခက်ခဲ နေဆဲပင် ဖြစ်ပါသည်။ (ပုံ (၆) ကိုကြည့်ပါ)




ပုံ (၆) အဆင့်မြင့်အာဏာပိုင်များမှ ဖြေရှင်းပေးရန်လိုအပ်သော အမှုများရာခိုင်နှုန်း
(နမာတိအဖွဲ့ ၂၀၁၅)

ကိစ္စရပ်များစွာအတွက် အဆင့်မြင့်အာဏာပိုင်များကို ရှိသေလေးစား ဂါရဝထားရန်မှာ သေချာလှသည်။ (ဆိုလိုသည်မှာအောက်ခြေအဆင့်၏ဆုံးဖြတ်ချက်အတွက် အယူခံသည့်အခါ၊ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများသည် အောက်ခြေအဆင့်တွင် အာဏာပိုင်များအနေနှင့် စည်းခြားထားသောအုပ်စုများကို ခွဲခြား ဆက်ဆံမှုမဖြစ်စေရန် ကာကွယ်ပေးထားသည့်အနေအထားဖြစ်သည်)။ အမှုတစ်ခုကို အထက်အာဏာပိုင်သို့ လွှဲအပ်သည့်အခါတိုင်းတွင် ပို၍ပွင့်လင်းမြင်သာမှုနည်းလာခြင်း၊ တွေ့ထိရန်ပိုမိုခက်ခဲလာခြင်းနှင့် အောက်ခြေ ဒေသအခြေအနေကို နားလည်နိုင်မှု ပိုမိုနည်းလာခြင်းတို့ကိုကြုံရသည်။ သာဓကအနေဖြင့် အိန္ဒိယ နိုင်ငံတွင် ကျေးရွာဘုံမြေများကို ရွာသားများမှအသုံးပြုကြသော်လည်း အစိုးရ၏မြေစာရင်းမှတ်တမ်းများတွင်မူ "မြေရိုင်း" အဖြစ်မှတ်သားထားမှုကို မကြာခဏကြုံတွေ့ရသည်။ အငြင်းပွားမှုဖြစ်ပွားသောအခါ ဒေသအာဏာ ပိုင်များသည် အချင်းဖြစ်ကျေးရွာကိုမမြင်ဖူးသော အဆင့်မြင့်အရာရှိကြီး များထက်ပို၍ လက်ရှိလုပ်ကိုင်နေ သူများကိုသတ်မှတ်ပေးရန် ပို၍ကောင်းမွန်သောအခြေအနေ တွင်ရှိသည်။

အစိုးရအနေနှင့် အချို့သောလုပ်ငန်းတာဝန်များကို ဒေသအဆင့်အဖွဲ့အစည်းများသို့ ဗဟိုထိန်းချုပ်မှုလျှော့ချပြီး အပ်နှင်းသော်လည်း ဘက်မလိုက်ပဲ ဆုံးဖြတ်မှု၊ ပွင့်လင်းမြင်သာမှု၊ ပံ့ပိုးမှုနှင့် ဒေသအဆင့် ဆုံးဖြတ်ချက်ချမှတ်သူများအပေါ်တာဝန်ယူမှုကိုထိန်းသိမ်းထားခြင်း ကဲ့သို့သော တသမတ်တည်းသော လုပ်ငန်းစဉ် များကို ဖန်တီးခြင်းဖြင့် ဗဟိုအစိုးရ၏ အဆင့်သည် ယုတ္တိကျကျကျန်နေသေးသည်။ သာဓကအနေနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် ဒေသအာဏာပိုင်များသည် ဗဟိုထိန်းချုပ်မှုလျှော့ချထားသော မြေယာခွဲဝေမှုအစီအစဉ်၌ လက်မထပ်ထားသောအမျိုးသမီးများအား အကျိုးခံစားခွင့်ရရှိနိုင်မည့်စာရင်းမှ ဖယ်ထုတ်ထားပြီး လိင်ခွဲခြားဘက်လိုက်ခဲ့ရာ နိုင်ငံတော်အဆင့်အာဏာပိုင်များသည် ထိုအမှားကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ရသည်။

တရုတ်နိုင်ငံတွင် မြေယာအပေါ်ထားရှိသည့် မူဝါဒများကို ဗဟိုမှမြင့်မားစွာထိန်းချုပ်ထားသည်။ သို့သော်လည်း ပြည်နယ်ဆိုင်ရာအစိုးရများသည် မြေသိမ်းယူရန်ခွင့်ပြုခြင်း၊ ပဋိပက္ခဖြင့် မဟုတ်ပဲ ဗဟိုဥပဒေများအရ မြေယာသိမ်းယူခြင်းတွင် မြေယာလျော်ကြေးအတွက် တိကျသောစံနှုန်းများ သတ်မှတ် ပေးခြင်းနှင့် ဗဟိုဥပဒေများအရ ဖြစ်ပွားသောဆူပူမှုများကို စောင့်ကြည့်ခြင်းနှင့် တည့်မတ်ပေးခြင်းတို့ကဲ့သို့သော မြေယာစီမံခန့်ခွဲမှုကိစ္စများကို ချုပ်ကိုင် ထားသည်။ သာဓကအနေဖြင့် ဗဟိုဥပဒေတွင် မြေအစိတ်အပိုင်းတစ်ခု၏ နှစ်စဉ်စိုက်ပျိုးရေး ထုတ်လုပ်မှု၏ အဆ (၃၀) ထက်မပိုသော မြေယာလျော်ကြေးပေးရမည်ဟု ပြဌာန်းထားသည်။ ထိုအချက်အရ ပြည်နယ်များသည် ပေးလျော်ရမည့် အဆနှုန်းကို ဆုံးဖြတ်ပေးရမည်ဖြစ်ရာ မြေယာလျော်ကြေးအတွက် ဒေသဆိုင်ရာမှ တာဝန်ရှိမည်ဖြစ်သော်လည်း တိုင်းပြည်အတွင်း မြေယာလျော်ကြေးနှုန်းသည် ကွဲပြားနိုင်သည်။ သာဓကအနေနှင့် ဗဟိုဥပဒေသည် သိမ်းယူသော မြေယာပေါ်တွင် တည်ရှိနေသော သီးနှံများအတွက် မြေယာလျော်ကြေးစံနှုန်းကိုဆုံးဖြတ်ရန် ပြည်နယ်အသီးသီးသို့ လွတ်လပ်စွာ ကိုယ်စားပြုရန် အာဏာလွှဲအပ်ထားပါသည်။

# မှီငြမ်းကိုးကားသည့် စာစုစာရင်း

Anderson, Kristen Ewers. 2011. "Communal Tenure and the Governance of Common Property Resources in Asia: Lessons from Experiences in Selected Countries." Land Tenure Working Paper 20. Food and Agriculture Organization of the United Nations.

Bertrand, Jacques. 2007. "Indonesia's quasi-federalist approach: Accommodation amid strong integrationist tendencies." *International Journal of Constitutional Law* 5: 576-607.

Cheong Poh Kwan and Lau Xin Yi. 2015. "Indonesia's ONE MAP crucial for conflict-free development." *The Nation*, June 12.

Global Witness. 2014. *What Future for the Rubber Industry in Myanmar?* London: Global Witness.

Fitzpatrick, Daniel. 2002. "Land in post-conflict circumstances: some lessons from East Timor." New Issues in Refugee Research Working Paper No. 58. United Nations High Commissioner for Refugees.

Knight, Rachael, and Laura Goodwin. 2014. "Comments on Myanmar National Land Use Policy (Draft): A Memorandum to Government of Myanmar, Land Use Allocation and Scrutinizing Committee." Yangon: Namati. http://namati.org/wp-content/uploads/2015/01/Namati-Memo-on-Myanmar-National-Land-Use-Policy.pdf.

Lipton, Michael. 2009. *Land Reform in Developing Countries: Property Rights and Property Wrongs*. New York: Routledge.

Lipton, Michael. 1977. *Why Poor People Stay Poor: Urban Bias in Development*. Cambridge: Harvard University Press.

Mark, SiuSue, 2015. "Are the Odds Stacked Against Them? Challenges and Opportunities to Secure Land Claims by Smallholder Farmers in Myanmar." Paper presented at the World Bank Conference on Land and Poverty, Washington, DC, March 23-27.

May, Bernhard. 2008. "The Law on the Governing of Aceh: The Way Forward or the Source of Conflicts?" *Accord* 20: 42-45.

Meinzen-Dick, Ruth, Monica D Gregorio, and Stephan Dohrn. 2008. "Decentralization, Pro-poor Land Policies, and Democratic Governance." Collective Action and Property Rights Working Paper No. 80. International Food Policy Research Institute.

*Orissa Diary*. 2011. "Orissa Government to follow uniform land classification." July 11. http://www.orissadiary.com/CurrentNews.asp?id=27821.

Prosterman, Roy L. 2013. "Enhancing Poor Rural Women's Land Rights in the Developing World." *Journal of International Affairs* 67: 147-64.

Prosterman, Roy L., Robert Mitchell, and Tim Hanstad, eds. 2009. *One Billion Rising: Law, Land and the Alleviation of Global Poverty*. Leiden: Leiden University Press.

Prosterman, Roy L., and Jeffery M. Riedinger. 1987. *Land Reform and Democratic Development*. Baltimore: The Johns Hopkins University Press.

Prosterman, Roy L., Mary N. Temple, and Tim Hanstad, eds. 1990. *Agrarian Reform and Grassroots Development: Ten Case Studies*. Boulder: Lynne Rienner.

Ravidran, Shruti. 2015. "Indian land bill: 'We're losing not just land, but a whole generation of farmers." *The Guardian*, May 12.

Samsudin, Salfarina, Jasmine Lay-Cheng Lim, and William McCluskey. 2014. "Decentralisation and Good Governance in Land Administration Systems." Paper presented at International Federation of Surveyors (FIG) Congress, *Engaging the Challenges – Enhancing the Relevance*, Kuala Lumpur, June 16-21.

Stein, Danielle, and Bert Suykens. 2014. "Land Disputes and Settlement Mechanisms in Nepal's Terai." Justice and Security Research Programme Paper 12a. Justice and Security Research Programme and The Asia Foundation.

Studwell, Joe. 2013. *How Asia Works: Success and Failure in the World's Most Dynamic Region*. London: Profile Books Limited.

United Nations Human Settlement Programme (UN Habitat), University of Twente, and Global Land Tool Network. 2012. *Designing a Land Records System for the Poor: Secure Land and Property Rights for All*. Report 2/2012. Nairobi: UN Habitat.

Williamson, Ian P. 2000. "Best Practices for Land Administration Systems in Developing Countries. Paper presented at International Conference on Land Policy Reform, Jakarta, July 25-27.